ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်၊ အင်္ဂါနေ့ (16-4-2013) (၇၄၅၇)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အစ္စရေးနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၆

၂၀၁၃ ခုနှစ် ဧပြီ ၁၆ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အစ္စရေးနိုင်ငံ သမ္မတ မစ္စတာ ရှိမွန်ပဲရက်စ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

၁၅-၄-၂၀၁၃

ချောက်	၄၆	ဒီဂရီစင်တီဂရိတ်
မြင်းခြံ	၄၄	ဒီဂရီစင်တီဂရိတ်
ညောင်ဦး	၄၄	ဒီဂရီစင်တီဂရိတ်
မုံရွာ	၄၃	ဒီဂရီစင်တီဂရိတ်
မကွေး	၄၃	ဒီဂရီစင်တီဂရိတ်
အောင်လံ	၄၃	ဒီဂရီစင်တီဂရိတ်

၁၃၇၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ရေသဘင်ပွဲ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း ပါဝင်ဆင်နွှဲ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် မြက်ခင်းပြင်၌ ကျင်းပသည့် ၁၃၇၄ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ရေသဘင်ပွဲတော်၌ ပါဝင်ဆင်နွှဲကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၁၅

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ယနေ့ (မဟာသင်္ကြန်အကြတ်နေ့) နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် မြက်ခင်းပြင်၌ ကျင်းပသည့် ၁၃၇၄ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ရေသဘင်ပွဲတော်၌ ပါဝင်ဆင်နွှဲကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် နံနက် ၉ နာရီတွင် သမ္မတအိမ်တော်ဝင်း မိသားစု မဟာသင်္ကြန်ရေကစားမဏ္ဍပ်သို့ ရောက်ရှိလာကြရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများနှင့် နိုင်ငံတော်သမ္မတရုံးမိသားစုများက အောင်စံပယ်ပန်းကုံးများဖြင့် ဂါရဝပြုကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ မိသားစုများနှင့်အတူ ယိမ်းအဖွဲ့များ၊ အနုပညာရှင်များနှင့် တေးသံရှင်များ၏ ခါသင်္ကြန် အဆိုအကများဖြင့် သီဆိုကပြ ဖျော်ဖြေမှုကိုလည်းကောင်း၊ သရုပ်ဆောင်မျိုးမျိုးခိုင်ဦးစီးသည့် "ရှင်လိမ်တာတွေသိပြီ" သင်္ကြန်သံချပ်အဖွဲ့၏ ခေတ်ကိုထင်ဟပ်သည့် သင်္ကြန်သံချပ်များဖြင့် ဖျော်ဖြေတင်ဆက်မှုကိုလည်းကောင်း ကြည့်ရှု၍ လိုက်လိုက်လှဲလှဲ အားပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ ဒုတိယသမ္မတနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌတို့က တက်ရောက်လာကြသူများနှင့် အနုပညာရှင်များအား အတာရေဖြင့် ပက်ဖျန်းကြသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့

ကြေးမုံ စာတည်းရှုထောင့် ၁၆-၄-၂၀၁၂၊ အင်္ဂါနေ့

နှစ်သစ်မင်္ဂလာ

မြန်မာ့လူ့အဖွဲ့အစည်း၏ ရိုးရာဓလေ့တစ်ရပ်မှာ နှစ်သစ်ကူးအတာသင်္ကြန်ကာလတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နေရာဒေသအနှံ့အပြားမှ မြန်မာနိုင်ငံသားအားလုံး အယုတ်အလတ် အမြတ်မရွေး၊ အသက်အရွယ်ကြီးငယ်မရွေး စည်ကားသိုက်မြိုက်စွာ ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲကြသည့် ရေသဘင်ပွဲတော်ကာလ ဖြစ်ပါသည်။

ထိုနှစ်သစ်မင်္ဂလာ အခါကာလတွင် နိုင်ငံတော်သမ္မတကြီးက "ယခုနှစ်သစ်မင်္ဂလာမှာ ကျွန်တော့်အနေနဲ့ ပြည်သူလူထုတစ်ရပ်လုံးကို အဓိကပြောကြားလိုတာကတော့ ယခင်နှစ်က ဒီမိုကရေစီကြိုးပမ်းမှုဖြစ်စဉ်နှင့်အတူ လူမှုရေးအထင်အမြင်လွဲမှားမှုတွေကနေတစ်ဆင့် ပေါ်ပေါက်ခဲ့တဲ့ စိတ်ဝမ်းကွဲပြားမှုတွေ၊ ပဋိပက္ခဖြစ်မှုတွေနဲ့ မတည်ငြိမ်မှုတွေဆိုတဲ့ အမည်းစက်တွေကို အတာသင်္ကြန်ရေနဲ့ ဆေးကြောသန့်စင်ပြီး မင်္ဂလာရှိတဲ့ ကိစ္စရပ်တွေ၊ ပျော်ရွှင်ဖွယ်ကိစ္စရပ်တွေ၊ တည်ငြိမ်အေးချမ်းရေးကိုဦးတည်တဲ့ ကိစ္စရပ်တွေနဲ့ ပြည့်လျှမ်းနေတဲ့ မြန်မာနိုင်ငံအဖြစ် လာမည့်နှစ်သစ်မှာ မြင်တွေ့လိုကြောင်း" တိုက်တွန်းပြောကြားထားခဲ့ပေသည်။

နိုင်ငံတော်သမ္မတကြီး၏ အတာသင်္ကြန်နှစ်သစ်ကူး မိန့်ခွန်းနှင့်အညီ နိုင်ငံသားအားလုံးက နိုင်ငံတော်သစ်ဖြစ်တည်လာစေရန် ကြိုးပမ်းတည်ဆောက်ရာ၌ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအပြောင်းအလဲများ အောင်မြင်စေရန်အတွက် မြန်မာ့ရိုးရာအတာသင်္ကြန်၏အနှစ်သာရဖြစ်သည့် မေတ္တာတရားကိုအခြေခံသော တည်ငြိမ်အေးချမ်းမှုကို အခိုင်အမာ တည်ဆောက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတကြီးက မိမိတို့လူ့အဖွဲ့အစည်းတွင် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ လူမှုဓလေ့စရိုက်မျိုးစုံရှိပြီး ပြည်သူအားလုံး သဟဇာတရှိရှိ အတူယှဉ်တွဲနေထိုင်ခဲ့သည့် အမျိုးသားရေးနှင့်သက်ဆိုင်သော သမိုင်းကြောင်းအစဉ်အလာကိုအခြေခံ၍ ပြောကြားခဲ့ခြင်းဖြစ်ပေသည်။

ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းသည် အခက်အခဲအကျပ်အတည်းများနှင့် စိန်ခေါ်မှုများစွာတို့ကို အတူလက်တွဲ၍ ကျော်လွှားခဲ့ကြပြီးဖြစ်သည်။ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ အယူအဆပေါင်းစုံ သဟဇာတရှိရှိ နေထိုင်ခဲ့ကြသောကြောင့် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုင်ဆိုင်ထားသည့် လူမှုအဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်မာစွာရပ်တည်နေထိုင်ခြင်းဖြစ်ပါသည်။

ယနေ့အချိန်အခါသည်ကား ပိုမိုပွင့်လင်းလွတ်လပ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို တည်ဆောက်နေသော အချိန်အခါဖြစ်ပါသည်။ အနာဂတ်တွင် ကြုံတွေ့ရမည့် အခက်အခဲအကျပ်အတည်းများနှင့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကျော်လွှားရန်အတွက် အမျိုးသားစည်းလုံးညီညွတ်မှုကိုအခြေခံသည့် စာနာမှုများ၊ ထိန်းညှိမှုများ၊ ညှိနှိုင်းမှုများ၊ မေတ္တာတရားများဖြင့် တည်ဆောက်ကြမှသာ အောင်မြင်မှုတို့နှင့်အတူ အနာဂတ်နှစ်သစ်များ ပိုမိုမင်္ဂလာကျက်သရေရှိလာမည်ဖြစ်ပါသည်။

ဒီမိုကရေစီနိုင်ငံသစ်ကို လက်တွဲတည်ဆောက်ထားမှု နှစ်နှစ်တာကာလအား ပြန်ပြောင်းကြည့်လျှင် မမျှော်မှန်းနိုင်သည့် အောင်မြင်တိုးတက်မှုများကို ရရှိခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်သကဲ့သို့ ဒီမိုကရေစီခရီးလမ်းကို အရှည်သဖြင့်တည်ဆောက်နိုင်ရန်အတွက် ရရှိထားသောအောင်မြင်မှုများကို ထိန်းသိမ်းပြီး နစ်နာဆုံးရှုံးမှုများကို သင်ခန်းစာယူကာ အနာဂတ်တွင် ကြုံတွေ့ရမည့်စိန်ခေါ်မှုများစွာကို မင်္ဂလာရှိစွာ ရင်ဆိုင်ကျော်လွှားကြဖို့ ပြင်ဆင်ထားကြရမည်ဖြစ်ပါသည်။

ဖော်ပြပါ နိုင်ငံတော်သမ္မတကြီး၏ နှစ်သစ်ကူးတိုက်တွန်းချက်များကို တန်ဖိုးထားလေးစားလျက် ယခုလို လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ ဆုံစည်းကြသော နှစ်သစ်ကူးအတာရေသဘင်ပွဲတော်ကာလတွင် ပြီးခဲ့သမျှ၊ ဖြစ်ခဲ့သမျှကို သင်္ကြန်ရေဖြင့်လျှော်ဖွပ်ကာ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးပြီး မေတ္တာထားကြသည့် ပြယုဂ်တို့ဖြင့် ဦးစွာသက်သေပြကြရမည်ဖြစ်သည်။

သို့မှသာ မင်္ဂလာရှိသော နှစ်သစ်ကာလမှစ၍ မေတ္တာတရားကို အခြေခံသည့် တည်ငြိမ်အေးချမ်းမှုများဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို အခိုင်အမာ တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီနှင့်ကုလားပဲ ဆက်ကပ်လှူဒါန်း

ရန်ကုန် ဧပြီ ၁၅

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရှိ စစ်ကိုင်းစာသင်တိုက်၊ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ပစ္စိမာရုံပဋ္ဌိတက္ကသိုလ်ကျောင်းတိုက်နှင့် အရိယမဏ္ဍိုင်စာသင်တိုက်တို့သို့ သွားရောက်ပြီး ကျောင်းတိုက်ပဓာနနာယကဆရာတော်များနှင့် သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီနှင့်ကုလားပဲတို့ကို ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်တွေမဟာသင်္ကြန် နံ့သာသွေးပြိုင်ပွဲ

စစ်တွေ ဧပြီ ၁၅

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် နံ့သာသွေးပြိုင်ပွဲကို သင်္ကြန်အကြိုနေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ ဖိတ်ကြားထားသောမြို့မိမြို့ဖများနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

နံ့သာသွေးပြိုင်ပွဲကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ မဟာသင်္ကြန်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်း၊ နံ့သာသွေးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးသာလှရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ နံ့သာသွေးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ လျှပ်စစ်နှင့်စက်မှုဝန်ကြီးက နံ့သာသွေးပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ၁၃၇၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် နံ့သာသွေးပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲဝင် အသင်း ၄၃ သင်းပါဝင်ပြီး တစ်သင်းလျှင် ပြိုင်ပွဲဝင် ငါးဦးစီဖြင့် တစ်ကြိမ်လျှင် ငါးသင်းစီ ယှဉ်ပြိုင်ကြသည်။ နံ့သာသွေးပြိုင်ပွဲကို ဧပြီ ၁၄ ရက်ထိ ကျင်းပခဲ့သည်။ **တောသားစံ(စစ်တွေကိုယ်ပွား)**

ညောင်ဦးမြို့နယ် သူကောင်းတည်မြစ်ရေတင်ကြောင့် ဆောင်းမြေပဲစိုက်တောင်သူများ အမြတ်အစွန်းရရှိ

ညောင်ဦး ဧပြီ ၁၅

ညောင်ဦးမြို့နယ် သူကောင်းတည်မြစ်ရေတင်စီမံကိန်းဧရိယာတွင် ဆောင်းမြေပဲများ စိုက်ပျိုးလျက်ရှိရာ အောင်မြင်ဖြစ်ထွန်း လျက်ရှိသည်။ ယခုအချိန်တွင် ရိတ်သိမ်းပြီးစီးပြီး **(ဓါတ်ပုံ)** အရင်းအမြတ်တွက်ချက်ပြီးကြောင်း သိရသည်။

ဆောင်းပဲစိုက်တောင်သူများသည် ပဲစိုက်ပျိုးချိန်က ဆောင်းမြေပဲဆန် တစ်တင်းလျှင် ငွေကျပ် ၃၅၀၀၀ ဈေးပေးစိုက်ရသည်။ ရေတင်ပြီးစိုက်ရသည့်အတွက်ကြောင့် ရေတင်ခနှုန်းမှာ တစ်နာရီလျှင် ကျပ် ၃၀၀၀ ကျပြီး တစ်တင်းလျှင် ၁၅ နာရီခန့် သွင်းရသည်။ ရေတင်ခ ကျပ် ၄၅၀၀၀ ကုန်ကျပြီး ဆောင်းမြေပဲဆန် တစ်တင်းစိုက်လျှင် ကျပ် ၈၀၀၀၀ ကုန်သည်။ ယာထွန်ခ၊ ပေါင်းသင်ခနှင့်ဆိုလျှင် ဆောင်းမြေပဲ တစ်တင်းကို အရင်းအနှီး ငွေကျပ် တစ်သိန်းကုန်သည်။

ယခု ဆောင်းမြေပဲပေါ်ချိန်တွင် တစ်တင်းစိုက်လျှင် အနည်းဆုံး ပဲအတောင့် ၃၅ တင်းမှ အများဆုံး တင်း ၅၀ ထွက်ရှိကာ တစ်တင်းလျှင် ငွေကျပ် ၈၀၀၀ နှုန်းရောင်းရသည်။ တောင်သူများ ဆောင်းမြေပဲ စိုက်ပျိုးမှုမှာ တွက်ခြေကိုက်လှသည်။ ဆောင်းမြေပဲစိုက်တောင်သူများ တွက်ခြေကိုက်သည့်အတွက် လာမည့်နှစ်မှာလည်း ဆောင်းမြေပဲစိုက်ရန် တောင်သူများ စိတ်ဝင်စားလျက်ရှိကြောင်း အောက်ညဉ့်ရွာ တောင်သူတစ်ဦးထံမှ သိရသည်။ ထို့ကြောင့် ဆောင်းမြေပဲစိုက်တောင်သူများ အမြတ်အစွန်းရရှိပြီး တွက်ခြေကိုက်ကြောင်းလည်း တောင်သူများထံမှ သိရသည်။

ဦးကျော်ငွေး(ညောင်ဦး)

ပြည်တွင်းရေးရာ

ကြည့်ရှုအားပေး နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များ ခါသင်္ကြန်အဆိုအကများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်း ၁၃၇၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ရေသဘင်ပွဲတော်၌ တက်ရောက်လာကြသူများအား အတာရေပက်ဖျန်းစဉ်။ (သတင်းစဉ်)

●ရွှေဖုံးမှ

သမ္မတအိမ်တော်ဝင်း ရေတစားမဏ္ဍပ်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၊ ဝန်ကြီးဌာနများနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီကမှ ယိမ်းအဖွဲ့များနှင့် တေးသံရှင်များ၊ ရုပ်ရှင်အနုပညာရှင်များနှင့် တေးသံရှင်များက ခါသင်္ကြန်တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် မြန်မာ့ရိုးရာ မဟာသင်္ကြန်ရေသဘင်ပွဲတော်အား တက်ရောက်လာကြသူများနှင့်အတူတကွ ဆင်နွှဲကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ ဒုတိယသမ္မတနှင့်ဇနီး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ဇနီးတို့က သီဆိုကပြဖျော်ဖြေကြသည့် ယိမ်းအဖွဲ့များ၊ အနုပညာရှင်များနှင့် သင်္ကြန်သံချပ်အဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၆-၄-၂၀၁၃ (အင်္ဂါနေ့) (မဟာသင်္ကြန်အတက်နေ့)

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်၊ မေ့ပဇာတေး
၈း၂၅	ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဥက္ကဋ္ဌဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဗန်းမော်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ထံမှ နဝဝ်ဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၉း၀၀	၁၃၇၄ ခုနှစ် မဟာသင်္ကြန် အတက်နေ့ ရန်ကုန်သင်္ကြန်မြင်ကွင်းတိုက်ရိုက် တုတ်လွှင့်မှုအစီအစဉ်
၁၁း၁၅	ခါသင်္ကြန်အဆိုအကများ
၁၁း၄၀	၁၃၇၄ ခုနှစ် မဟာသင်္ကြန် အတက်နေ့ နေပြည်တော် သင်္ကြန်မြင်ကွင်း တိုက်ရိုက်တုတ်လွှင့်မှုအစီအစဉ်
၁၁း၂၀	၁၃၇၄ခုနှစ် မဟာသင်္ကြန်အတက်နေ မန္တလေးသင်္ကြန်မြင်ကွင်း တိုတ်ရိုက်တုတ်လွှင့်မှုအစီအစဉ်
၁၂း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၆း၀၀	ပြည်တွင်းသတင်း မိုးလေဝသ သတင်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း ၁၃၇၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ရေသဘင်ပွဲတော်၌ ထက်ရောက်လာကြသူများအား အတာရေပက်ဖျန်းစဉ်။ (သတင်းစဉ်)

ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းပေါ်ရှိ ဟိုတယ်ရွှေဂုံတိုင်ရေကစားမဏ္ဍပ်၌ ဧပြီ ၁၅ ရက်တွင် ပျော်ရွှင်စွာ ရေကစားနေကြစဉ်။ (ကြေးမုံ)

ဗင်နီဇွဲလားသမ္မတရွေးကောက်ပွဲကျင်းပပြီးစီး

ဟူဂိုချာဗက်ဇ်အားဆက်ခံသူ မာဒူရို အနိုင်ရ

ဗင်နီဇွဲလားသမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိသူ နီကိုလပ်စ်မာဒူရိုအား တွေ့ရစဉ်။

ကရာကတ်စ် ဧပြီ ၁၅

ဗင်နီဇွဲလားနိုင်ငံ၏ သမ္မတသစ်ရွေးချယ်ရေးအတွက် မဲဆန္ဒပေးပွဲ ကျင်းပပြီးစီးသွားပြီဖြစ်ပြီး ကွယ်လွန်သူသမ္မတ ဟူဂိုချာဗက်ဇ်အားဆက်ခံသူ ဆိုရှယ်လစ်ပါဒီ နီကိုလပ်စ်မာဒူရိုက ပြိုင်ဘက်အပေါ် နှာတစ်ဖျားအသာဖြင့် အနိုင်ရသွားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ရွေးကောက်ပွဲရလဒ်များအရ မာဒူရိုက ဆန္ဒမဲအားလုံး၏ ၅၀ ဒသမ ၇ ရာခိုင်နှုန်းရရှိပြီး ၎င်း၏ပြိုင်ဘက် ဟင်နရိကာပရိလက်စ်က ဆန္ဒမဲ ၄၉ ဒသမ ၀ ရာခိုင်နှုန်းရရှိသည်။

မစ္စတာ ကာပရိလက်စ်က ဆန္ဒမဲများကို ပြန်လည်ရေတွက်ရန်တောင်းဆိုလိုက်ပြီး လက်ရှိအခြေအနေတွင် မစ္စတာ မာဒူရို တရားမဝင်လုပ်ဆောင်မှုပေါင်း တနင့်တပိုးရှိနေသည်ဟု ပြောကြားသည်။

ဧပြီ၁၄ရက် မဲပေးပွဲတွင် မဲမသမာမှုအရေအတွက်ပေါင်း၃၀၀၀၀၀ကျော်ရှိပြီး ၎င်းတို့အားပြန်လည်စစ်ဆေးရန် လိုအပ်မည်ဟု ၎င်းကပြောကြားသည်။

ဧပြီ ၁၄ ရက်ညနေခင်းပိုင်းတွင် ဗင်နီဇွဲလား ရွေးကောက်ပွဲကောင်စီက သမ္မတရွေးကောက်မှုရလဒ်ကိုကြေညာခဲ့ပြီး ၎င်းတို့အနေဖြင့်ပြုပြင်ပြောင်းလဲရန်မရနိုင်သော အပြီးသတ်ဆုံးဖြတ်ချက်ချပြီးဖြစ်ကြောင်း ပြောကြားသည်။

မစ္စတာမာဒူရိုသည် ပြိုင်ဘက် ကာပရီလက်စ်ကို အနိုင်ရရာတွင် မဲရရှိမှုရာခိုင်နှုန်းကွာဟချက်အနည်းငယ်သာရှိခဲ့သည်။ ယမန်နှစ် အောက်တိုဘာလအတွင်းက ကျင်းပခဲ့သော ဗင်နီဇွဲလားသမ္မတ ရွေးကောက်ပွဲတွင် ကွယ်လွန်သူ သမ္မတ ဟူဂိုချာဗက်ဇ်က ၎င်း၏ပြိုင်ဘက် ကာပရီလက်စ်အား မဲဆန္ဒအရေအတွက် ၁၀ ရာခိုင်နှုန်းကျော်အသာဖြင့် အနိုင်ရခဲ့ဖူးသည်။

အေပီ။

တောင်ကိုရီးယား ကုန်သွယ်ရေးလုပ်ငန်း တိုးတက်လျက်ရှိ

ဆိုးလ် ဧပြီ ၁၅

တောင်ကိုရီးယားနိုင်ငံသည် ၁၄လဆက်တိုက် ကုန်သွယ်ရေးလုပ်ငန်း တိုးတက်ခဲ့ကြောင်း၊ ပို့ကုန်တင်ပို့မှု လျော့နည်းသွားသော်လည်း သွင်းကုန်လျော့ချခဲ့သဖြင့် ကျားကန်နိုင်ခဲ့ကြောင်း အကောက်ခွန်ဌာနက ဧပြီ ၁၅ရက်တွင် ဖော်ပြသည်။

ပို့ကုန်မှ ပြီးခဲ့သောလက အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၄ ဘီလီယံရရှိခဲ့ကာနှစ်အလိုက် နှိုင်းယှဉ်ချက်အရသည့် ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ သွင်းကုန်မှာ ၂ ရာခိုင်နှုန်းလျော့ကျခဲ့ပြီး အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၀ ဘီလီယံဖိုးရှိကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။

အမေရိကန်၊ ဂျပန်၊ ဥရောပသမဂ္ဂနိုင်ငံများ(အီးယူ)တို့သို့ မတ်လတွင် တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန် ၁၆ ဒသမ ၀၊ ၁၈ဒသမ ၂နှင့် ၈ ဒသမ ၄ ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့ကြောင်း၊ တရုတ်သို့ ၆ ရာခိုင်နှုန်းနှင့် အရှေ့တောင်အာရှ နိုင်ငံများသို့ ၈ ဒသမ ၃ ရာခိုင်နှုန်း တိုးမြင့်တင်ပို့နိုင်ခဲ့ကြောင်း သိရှိရသည်။

ဆင်ဟွာ။

ကင်အီဆွန်း၏ မွေးနေ့အထိမ်းအမှတ် အခမ်းအနား မြောက်ကိုရီးယား၌ ကျင်းပ

ပြုံယမ်း ဧပြီ ၁၅

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအစီအစဉ်များနှင့်ပတ်သက်၍ တင်းမာမှုများ ဆက်လက်ဖြစ်ပွားနေဆဲမှာပင် ဧပြီ ၁၅ ရက်တွင်ကျရောက်သည့် မြောက်ကိုရီးယားနိုင်ငံ ထူထောင်သူ ခေါင်းဆောင်ကြီး ကင်အီဆွန်း၏ (၁၀၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အခမ်းအနားကို ပြုံယမ်းမြို့တွင်ကျင်းပခဲ့ကြောင်း ယနေ့သတင်းများ၌ဖော်ပြသည်။

မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်သည် ပြုံယမ်းမြို့ရှိ ၎င်း၏ အဘိုးဖြစ်သူ ကင်အီဆွန်းနှင့် ၎င်း၏ဖခင် ကင်ဂျုံအီတို့၏ အထိမ်းအမှတ် ဗိမာန်သို့လာရောက်ခဲ့ကြောင်းမြောက်ကိုရီးယားအစိုးရ သတင်းဌာနမှ သတင်းထုတ်ပြန်သည်။

မကြာသေးမီ ရက်သတ္တပတ်များအတွင်းကပင် တောင်ကိုရီးယား၊ ဂျပန်နှင့် ဒေသအတွင်းရှိ အမေရိကန်စစ်အခြေစိုက်စခန်းများအား တိုက်ခိုက်မည်ဟု မြောက်ကိုရီးယားနိုင်ငံက ခြိမ်းခြောက်ခဲ့သည်။ ကိုရီးယားကျွန်းဆွယ်တင်းမာမှုများသည် ယခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြုလုပ်ခဲ့သော မြောက်ကိုရီးယား၏ တတိယအကြိမ်မြောက် အဏုမြူ စမ်းသပ်ဖောက်ခွဲမှုအပြီးတွင် မြင့်တက်လာခဲ့ပြီး ယင်းအဏုမြူ စမ်းသပ်ဖောက်ခွဲမှုအကျိုးဆက်အဖြစ် မြောက်ကိုရီးယားနိုင်ငံအပေါ် ကုလသမဂ္ဂကအရေးယူပိတ်ဆို့မှုများချမှတ်ခဲ့သည်။

ယင်း အခြေအနေများကြောင့် မြောက်ကိုရီးယားတို့ အနေဖြင့် ကင်အီဆွန်း၏မွေးနေ့တွင် ဒုံးပျံ စမ်းသပ်ပစ်လွှတ်လိမ့်မည်ဟူသောထင်ကြေးပေးပြောကြားမှုများလည်း ရှိခဲ့သည်။

ယမန်နှစ်က ကျရောက်ခဲ့သော ကင်အီဆွန်း၏ အသက်နှစ်(၁၀၀)ပြည့် မွေးနေ့တွင် မြောက်ကိုရီးယားနိုင်ငံက အာကာသတွင်းသို့ ဂြိုဟ်တုတစ်လုံး လွှတ်တင်ရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။

မြောက်ကိုရီးယား ခေါင်းဆောင် ကင်အီဆွန်းသည် ၁၉၉၄ ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီး ၎င်း၏ အရိုက်အရာကိုသားဖြစ်သူ ကင်ဂျုံအီက ဆက်ခံခဲ့ကာ ၂၀၁၁ ခုနှစ်တွင် ကင်ဂျုံအီမှာလည်း ကွယ်လွန်ခဲ့သည်။

ရိုက်တာ။

မြို့တော် ပြုံယမ်းရှိ ကင်အီဆွန်းအထိမ်းအမှတ် ဗိမာန်ကို တွေ့ရစဉ်။

အီရတ်နိုင်ငံရှိ မြို့များတွင် အားဖုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွား ရာ့ဒါဇင်ချီ၍ သေဆုံး

ဘဂ္ဂဒက် ဧပြီ ၁၅

အီရတ်နိုင်ငံရှိ မြို့များတွင် ဧပြီ ၁၅ ရက် နံနက်ပိုင်းက ကားဗုံးပေါက်ကွဲသဖြင့် သေဆုံးမှု သိမဟုတ် ဒဏ်ရာရရှိမှု ဒါဇင်ချီ၍ဖြစ်ပွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အီရတ်နိုင်ငံမြောက်ပိုင်းရှိ နေရာ အသီးသီးတွင် ကားဗုံးသုံးလုံးပေါက်ကွဲကြောင်း၊ မြို့တော်ဘဂ္ဂဒက်မြောက်ဘက်မှ ကီလိုမီတာ ၂၀၀ ခန့်ကွာဝေးသော တပ်ဇ်-ခါဖာတိုမြို့ရှိ နေရာအချို့တွင် ဖြစ်ပွားခြင်းဖြစ်ပြီး လူသုံးဦးသေဆုံး၍ ၄၂ ဦးဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့မှ တာဝန်ရှိသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဘဂ္ဂဒက်မြောက်ဘက်မှ ကီလိုမီတာ ၂၅၀ ကွာဝေးသော ကယ်ကွတ်မြို့တွင် ကားဗုံးသုံးလုံးပေါက်ကွဲရာ တစ်ဦးထက်မနည်းသေဆုံး၍ ၁၄ ဦး ဒဏ်ရာရရှိကြောင်း ၎င်းကပြောကြားသည်။

ဒဏ်ရာရ

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် တောင်ဘက် ၃၇၅ ကီလိုမီတာကွာဝေးသော နက်စ်ဆရီယတ်ချ်မြို့တွင် ကားဗုံးနှစ်လုံး ပေါက်ကွဲသဖြင့် ၁၄ ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြောက်ဘက်မှ ကီလိုမီတာ ၁၀၀ ကွာဝေးသော ဒီဝါမြို့အနီးရှိ ရဲတပ်ဖွဲ့ လုံခြုံရေးစစ်ဆေးရေးဂိတ်တွင် လူတစ်ဦးက အသေခံဗုံးတစ်လုံးဖောက်ခွဲလိုက်ရာ ရဲတပ်ဖွဲ့ဝင် ၁၃ ဦးဒဏ်ရာ ရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အခင်းဖြစ်ပွားရာ နေရာများတွင် အရေးပေါ် လူနာတင်ကားများနှင့် အရပ်သားကားများ ရောက်ရှိလာပြီး ဒဏ်ရာရရှိသွားသူများအား ဆေးရုံများ၊ ဆေးကုဌာနများသို့ ပို့ဆောင်ပေးလိုက်ရကြောင်း၊ ဒဏ်ရာရသူများအနက် ဒဏ်ရာပြင်းထန်သူများ ပါဝင်သဖြင့် သေဆုံးသူဦးရေ ထပ်မံတိုးလာနိုင်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆင်ဟွာ။

ပတ်ပွယ်အရုံရုံ နိုင်ငံတကာသတင်းအုံမှုံ

တစ်ကမ္ဘာလုံးဆိုင်ရာ စစ်အသုံးစရိတ်လျော့ကျ

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများ၏ စစ်ဘက်ဆိုင်ရာအသုံးစရိတ်မှာ ၁၉၉၈ ခုနှစ်ကတည်းက မြင့်တက်လာခဲ့ရာ ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်တွင် ပထမဆုံး အကြိမ်အဖြစ် လျော့ကျခဲ့ကြောင်း စတော့ဟုမ်းအပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး သုတေသန သိပ္ပံတက္ကသိုလ်၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။ ၂၀၁၂ ခုနှစ် အတွင်း တစ်ကမ္ဘာလုံးဆိုင်ရာ စစ်အသုံးစရိတ်မှာ အမေရိကန် ဒေါ်လာ ၁ ဒသမ ၇၅ ထရီလီယံရှိပြီး ၂၀၁၁ ခုနှစ်အတွင်း အသုံးစရိတ် အောက် သည ဒသမ ၅ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ တစ်ကမ္ဘာလုံးအတိုင်း အတာအရ စစ်အသုံးစရိတ်မှာ လျော့ကျခဲ့သည်ဆိုသော်လည်း တရုတ်၊ ရုရှားနှင့် အိမ်နီးနိုင်ငံများ၏ စစ်အသုံးစရိတ်မှာမူ မြင့်တက်ခဲ့သည်။ တရုတ်၏ စစ်အသုံး စရိတ်မှာ ၇ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ရုရှား၏ စစ်အသုံးစရိတ်မှာ ၁၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကာ အိမ်နီး၏စစ်အသုံးစရိတ်မှာ ၅၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်ဟု အဆိုပါ တက္ကသိုလ်က ဆိုသည်။

အတွင်းခံဖော်ဝတ်ခြင်းကို လူဝီစီယားနားပြည်နယ်၌ တားမြစ်

ဘောင်းဘီရှည်ကို လျှောတိလျှောရဲဝတ်ကာ အပေါ်အကျီ်ခါးတိုဝတ်ဆင်ခြင်း ဖြင့် အတွင်းခံဘောင်းဘီပေါ်အောင် ဝတ်ဆင်သောဖက်ရှင်ကို အမေရိကန် ပြည်ထောင်စု လူဝီစီယားနားပြည်နယ် ထရီဘွန်နီ ပါရစ်မြို့၌ တားမြစ်သွား မည်ဖြစ်ကြောင်း သိရသည်။ တစ်စုံတစ်ယောက်သောသူသည် အများပြည်သူ ဆိုင်ရာနေရာများ၌ သွားလာမပြုရာတွင် ယင်းသို့ အတွင်းခံဖော်ဝတ်ဖက်ရှင်ကို ကျင့်သုံးမည်ဆိုပါက ပထမအကြိမ်အဖြစ် ဒဏ်ငွေ ဒေါ်လာ ၅၀ ပေးဆောင်ရ မည်ဖြစ်ပြီး အဆိုပါပုဂ္ဂိုလ်/အမျိုးသမီးက ဒုတိယအကြိမ် ထပ်မံဝတ်ဆင်ပါက ဒဏ်ငွေဒေါ်လာ ၁၀၀ အပြင် လူမှုကူညီရေးလုပ်ငန်းကို ၁၆ နာရီလုပ်ဆောင်ရ မည်ဖြစ်သည်ဟု သိရသည်။

ဘိန်းစိုက်ပျိုးမှုနှုန်း အာဖဂန်၌ မြင့်တက်

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဘိန်းစိုက်ပျိုးမှုနှုန်းမှာ စံချိန်တင်မြင့် တက်လာခဲ့ကြောင်း ဧပြီ ၅ ရက်က ထုတ်ပြန်သော ကုလသမဂ္ဂအဖွဲ့၏ အစီရင်ခံစာတစ်ခု၏ အဆိုအရ သိရသည်။ ဘိန်းစိုက်ပျိုးမှုအများဆုံးနေရာ မှာတာလီဘန်တို့ ကြီးစိုးထားသည့် နိုင်ငံတောင်ပိုင်းတွင်ဖြစ်ကြောင်း၊ ဘိန်း စိုက်ပျိုးမှုနှုန်းလျော့ကျစေရန် နိုင်ငံတကာအဖွဲ့အစည်းများကဘိန်းစိုက်သူ တောင်သူများအပေါ် ပညာပေးလှုံ့ဆော်မှုများ ပြုလုပ်နေသော်လည်း ဘိန်းဈေးနှုန်း ကြီးမြင့်လာခြင်းကြောင့် လျော့နည်းကျဆင်းသွားခြင်းမရှိဟု ဆိုသည်။ အာဖဂန် နစ္စတန်နိုင်ငံသည် ကမ္ဘာ့ဘိန်းစိုက်ပျိုးမှု အများဆုံးနိုင်ငံဖြစ်ပြီး တစ်ကမ္ဘာလုံး အတိုင်းအတာအရ ဘိန်းထွက်ရှိမှု၏ ၇၅ ရာခိုင်နှုန်းကို ကိုယ်စားပြုထား ကြောင်း သိရသည်။

အရက်၊ မူးယစ်ဆေးဝါးသုံးစွဲသူအမျိုးသမီးများ အန္တရာယ်ရှိ

အမျိုးသမီးများအနေဖြင့် စိတ်ကိုဝေဝါးထွေပြားစေသည့် အရက် (သို့မဟုတ်) မူးယစ်ဆေးဝါးများ သုံးစွဲခြင်းပြုပါက ပေါင်မကြည့်သော ကလေး မွေးဖွားနိုင်ခြေကို လေးဆပိုမိုမြင့်တက်စေနိုင်ကြောင်း ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးလ်ပြည်နယ်ရှိ နယူးဆောက်ဝေးတက္ကသိုလ်မှ အဆိုပါ သုတေသီများ၏အဆိုအရ ဩစတြေးလျနိုင်ငံအတွင်း အမျိုးသမီးများ အရက်(သို့မဟုတ်) မူးယစ်ဆေးဝါးသုံးစွဲမှုနှုန်းမှာ အမျိုးသားများနှင့် ရင်ပေါင်တန်းလုနီးပါးအနေအထားသို့ ရောက်ရှိနေခြင်းကြောင့် ယင်းသို့ လေ့လာတွေ့ရှိမှုကို သတိပေးချက်အနေဖြင့် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည် ဟု သိရသည်။

ဟိန်းထက်လင်း - စုစည်းသည်

ဒုတိယအကြိမ်မြောက် အမျိုးသားသတင်းဆုအတွက် အဆိုပြုတင်သွင်းကြရန် ဖိတ်ခေါ်

ရန်ကုန် ဧပြီ ၁၅

ဒုတိယအကြိမ်မြောက် အမျိုးသား သတင်းဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အကောင်းဆုံးသတင်းဆု၊ အကောင်းဆုံး အယ်ဒီတာ့အာဘော်ဆု၊ အကောင်းဆုံး ရုပ်သံသတင်းဆု၊ အကောင်းဆုံးသတင်း ဆောင်းပါးဆု၊ အကောင်းဆုံးသတင်း ဓာတ်ပုံဆု၊ အကောင်းဆုံး သတင်းကာတွန်း ဆုတို့ကို ချီးမြှင့်မည်ဖြစ်ကြောင်း သိရ သည်။

ဆုများ အကဲဖြတ်ရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားသင့်သည်ဟု ထင်မြင် ယူဆသော ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း ပုံနှိပ်/ထုတ်လွှင့်ပြီးဖြစ်သည့် ပုံနှိပ်ပြီးစာမူ၊ ထုတ်လွှင့်ပြီးရုပ်သံ သတင်းများအနက် ဆုတစ်မျိုးစီအတွက် ဦးစားပေးအစီအစဉ် အလိုက် သုံးခုစီကို အချိန်မှန်ထုတ် ဂျာနယ်/ မဂ္ဂဇင်းများ၏ အယ်ဒီတာ ချုပ်များ၊ အယ်ဒီတာအဖွဲ့များနှင့် ရုပ်သံဌာနတာဝန်ခံများက ပေးပို့ပေး ပါရန်နှင့် ဂျာနယ်/မဂ္ဂဇင်းမူရင်းကို မိတ္တူဆွဲ၍ လည်းကောင်း၊ ထုတ်လွှင့် ပြသပြီးကြောင်း အထောက်အထားပါဝင် သည့် ဗီဒီယိုဖိုင်ကို DVD ဖြင့်လည်း ကောင်း ထောက်ခံပေးပို့ပေးပါရန် မေတ္တာရပ်ခံထားသည်။

မီဒီယာတိုက်များကရွေးချယ်ပြီး ထောက်ခံချက်ပေးထားသည့် သတင်း၊ ဆောင်းပါး၊ ဓာတ်ပုံ၊ ကာတွန်းများကို အချိန်မီပေးပို့ရန် အခက်အခဲရှိပါက အမျိုးသားသတင်းဆုကော်မတီ ဖုန်း- ၀၉-၄၂၀၁၈၅၉၆၇ သို့လည်းကောင်း၊ အီးမေးလ် mmjaorg@gmail.com သို့လည်းကောင်း အကြောင်းကြားပါက တိုက်အရောက် လာရောက်ယူမည်ဖြစ် ကြောင်း သိရသည်။

ထိုသို့တင်သွင်းရာတွင် မိမိအဆိုပြု သော သတင်း၊ ဆောင်းပါး၊ ဓာတ်ပုံ၊ ဗီဒီယို၊ ကာတွန်း၊ ခေါင်းကြီးများ ပါဝင် သည့် မီဒီယာအမည်၊ ထုတ်လုပ်သည့် ရက်စွဲနှင့် အမှတ်စဉ်တို့ ပါရှိရမည်ဖြစ်ပြီး ပုံနှိပ်မီဒီယာများအတွက် မိတ္တူသုံး စောင်စီနှင့် ရုပ်သံအတွက် DVD သုံး ချပ်စီကို အမျိုးသားသတင်းဆုကော်မတီ အမှတ်(၄၃၇) ဒုတိယထပ် (၄၄) လမ်းနှင့် သိမ်ဖြူလမ်းကြား ကုန်သည် လမ်းမပေါ် ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ လည်းကောင်း၊ အီးမေးလ် ဖြင့် လည်းကောင်း ပေးပို့နိုင်ကြသည်။

စာတိုက်မှပေးပို့ပါက စာအိတ်ပေါ်တွင် "အမျိုးသားသတင်းဆုအတွက် အဆိုပြု တင်သွင်းခြင်း"ဟု ထင်ရှားစွာ ရေးသား ပေးရန်နှင့် အီးမေးလ်ဖြင့် ပေးပို့ပါကလည်း Subject နေရာတွင် အဆိုပါအတိုင်း ရေးသားပေးပါရန် မေတ္တာရပ်ခံထား ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အစ္စရေးနိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၆

၂၀၁၃ ခုနှစ် ဧပြီ ၁၆ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အစ္စရေး နိုင်ငံ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘင်ဂျမင်နေတန်ယာဟု ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

သင်္ကြန်အကျနေ့တွင် ကျိုက်လတ်မြို့နယ် (၆)လမ်းမိသားစုက ရေပက်ခံ တွက်သူများအား မုန့်လက်ဆောင်းများဖြင့် စေတနာဒါနတိုက်ကျွေးစဉ်။
(အသောက)

သင်္ကြန်အကြိုနေ့က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၂၉)ရပ်ကွက် စေတော်တံခွန် (၄)လမ်းတွင် အလှူရှင် မိသားစုတစ်စုက တစ်ရပ်ကွက်လုံးကို စေတနာ ညနေစာထမင်းနှင့် ဟင်းလျာများဖြင့်ကျွေးမွေးနေစဉ်။
(ခရမ်းဦးမြင့်)

ကော့သောင်းမြို့ ၁၃၇၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကို အဏ္ဏဝါရပ်ကွက် ဆိပ်ကမ်းသာဝန်းခြံလပ်း ဗဟိုမဏ္ဍပ်တွင် ဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။
(ကျော်စိုး)

ရာသီမိဿတန်ခူးလ နှဲ့ကြုံ မြန်မာ့ရိုးရာတာသင်္ကြန်

မိုးဆွေအောင်(စွမ်းအင်)

တန်ခူးလသည် မြန်မာလများတွင် အဦးအစဆုံးလဖြစ်၍ အဘိဓာန်ကျမ်းတွင် "စိတ္တကော တန်ခူးလ၊ ရမ္မကော တန်ခူးလ" ဟူ၍ ပရိယာယ်နှစ်မျိုးပြထားသည်ကို လေ့လာမှတ်သားရပေရာ အနက်အဓိပ္ပာယ်မှာ "အထူးထူးသော အပွင့်အသီးတို့ဖြင့် ဆန်းကြယ်သည်၏ အဖြစ်ကြောင့် လူတို့၏ စိတ်နှလုံးကို မွေ့လျော်စေတတ်သည်၏ အဖြစ်ကြောင့် တန်ခူးလဟုခေါ်၏"ဟူ၍ ဖြစ်ပါသည်။

ဤတန်ခူးလကို ဗေဒင်ဝေါဟာရအားဖြင့် မိဿရာသီဟုခေါ်၍ ဤလတွင် စိတြနက္ခတ်သည် လမင်းနှင့် ယှဉ်ပြိုင်မွန်းတည်ပုံ၊ ရာသီပန်းများဖြစ်သည် တံတော်၊ ရင်ခတ်နှင့်ပိတောက်ပန်းတို့ပွင့်ကြပုံ၊ ဤလရာသီ၌ပင် ဘုရင်နှင့်တကွ ပြည်သူအပေါင်း နှစ်သစ်ကူးသင်္ကြန် ရေသဘင်ပွဲကျင်းပလေ့ရှိကြပုံ၊ နံနက် ၆ နာရီတွင် နေထွက်၍ ညနေ ၆ နာရီတွင် နေဝင်ကာ နေ့တာ၊ ညတာ မျှတသောရက်မစုံလဖြစ်ပုံ စသည်တို့ကို အကြောင်းပြုလျက် စလေဆရာကြီးဦးပုညက "ဆယ့်နှစ်လီ ဒွါဒရမှာ၊ ခါမိဿရာသီ၊ ယင်းအစဦးချီသည် လတွင်မည်တန်ခူး။ စိတြကြယ်ပြောင်ငယ်၊ ညဉ်သန်းခေါင်တချါမှ မြူး၊ နေ့နှင့်ညနာရီမှာ သုံးဆယ်ဆီမကြူး။ နှစ်လုံးညီတစ်ပါဒ်ကူးလို့ နှစ်သစ်ဦး တစ်ခါ၊ ပန်းတံတော်ရွှေရင်ခတ်တို့၊ ဖူးပွင့်ချပ်စီလို့သာဖြာ။ တည်သုံးဖဝါးရှိပ်ဆာယာမှာ တမတ္တာ မောင်မယ်နွဲ့လို့၊ မြတ်သည်ပွဲသင်္ကြန်တော်၊ တီးခြိမ့်ခြိမ့်တျော်။ ထီးကမ္ဗုရှိပ်ပျော်ငယ်၊ ခေါင်းလျှော်တော်မူမြဲ ထင့်လေး"ဟု ရာသီဘွဲ့တေးထပ်တဗျာဖြင့် တန်ခူးလကို မှတ်တမ်းပြုခဲ့ပေသည်။

တန်ခူးလသည် နွေရာသီတာလသို့ဝင်ရောက်လာသည့်တာလ၊ လဝတ်မျှကြာမြင့်သေးသော်လည်း အလွန်ပူပြင်းနေပြီဖြစ်ပေရာ "တန်ခူးရေကုန်၊ ကဆုန်ရေခန်း" ဟု အဆိုအတိုင်း ရေတွင်းရေကန်များတွင် ရေများခြောက်ခန်းစပြုနေပေပြီ။ ထိုလရာသီဝယ် သစ်ရွက်များမှာ ရောင်ခြည်တစ်ထောင်အလင်းဆောင်သည် နေမင်း၏ ပြောင်လတ်ဝင်းထိန်နေသော အပူရှိန်အောက်ဝယ် မြစိမ်းရောင်မှသည် ရွှေဝါရောင်သို့ ကူးပြောင်းခြောက်သွေ့ကြရရှာသည်ကို တောလားစာဆိုတော်ကြီး ရှင်ဥတ္တမကျော် က"သဘင်ဂိမှာန်၊ တာသင်္ကြန်ဟု လေပြန်လွင့်ကူ၊ ဘုံသစ်ထူ၍"စသော တောလားတို ဖွဲ့ဆိုခဲ့ပါသည်။

သာသနာ၀င်ကျမ်းတို့၌ အတာတူးသော တန်ခူးလအခါတွင် တပိလဝတ်ပြည်၌ နေထိုင်ကြကုန်သော သာကီဝင်မင်းတို့သည် နှလုံးမွေ့လျော်ဖွယ်ရှိသော ဒေဝဒဟရေအိုင်ကြီးအနီး၌ မင်းတဲဆောက်၍ ရေဖျန်းသဘင်ပျော်ရွှင်စွာကစားကြရာ "ရေသဘင်အစ ဒေဝဒဟတ" ဟု ရှေးစာဆိုရှင်များက မိန့်ဆိုခဲ့ကြလေသည်။

မှန်နန်းရာဇဝင်၌ "နရသီဟပတေ့(ခေါ်)ပုဂံမင်းသည် နွေလအခါ ဧရာဝတီမြစ်ဆိပ်တွင် မင်းတဲလုံခြုံစွာဆောက်၍ နန်းတော်မှ မြစ်ဆိပ်အရောက် လူသူမမြင်သော တနန်းဥမင်ဖြင့် တွဲတော်မူ၍ မိဖုရား၊ မောင်းမမိဿံတို့နှင့်အတူ ရေဖျန်းသဘင်ဆင်ယင်တျင်းပသည်" ဟု ရေးသားထားသည်ကို တွေ့ရှိရပါသည်။

ရေဖျန်းပတ်ခြင်းဓလေ့ကို မည်သို့ပင်အဓိပ္ပာယ်ဖွင့်ဆိုကြသည်ဖြစ်စေ မြန်မာတို့အနေဖြင့် နှစ်သစ်ကူးမင်္ဂလာအချိန်တော်တွင် တစ်ဦးနှင့်တစ်ဦး ရေပတ်ကြခြင်းသည် အေးမြကြည်လင်ခြင်း၊ အညစ်အကြေးများကို ဆေးကြောသန့်စင်ခြင်း၊ ရေတို့သား၍အကြားမထင်ဘဲ တစ်ဆက်တစ်စပ်တည်းဖြစ်ပေါ်နေသည်အလား တစ်ဦးနှင့်တစ်ဦး မေတ္တာသတ်ဝင် ချစ်ခင်ခြင်း၊ စည်းလုံးညီညွတ်ခြင်းတည်းဟူသော ရေနိမိတ်သုံးပါးကို မှတ်ယူလျက်ရေပက်ဖျန်းကစားလေ့ရှိကြခြင်းဖြစ်ပေသည်။

ဘိုးတော်မင်းတရားလက်ထက် ခရစ်နှစ် ၁၇၉၅ ခုနှစ်၌ ပဲခူးမြို့သို့ ဗြိတိသျှ သံအမတ်တပွတ်န် မိုင်ကယ်ဆိုင်းဆိုသူ ရောက်ရှိခဲ့စဉ်တာလတွင် နှစ်သစ်တူးရေသဘင်ပွဲတော်ကျင်းပချိန်နှင့်ကြုံကြိုက်နေသဖြင့် ၎င်းသံအမတ်တ သူ၏ မှတ်တမ်းတွင် "ပဲခူးမြို့ဝန်၏ သမီးပျိုတလေးတ မိဘနှစ်ပါးအား စန္ဒကူးနှင်းရည်ဖြင့် ရိုသေစွာ ရေကန်တော့ပုံနှင့် သင်္ကြန်ရေကစားသူများက သန့်ရှင်းသောရေဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ရေပက်ဖျန်းကြပုံကို့ကို မြန်မာတို့၏ ယဉ်ကျေးသိမ်မွေ့စွာ ရေပတ်ခြင်း၊ မေတ္တာအရင်းခံလျက် သန့်ရှင်းစွာ ရေကစားခြင်းမှာ အံ့သြစရာကောင်းလောက်အောင် ထူးခြားလှကြောင်း အမှတ်တရမှတ်တမ်းတင်ခဲ့သည်ကို လေ့လာသိရှိရသည်မှာ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ တစ်မျိုးသားလုံးနှစ်စဉ်ပျော်ရွှင်စွာဆင်နွှဲပြီး ထူးခြားသော အမျိုးသားပွဲတော်ကြီးအဖြစ် မြန်မာတို့အနေဖြင့် ဂုဏ်ယူကြရဖွယ်ဖြစ်သည့်နည်းတူ ထိုယဉ်ကျေးမှုအစဉ်အလာတို့လည်း မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းကြရပေမည်။

နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကျင်းပကာ ပျော်ရွှင်စွာ ရေတစားကြသည်အလေ့အထသည် ပုဂံခေတ်မှသည် အင်းဝ၊ ညောင်ရမ်း၊ ကုန်းဘောင်စသော ပဒေသရာဇ်ခေတ်များကို ဖြတ်သန်းကာ မျက်မှောက်ခေတ်သို့တိုင်အောင် မြန်မာတစ်မျိုးသားလုံး၊ အမြတ်တနိုးထားခဲ့ကြသည့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်ပင်ဖြစ်သည်။

မြန်မာလများ၏ နှစ်ဦးအစဖြစ်သော တန်ခူးလရာသီတွင် မြန်မာနှစ်ဆန်း ၁ ရက်ကို "မင်္ဂလာအခါတော်နေ့" အဖြစ်ကျင်းပကြပါသည်။ ယင်းသို့မင်္ဂလာအခါတော်နေ့ အဖြစ် ကျင်းပခြင်းဖြင့် -

၁။ တမ္ဘာသူ တမ္ဘာသားများ အနိဋ္ဌာရုံတွေ ပပျောက်ပြီး ဣဋ္ဌာရုံအပေါင်းနှင့်ပြည်စုံကြစေခြင်း၊

၂။ ဘေးဥပဒ်အန္တရာယ်တင်းပကြစေမြင်း၊

၃။ မကောင်းသောစိတ်ဓာတ်များကို ဖယ်ရှားပြီးကောင်းသောစိတ်များကို မွေးမြူကြစေခြင်း၊

၄။ အရှက်နှင့် အကြောက်တည်းဟူသော လောကပါလတရားနှစ်ပါး ထွန်းကားကြစေခြင်း၊

၅။ သတ္တဝါများကို ချစ်ခင်၍ ဘေးရန်ဆင်းရဲကင်းစေလိုခြင်းဟူသောမေတ္တာ၊ ဆင်းရဲသည့်သတ္တဝါများတို့ သနားကြင်နာ၍ ဆင်းရဲမှုမှတင်းလွတ်စေလိုခြင်းဟူသော တရုဏာ၊ စည်းစိမ်ပြည်စုံသူများကိုမြင်လျှင် ဝမ်းမြောက်၍ စည်းစိမ်မဆုတ်ယုတ်စေလိုခြင်းဟူသော မုဒိတာ၊ သတ္တဝါတို့သည် တံအကိုင်းဖြစ်ကြ၏ဟု ဆင်ခြင်၍ မုန်းချစ်မပြုဘဲ တည့်မတ်စွာရှုမြင်ခြင်းဟူသော ဥပေက္ခာ စသည့်ဗြဟ္မဝိဟာရတရားလေးပါး (တစ်နည်းဗြဟ္မစိုရ်တရား လေးပါး)ထွန်းကားပြန့်ပွားစေခြင်း၊

၆။ (၃၈)ဖြာမင်္ဂလာတရားတော်များ ထွန်းကားပြန့်ပွားစေခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။

"မင်္ဂလာ"၏ အဓိပ္ပာယ်၊ မင်္ဂလာတရားတော်နှင့် ပတ်သတ်၍ ဂေါတမမြတ်စွာဘုရားမပွင့်မီ အချိန်အခါတထိုခေတ်လူသားများအတွက် အဖြေမှန်ဖော်ထုတ်နိုင်ခြင်း အနှစ်သာရရှိသော အဖိုးထိုက်သည် တရားစကားများကို ကြားနာခွင့်မကြုံခဲ့ရပေ။

အခါတစ်ပါး၌ ဂေါတမမြတ်စွာဘုရားသခင်ကိုယ်တော်မြတ်သည် သာဝတ္ထိပြည်တွင် အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ်ဝယ် မထင်ရှားသော နတ်သားတစ်ပါးသည် သန်းခေါင်ယံအချိန်၌ မြတ်စွာဘုရားထံတော်မှောက်သို့ ရောက်ရှိချဉ်းကပ်ကာ သင့်တင့်လျောက်ပတ်သည့်အရပ်တွင် မတ်တတ်ရပ်လျက် မြတ်စွာဘုရားတို့ ရိုသေစွာရှိခိုးပြီးနောက် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား များစွာတန်သော နတ်နှင့် လူတို့သည် စင်ကြယ်သောနိဗ္ဗာန်ချမ်းသာတို လိုချင်တောင့်တကုန်၍ မင်္ဂလာတရားတော်ကို ၁၂ နှစ်ကြာမျှ ကြံစည်တွေးတောပါသော်လည်း မသိနိုင်ကြပါတုန်၊ ထိုမင်္ဂလာတရားတို့ ရှင်းလင်းဟောကြားပေးသနားတော်မူပါ ဘုရား"ဟု လျှောက်ထားမေးမြန်းကြသဖြင့် မြတ်စွာဘုရားသခင်က မင်္ဂလာတရား ၃၈ ပါးကို ရှင်းလင်းဟောကြားတော်မူခဲ့ပါသည်။

အဆိုပါဟောကြားတော်မူခဲ့သော မင်္ဂလာကရားတော်ကို သေချာစွာလေ့လာမည်ဆိုပါက ပေါင်းသင်းဆက်ဆံရေး မင်္ဂလာ သုံးပါး၊ နေရေးထိုင်ရေး မင်္ဂလာ သုံးပါး၊ သင်ကြားရေး မင်္ဂလာ လေးပါး၊ ပြုစုရေးမင်္ဂလာ သုံးပါး၊ လိုက်နာကျင့်သုံးရေး မင်္ဂလာလေးပါး၊ ရှောင်ကြဉ်ရေးမင်္ဂလာ လေးပါး၊ စိတ်ထားရေး မင်္ဂလာ ငါးပါး၊ သည်းခံရေး မင်္ဂလာ လေးပါး၊ ခြိုးခြံရေးမင်္ဂလာ လေးပါးနှင့် စိတ်ဓာတ်ခိုင်ခံ့ရေး မင်္ဂလာ လေးပါး စုစုပေါင်း မင်္ဂလာတရား ၃၈ ပါး (သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်)ကို လောတလူသားများ၏ အတျိုးစီးပွားတိုးပွားစေရေးအတွက် ထောင့်မျိုးစုံမှ ဟောကြားတော်မူထားကြောင်း လေ့လာသိရှိရပါသည်။

ပညာရှိများတို့ မှီဝဲဆည်းတပ်ခြင်း၊ လူမိုက်တို ရှောင်ကြဉ်ခြင်း၊ ပူဇော်ထိုက်သူတို ပူဇော်ခြင်း၊ ရိုသေထိုက်သူတို ရိုသေခြင်း၊ မိဘများတို လုပ်ကျွေးပြုစုခြင်း၊ သူတစ်ပါး၏ ကျေးဇူးတို့သိတတ်ခြင်း စသည်တို့အပါအဝင် ၃၈ ဖြာ မင်္ဂလာတရားများကို ထာဝစဉ်စောင့်ထိန်းလိုက်နာကြခြင်းဖြင့် ရန်သူမှန်သမျှ၏ အနိုင်အထက်ပြုခြင်း မခံရခြင်းနှင့် အရပ်ဒေသအားလုံးတို့၌ ကြီးပွားချမ်းသာခြင်းသို့ ရောက်ရှိနိုင်ခြင်းဟူသော အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပေသည်။

မြန်မာတို့သည် ရှေးအခါမှစတင်၍ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို မြန်မာလူမျိုးအားလုံး လူကြီးလူငယ်မရွေး ပျော်ရွှင်စွာဆင်နွှဲကျင်းပလေ့ရှိကြပြီး သင်္ကြန်အခါတော်ကာလတွင်သာမက နှစ်သစ်ကူးသည့် ပထမနေ့ဖြစ်သော "နှစ်ဆန်းတစ်ရက်နေ့"ကို "နှစ်သစ်မင်္ဂလာအခါတော်နေ့"အဖြစ် သတ်မှတ်ကာ ယင်းနှစ်သစ်မင်္ဂလာအခါတော်နေ့တွင်ပါ စေတီပုထိုးနှင့် ရုပ်ပွားတော်များသို့ သွားရောက်တာ ရေသပ္ပာယ်ခြင်း၊ ရေကုသိုလ်ပြုခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ အလှူဒါနပြုကြခြင်း၊ စကုဒိသာကျွေးမွေးခြင်း၊ သက်ကြီးရွယ်အို၊ အဘိုးအဘွားများအား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းများ လှီးဖြတ်ပေးခြင်း၊ ရေချိုးပေးခြင်း စသည့် ကာယကံမြောက်ကုသိုလ်များပြုလုပ်လေ့ရှိကြပေသည်။ ယင်းသို့ မွန်မြတ်သန့်စင်မြတ်နိုးလေးစားဖွယ်ဖြစ်သည် ကုသိုလ်ကောင်းမှုပြုကြခြင်းများသည် ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ရမည် ရိုးရာယဉ်ကျေးမှုပွဲတော်ဖြစ်သော မြန်မာ့ရိုးရာသင်္ကြန်ပွဲ၏ အနှစ်သာရများပင်ဖြစ်ပေသည်။

ယခုတဲ့သို့ ပူအိုက်သောရာသီတွင်ကျရောက်သည် မြန်မာနှစ်သစ်ကူးပွဲတော်သင်္ကြန်အခါတွင် ပူလောင်ခြင်းမှ သတ်သာစေရန် ရေစင်ရေအေး ပက်ဖျန်းပေးခြင်းသည် တစ်ဖတ်သားအပေါ် အေးချမ်းမှုဖြစ်ပေါ်စေပြီး တိုယ်စိတ်ရွှင်လန်းစေသည်နည်းတူ အညစ်အကြေးမှန်သမျှကို အေးချမ်းသောရေဖြင့် သန့်ရှင်းစင်ကြယ်စေသည့်အတွက် နှစ်ဟောင်းမှပြုမိခဲ့သော မကောင်းသောကိုယ်၊ စိတ်အညစ်အကြေးတို့ကို အတာရေဖြင့် သန့်ရှင်းစေကာ စိတ်သစ်လူသစ်နှင့် လျှောက်လှမ်းကြရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ နှစ်သစ်မင်္ဂလာအခါသမယ သင်္ကြန်ကာလဝယ် ဒါနမင်္ဂလာ၊ ဂါရဝမင်္ဂလာ၊ ဓမ္မာစရိယ မင်္ဂလာ၊ ဓမ္မသာဝနမင်္ဂလာ၊ အနဝဇ္ဇာနိလကမ္မာနိက မင်္ဂလာပြုဆောင်ဖွယ်ရာများကို မင်္ဂလာတရားတော်နှင့်အညီ မင်္ဂလာရှိစွာ မြူမူတျင့်ကြနေထိုင်ကြလျက် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေး၊ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက် ပြုလုပ်ဆောင်ရွက်ကြကာ မင်္ဂလာတရားတော်နှင့် ဖီလာဆန့်တျင်သော ရှောင်ကြဉ်ဖွယ်ရာမကောင်းမှုတို့ကို ရှောင်ကြဉ်ကြခြင်းဖြင့် ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲကို အရုပ်ဆိုး၊ အကျည်းမတန်စေရေးအတွက် မြန်မာလူမျိုးအားလုံးက ရိုးရာဓလေ့နှင့်အညီ ဆင်နွှဲကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ရေးသားတင်ပြလိုက်ရပါသည်။ ။

ကျောက်ပန်းတောင်း၌ ယဉ်ကျေးမှုစာမေးပွဲ ကျင်းပ

ကျောက်ပန်းတောင်း ဧပြီ ၁၅

ကျောက်ပန်းတောင်းမြို့နယ် သာသနာ့ရက္ခိတအသင်းကြီးက ကြီးမှူးကျင်းပသော (၁၃)ကြိမ်မြောက် နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဧပြီ ၁၀ ရက် နံနက်ပိုင်းက မြို့နယ်သာသနာ့ဗိမာန်တော်ကြီးနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့၌ ကျင်းပသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့နယ်သံဃနာယကဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် မြို့နယ်သာသနာ့ ရက္ခိတအသင်း လူငယ်များ ဦးဆောင်မှုဖြင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများကို နှစ်စဉ်ကျင်းပခဲ့ရာ ယခုအကြိမ်သည် (၁၃)ကြိမ်မြောက်ဖြစ်ပြီး သင်တန်းများကို မြို့ပေါ်တိုးဌာနနှင့် ကျေးရွာ ၄၇ ရွာတို့တွင် မတ် ၂၀ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး ယခုစာမေးပွဲသို့ မူလတန်းအဆင့် ၇၅၂ ဦး၊ အလယ်တန်းအဆင့် ၆၂၆ ဦး၊ အထက်တန်းအဆင့် ၃၆၇ ဦးနှင့် အဘိဓမ္မာတန်း ၁၃၅ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၈၈၀ ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

(၆၂၈)

တန်ဖိုးရှိလှ လူငယ်ဘဝ
မူးယစ်ကင်းစင် ကျန်းမာမှ

မြန်မာ့ဆယ့်နှစ်လသည် နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးရှိသည်။ တပေါင်းလ၊ တန်ခူးလ၊ ကဆုန်လ၊ နယုန်လတို့သည် နွေဥတုဖြစ်သည်။ ဝါဆိုလ၊ ဝါခေါင်လ၊ တော်သလင်းလ၊ သီတင်းကျွတ်လတို့သည် မိုးဥတုဖြစ်သည်။ တန်ဆောင်မုန်းလ၊ နတ်တော်လ၊ ပြာသိုလ၊ တပို့တွဲလတို့သည် ဆောင်းဥတုဟူ၍ ယေဘုယျစီပါဝင်နေကြသည်။

မြန်မာ့ရိုးရာ မဟာသင်္ကြန်

ဒေါက်တာ မောင်ဖြေ

တစ်လထစ်ထ သင်္ကေတ်မှတ်ရာတွင်လည်း လဝင်လထွက်ထ၏ ရွေ့လျားပြောင်းလဲမှုကို အကြောင်းပြု၍ သတ်မှတ်ကြသောကြောင့် လဆန်း၊ လပြည့်၊ ထပြည့်ကျော်၊ ထကွယ် ဟူ၍ သတ်မှတ်သုံးစွဲကြသည်။ ၁၂ လရာသီတွင် ၂၉ ရက်ရှိသောလ ရက်မစုံခြောက်လနှင့် ၃၀ ရက်ရှိသောလ ရက်စုံခြောက်လရှိလေရာ ထိုဆယ့်နှစ်လတို့၏ ရာသီနက္ခတ်၊ ပွင့်သော ပန်း၊ ပွဲတော်တို့ဖြစ်၏။ ရာသီတိုင်း၊ လထိုင်းတွင် ရာသီပွဲတော်များရှိကြသည်။ ထန်ခူးထတွင် ကျင်းပသော ရာသီပွဲတော်ကား သင်္ကြန်ပွဲတော် (ဝါ) အတာကူးပွဲတော် (ဝါ) နှစ်သစ်ကူးပွဲတော်ကို ကျင်းပဆင်နွှဲကြမြဲဖြစ်သောကြောင့် ရာသီပွဲတော်များအနက် အထူးခြားဆုံးပွဲတော်ဟု ခေါ်ဆိုနိုင်ပါသည်။

သင်္ကြန်ဟူသော ဝေါဟာရသည် သင်္ကန္တ ဟူသော ပါဠိဝေါဟာရမှဆင်းသက်ဆင့် ဖြစ်ပေါ်လာသော စကားလုံးဖြစ်သည်။ "ပြောင်းလဲခြင်း၊ ရွှေ့လျားခြင်း" ဟူသော အနက်အဓိပ္ပာယ်ကို ရရှိ၏။ တစ်နည်းအားဖြင့် သင်္ကြန်ဆိုသည်မှာ ရာသီခွင်ပြောင်းလဲခြင်း၊ နှစ်ဟောင်းမှ နှစ်သစ်သို့ ပြောင်းထဲခြင်း၊ နှစ်ဟောင်း၏ နောက်ဆုံးလဖြစ်သော တပေါင်းလမှ နှစ်သစ်၏ ပထမဆုံးလဖြစ်သော တန်ခူးလသို့ပြောင်းလဲခြင်း၊ မိန်ရာသီမှ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ်ကူးပြောင်းခြင်းတို့ကို သင်္ကြန်ဟု ခေါ်ဆိုကြပါ၏။

ထို့ပြင် ထနင်္ဂနွေဂြိုဟ်ဖြစ်သော နေမင်းသည် တောင်သက်ဒက္ခိဏ ယဉ်စွန်းတန်းမှသည် မြောက်ဘက်ဥတ္တရယဉ်စွန်းတန်းသို့ ပြောင်းရွှေ့သာခြင်းကြောင့် ရွှေ့လျားခြင်း အဓိပ္ပာယ်ကိုယည်း ရပါသည်။ နေကို အကြောင်းပြု၍ ဥတုသုံးပါး၏ လည်ပတ်မှု ရွှေ့လျားမှုတို့ ဖြစ်ပေါ်လာရသည်။ ထို့ကြောင့် အဟောင်းမှ အသစ်သို့ ပြန်လည်ရွှေ့လျားလာခြင်းဖြစ်သည်။ ဤသို့ပြောင်းလဲရွှေ့လျားလာခြင်းနှင့်အတူ သက်ရှိဘဝ သတ္တလောကသည်လည်း အဟောင်းကိုစွန့်ပယ်၍ အသစ်သို့ကူးပြောင်းလာခြင်းဖြစ်ရာ ဩကာသလောက တောတောင်ရေမြေသဘာဝ ပတ်ဝန်းကျင် ပြောင်းလဲရွှေ့လျားမှုများနှင့်အတူ သတ္တလောကသည် သင်္ခါရလောက ပြုပြင်ပြောင်းလဲသော သဘာဝတရားကြီးအရ ပြောင်းလဲကြရာမှ ရွှေ့လျားခြင်းဖြစ်ကြရသည်။

ကောဇာသက္ကရာဇ် ၁၃၇၅ ခုနှစ်အတွက် သူရိယသိဒ္ဓန္တ မဟာသင်္ကြန်စာအရ ကောဇာသက္ကရာဇ် ၁၃၇၄ ခု နှောင်းတန်ခူးလဆန်း ၄ ရက်၊ ၁၄-၄-၂၀၀၃ တနင်္ဂနွေနေ့၊ နံနက် ၄ နာရီ ၆ မိနစ် ၂ စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျသည်။ ၁၅-၄-၂၀၁၃၊ တနင်္လာနေ့ မဟာသင်္ကြန်အကြတ်ရက်ဖြစ်သည်။

၁၃၇၄ ခု နှောင်းတန်ခူးလဆန်း ၆ ရက်၊ အင်္ဂါနေ့၊ နံနက် ၈ နာရီ ၁၀ မိနစ် ၄၄ စက္ကန့်တွင် မဟာသင်္ကြန်တက်သည်။ ထို့ကြောင့် ၁၃၇၅ ခု တန်ခူးလဆန်း ၇ ရက်၊ ၁၇-၄-၂၀၁၃၊ ဗုဒ္ဓဟူးနေ့သည် နှစ်ဆန်း ၁ ရက်နေ့ ဖြစ်သည်။

ကောဇာသက္ကရာဇ် ၁၃၇၅ ခုနှစ်သည် ရိုးရိုးနှစ်ဖြစ်ပါ၍ ၁၃၇၅ ခု ဝါဆိုလပြည့်ကျော် ၁ ရက်၊ ၂၃-၇-၂၀၁၃၊ အင်္ဂါနေ့တွင် သာသနာတော်ဝန်ထမ်းရတန်းတော် အရှင်သူမြတ်တို့ ပထမပုရိမဝါကပ်ဆိုတော်မူကြရမည်။

၁၃၇၅ ခု ဝါခေါင်လပြည့်ကျော် ၁ ရက်၊ ၂၂-၈-၂၀၁၃၊ ကြာသပတေးနေ့တွင် ဒုတိယပစ္ဆိမဝါကပ်ဆိုတော်မူကြရမည်။ သင်္ကြန်အတာတက်သောအခါတွင် အင်္ဂါနေ့ဘားသားတို့သည် သင်္ကြန်တက်သောအချိန်နာရီ၌ ရတနာခုနစ်ပါးဖြင့် ဆင်ယင်၍ မြတ်သော နေရာထက်၌နေပြီးမှ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့အားလည်းကောင်း၊ မိဘ ဘိုးဘွား၊ ဆရာသမား၊ သိကြား၊ ဗြဟ္မာ၊ စတုလောကပါလ၊ သာသနာတော်စောင့် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့အား လည်းကောင်း လှူဒါန်းပူဇော်ပသပြီး၍ သင်္ကြန်တက် ဂဟေဇာပွင့်ရာဖြစ်သော အနောက်မြောက်အရပ်သို့မျက်နှာမူပြီးလျှင် အတာစားကုန်ရာသည်။ အတာစားရခြင်း၏ အကျိုးကား မြတ်စွာဘုရားရှင်ဟောကြားတော်မူသည်ကို အကြောင်းပြု၍ ရတနာသုံးပါးစသည်တို့အား လှူဒါန်းပူဇော်ပသခြင်းသည် အကျိုးကြီးမြတ်လှ၍ လှူဒါန်းပူဇော်ပသကုန်ရာသည်ဟု သင်္ကြန်စကားပြေကျမ်းဆရာတို့ဆိုကြကုန်၏။ သင်္ကြန်ဖြစ်ပေါ်လာခြင်းနှင့် ပတ်သက်၍ ရာဇဝင်သမိုင်းဆိုင်ရာပုံပြင်များ၊ ဗုဒ္ဓဘာသာဆိုင်ရာပုံပြင်များ မြောက်မြားစွာ ရှိနေပါသည်။ သင်္ကြန်ပွဲနှင့် ဆိုင်ရာပုံပြင်များမှာလည်း စိတ်ဝင်စားမှတ်သားဖွယ်ရာပင် ဖြစ်ပါသည်။

သင်္ကြန်ဟူသောဝေါဟာရကို ကောင်းကျိုးမင်္ဂလာ၊ ကြန်အင်လက္ခဏာတိုးပွားလာစေရန် သုံက်သင်ဆေးကြောခြင်း အနက်ထွက်သည်ဆို၏။ ဤအဆိုအမိန့်ကို အထောက်အကူပြုသော အကြောင်းတစ်ရပ်ရှိ၏။

ရှေးမြန်မာဘုရင်များသည် ဦးခေါင်းဆေးလျှော်သည်ကို တစ်ပတ်လျှင်တစ်ကြိမ် လျှော်သော ပကတိသင်္ကြန် ဂြိုဟ်စီးဂြိုဟ်နင်းညှံ့ဖျင်းသောအခါ အန္တရာယ်ပျောက်၍ ဘုန်းတော်တောက်ရန် ရှောင်လေ့ရှိသော သင်္ကြန်လတ်နှင့် ဘိသိက်ခံယူသည့်အခါ ရှောင်လေ့ရှိသော မဟာသင်္ကြန်ဟူ၍ အခမ်းအနားပင်ရှိ၏။ ဤသည်ကို ထောက်ရှုသော် သင်္ကြန်အခါခေါင်းဆေးခြင်း၊ ရေပက်ကစားခြင်းတို့သည် အဆိုးပျောက်ပြီး အကောင်းရောက်စေရန် ရည်ရွယ်၍ မကောင်းမှုဟူသမျှကို ဆေးကြောသန့်စင်သည့် သဘောပင်ဖြစ်၏။

မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်ကြီးဖြစ်သည့် သင်္ကြန်ပွဲတော်ကို အစဉ်အလာမပြတ်ကျင်းပကြသည်။ တောင်သူလယ်သမားများ၊ လက်လုပ်လက်စားများမှ ကျေးလက်တောရွာမှအစ နိုင်ငံ့ဦးသျှောင်ဘုရင်အထိ သင်္ကြန်ပွဲဆင်နွှဲကြသည်။

ပုဂံခေတ် နရသီကပတေ့မင်းသည် နန်းတော်မှ ဧရာဝတီမြစ်ဆိပ်ကမ်းအထိ ကမ်းနားစင်္ကြံများဆောက်၍ မိဖုရား၊ မင်းညီမင်းသား၊ မှူးမတ်များနှင့်အတူ သင်္ကြန်တော်ခေါ်ပြီး အတာကူးရေသဘင်ပွဲဆင်နွှဲကြောင်းကို မှန်နန်းရာဇဝင်တွင် ပြည့်စုံစွာဖော်ပြထားသည်။ အင်းဝခေတ်တွင် အင်ဝုံဝန်ကြီး သီရိဥဇနာပြုစုသော မင်းခမ်းမင်းနားနှင့် ရာသီပွဲတော်များအကြောင်းဖြစ်သော "လောကဗျူဟာ"ခေါ် အင်ဂုံစာတမ်းတွင်လည်း သင်္ကြန်ပွဲတော်အကြောင်းကို ဖော်ပြထားသည်။

သင်္ကြန်ပွဲတော်တွင် အတာအိုးတွင် သန့်စင်သောရေထည့်ပြီး စားသောက်ဖွယ်ရာ ပစ္စည်းများနှင့်အတူ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားတို့အား ကန်တော့ကြ၏။ သက်ကြီးရွယ်ကြီး ဝါကြီးတို့အား ခေါင်းလျှော်၊ ခြေချိုး၊ ခြေသည်း၊ လက်သည်း လှီးဖြတ်သန့်စင်ပေးခြင်း၊ အဝတ်အစားသစ်များဝတ်ဆင်ပေးခြင်းပြုကြ၏။ ထို့နောက် မြန်မာ့ရိုးရာဓလေ့ထုံးစံနှင့်အညီ သင်္ကြန်ရေသဘင်ကို ပျော်ရွှင်စွာ ဆင်နွှဲကြ၏။

သင်္ကြန်ပွဲသည် မေတ္တာတရားပွားများခြင်း၊ ယဉ်ကျေးသိမ်မွေ့သောစိတ်ထားဖြင့် အချင်းချင်း ခွင့်တောင်းပြီး သန့်စင်အေးမြသောရေဖြင့် ပက်ဖျန်းခြင်း၊ ကောင်းမြတ်သောစိတ်ထားဖြင့် ပျော်ရွှင်မြူးထူးစွာ သီဆိုကခုန် တီးမှုတ်ခြင်း၊ သီထင်းသီလဆောက်တည်ခြင်း၊ ဘုရားပုထိုး ရှိပ်ပွားဆင်းတုတော်တို့ကို ရေသပ္ပာယ်ခြင်း၊ သန့်ရှင်းစင်ကြယ်စေခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်း၊ တရားဘာဝနာပွားများခြင်းများပြုကြ၏။

စိတ်မချမ်းမြေ့ဖွယ်ရာ အပြောအဆို၊ မူးယစ်သောက်စားမှုများ၊ ခိုက်ရန်ဒေါသဖြစ်စရာ ဟီရိဩတ္တပ္ပတရားကင်းမဲ့သော အရှက်အကြောက်မရှိသောဝတ်စားဆင်ယင်မှုစသည့် အပြုအမူများ လုံးဝမပြုကြရပါ၊ စိတ်ကြည်လင် ချမ်းမြေ့ဖွယ်ရာ ရင်းနှီးခင်မင်ဖွယ်ရာများကိုသာ ထိုထိစိတ်နှလုံးသုံးပါးနှင့် ပြုမူဆောင်ရွက်ကြ၏။

မြတ်ဘုရားရှင်၏ သာသနာတော်ကို သိကြားမင်းစောင့်ရှောက်သောခေတ် ရောက်ရှိနေသည်၊ ထို့ကြောင့် သိကြားမင်းသည် ဝိသကြုံ မာဃလိနတ်နှစ်ပါးနှင့်အဟူနှစ်စဉ် သင်္ကြန်အချိန်တွင် လူ့ပြည်သို့ ဆင်းသက်လာပြီး သုစရိုက်၊ ဒုစရိုက်၊ အကျင့်တောင်း၊ အကျင့်ဆိုး ကျင့်ကြသောလူတို့ကို စစ်ဆေးပြီးလျှင် စာရင်းကောက်ယူသည်။ ထို့ကြောင့် သင်္ကြန်အကျနေ့ဆိုသည်မှာ တာဝတိံသာနတ်ပြည်မှ သိကြားမင်းသည် ဝိသကြုံနတ်၊ မာတလိနတ်တို့နှင့်အတူ လူ့ပြည်သို့ ဆင်းသက်လာသောနေ့ဟု ဆိုလိုသည်။ အကြတ်နေ့ဆိုသည်မှာ သိကြားမင်း လူ့ပြည်တွင် လှည့်လည်ကြီးကြပ်စစ်ဆေး စာရင်းကောက်ယူ မှတ်တမ်းတင်သောနေ့ဟု ဆိုလိုသည်။ အတက်နေ့ကား ကြီးကြပ်စစ်ဆေးသော စာရင်းကောက်တာဝန်ပြီးဆုံး၍ သိကြားမင်းနှင့် ဝိသကြုံနတ်၊ မာတလိနတ်တို့ တာဝတိံသာနတ်ပြည်သို့ ပြန်လည်တက်ရောက်သွားသောနေ့ဟု ဆိုလိုသည်။

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို မြန်မာ့ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာအတိုင်း နှစ်စဉ်ကျင်းပခဲ့ကြရာ ယနေ့ မျက်မှောက်ခေတ် မြန်မာတိုင်းရင်းသားလူကြီး၊ လူငယ်မျိုးဆက်သစ်အပေါင်းတို့သည်လည်း ဟီရိဩတ္တပ္ပတရားနှင့်အညီ ရိုးရာအစဉ်အလာကို သိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ယဉ်ကျေးမှုအတာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲကြပါစေကြောင်း ဆုကောင်းရင်းဖြင့် ဆုတောင်းအခါ မတွေ့ဝေးစွာ၊ ရှောင်ကုန်ရာကား၊ မသာနှလုံး၊ ညှိုးချုံးစိုးရိမ်၊ မငြိမ်ပူဆွေး၊ ငိုကြွေးကုန်ထ၊ ကာမအိမ်ရာ၊ မေထုနာက၊ ပါဏာသတ်ပုတ်၊ သောက်ထုပ်သေရက်၊ မျက်ထွက်မာန၊ ပဋိဃနှင့် ဒေါသမလွတ်၊ ဆီပွတ်ထိမ်းဆင်၊ သစ်ပင်ခုတ်ဖြတ်၊ သတ်ခတ်ကုန်ရှောင်။ အရှောင်းအဝယ်၊ ထဲလှယ်ဟူသည် ဤဆယ်မည်ကို လူ့ပြည်၌တွင် လူကိုခင်းတား၊ မြင့်မိုရ်ဖျားဝယ်၊ သိကြားသော်မှမပြုရရာ၊ ရှောင်ကြဉ်ရာဟု ကျမ်းလာသောအား၊ လက်ာကြားသည် ဤကား မဟာသင်္ကြန်အလိုတည်း။ ။

ပြည်တွင်းရေးရာ

✱ နေပြည်တော်မှ

ပတတိ စတိတ်ရှိုးပွဲကြီးတစ်ခုအလား ထင်မှတ်ရသည်။ "သဘာဝရဲ့ ရင်သွေးငယ်၊ လေညာအရပ်က အချစ်" စသည့် စိုင်းထီးဆိုင်၏ တစ်ခေတ်တစ်ချိန်က ထင်ရှား ကျော်ကြားလူသိများသည့် သီချင်း များကို တေးသံရှင်ဘိုဖြူက သီဆို ဖျော်ဖြေချိန်တွင် ပရိသတ်များက လိုက်ပါသီဆိုရင်း ကခုန်နေကြသည့် မြင်ကွင်းသည် အဝေးမှလှမ်းမြင်ရပါက လူလှိုင်းလုံးကြီးများ ရွေ့လျား လှုပ်ရှားနေသကဲ့သို့ ထင်မှတ်ရသည်။

ရေပက်ခံမော်တော်ယာဉ် ခေါင်မိုးများပေါ်တွင် ကခုန်နေကြသူများ၊ မဏ္ဍပ်ရှေ့တစ်လျှောက်နေရာအကြား အလပ်မရှိ ကခုန်နေကြသူများအား စည်းကမ်းတကျ ထိန်းသိမ်းနိုင်မှုကြောင့် သင်္ကြန်က အကျည်းတန် ရုပ်ဆိုးမှုမရှိခဲ့သည်ကိုလည်း တွေ့ရသည်။

မီရာမိုရ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ ရုပ်ရှင်သရုပ်ဆောင် မေသန်းနုက နွေဦးကဗျာသီချင်း သီဆိုဖျော်ဖြေမှုကိုလည်း ပရိသတ်နှင့်အကြိုက် တွေ့လှသည်မို့ အတော်မြူးကြ၍နေခဲ့သည်။ ထို့ပြင် တေးသံရှင်၊ ရုပ်ရှင်သရုပ်ဆောင် ဖိုးသောကြာက "နဂါးနီ" သီချင်းကို သီဆိုဖျော်ဖြေချိန်တွင် မြူးကြွပျော်ရွှင်မှုတ များစွာ သက်ဝင်လှသည်။

"နေပြည်တော်သင်္ကြန်ကို ဒီနှစ်မှ ပထမဆုံးဆင်နွှဲဖူးတာပါ၊ အရမ်းပျော်ပါတယ်။ နေပြည်တော်ပရိသတ်တွေက အတော်ကိုယဉ်ကျေးပါတယ်။ ဟောဟော့ရမ်းရမ်း မတွေ့ရသလောက်ပါပဲ၊ Sky Net မဏ္ဍပ်က စတုဒိသာ အကျွေးအမွေးတွေနဲ့ မရိသတ်ကို ဧည့်ခံကျွေးမွေးတာတွေ့ရတော့ ကုသိုလ်အများကြီးရတဲ့ မွဲလို့ ဆိုချင်ပါတယ်။ နေပြည်တော် မရိသတ်ကိုရော၊ Sky Net မိသားစုကိုရော၊ အတူပါဝင်ဖျော်ဖြေပေးတဲ့ အနုပညာညီအစ်ကို မောင်နှမအားလုံးကို အရမ်းကျေးဇူးတင်ပါတယ်" ဟု သီချင်းသုံးပုဒ်ဖြင့် ပရိသတ်ကို အားရပါးရဖျော်ဖြေပြီးနောက် ခေတ္တအနားယူချိန်တွင် တေးသံရှင် သရုပ်ဆောင် ချစ်သုဝေက ပြုံးရွှင်စွာဖြင့် ပြောကြားခဲ့သည်။

သင်္ကြန်အကြတ်နေ့က နေပြည်တော်ဟိုတယ်ဇုန်ရှိ Naypyitaw Fc ရေကစားမဏ္ဍပ်တွင် ရေပက်ခံကားများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

Sky Net မဏ္ဍပ်အနောက်ဘက် မလှမ်းမကမ်းတွင် တစ်နေ့တာလုံး ကျွေးမွေးဧည့်ခံလျက်ရှိသော စတုဒိသာမဏ္ဍပ်တွင် ဝင်ရောက်စားသုံးနေကြသည့်ရေပက်ကစားသူပရိသတ်များဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။

နေပြည်တော်မြို့တော်ဝန် မတာသင်္ကြန်မဏ္ဍပ်တွင် စန္ဒရားကွန်းဇော်တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင်များက သီဆိုဖျော်ဖြေကြပြီး ဝန်ကြီးဌာနများမှ ယိမ်းအဖွဲ့များက အတ၊ အလှများဖြင့် ညီညီညာညာ စုပေါင်းတင်ဆက်ကပြ ဖျော်ဖြေကြသည်။ ရေပက်ခံလွတ်လာသည့် သင်္ကြန်ချစ်သူများသည်လည်း ဤမဏ္ဍပ်ရှေ့တွင် စည်ကားများပြားလျက်ရှိသည်ကို မြင်တွေ့ခဲ့ရသည်။ (သတင်းစဉ်)

မန္တလေးမြို့တော်ရေသဘင်ပွဲ ဆင်နွှဲသူများဖြင့်စည်ကား

မန္တလေး မေ ၁၅

ယနေ့သည် ၁၃၇၅ ခုနှစ် မဟာသင်္ကြန်အကြတ်နေ့ဖြစ်သည်။တစ်နှစ်တွင် တစ်ကြိမ်သာ တန်ခူးလ၌ ရေကစားခွင့်ကြုံသဖြင့် မိသားစုအလိုက်၊ အုပ်စုအလိုက် ရေပက်ခံထွက်ကြသူများမှာ မော်တော်ယာဉ်များဖြင့် လည်းကောင်း၊ မော်တော်ဆိုင်ကယ်၊ စက်ဘီးတို့ဖြင့် လည်းကောင်း၊ ခြေကျင်လျှောက်၍ လည်းကောင်း မန္တလေးမြို့ မဟာသင်္ကြန်ပွဲတော်၌ မန္တလေးနန်းမြို့ ကျုံးတော်ကြီး ပတ်ပတ်လည်ရှိ ရေကစားမဏ္ဍပ်များနှင့် ဖျော်ဖြေရေးမဏ္ဍပ်များတွင် ကြည်လင်အေးမြ ပြည့်လျှံနေသော ကျုံးကော်ကြီးရေဖြင့် အတာရေပက်ဖျန်းကစားနေကြသူများဖြင့် စည်ကားသိုက်မြိုက်ကြည်နူးစွာ ပါဝင်ဆင်နွှဲကျင်းပလျက်ရှိကြပြီး မန္တလေးမြို့ထော်သူမြို့တော်သားများအပြင် နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံအရပ်ရပ်မှ ပြည်သူများပါ မန္တလေးသင်္ကြန်ကို လာရောက်ဆင်နွှဲလျက်ရှိသည်ကို တွေ့ရသည်။

သင်္ကြန်အကြတ်နေ့က မန္တလေးမြို့တွင် ရေပက်ခံကားများ ရေပက်ကစားသူများဖြင့် စည်ကားလျက်ရှိစဉ်။ (ဓာတ်ပုံ-မောင်ဘဦး)

သင်္ကြန်အကြတ်နေ့ နံနက်ပိုင်းတွင် မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မောင်းနှင့် အဖွဲ့ဝင်များ၊ သင်္ကြန်မိသားစုဝင်များသည် သင်္ကြန်ရေကစားမဏ္ဍပ်များသို့ လှည့်လည်သွားရောက်ကာ သင်္ကြန်မဏ္ဍပ်များမှ မိသားစုတို့နှင့်အတူ သင်္ကြန်ရေကစားပြီး သင်္ကြန်မဏ္ဍပ်တို့မှ နာမည်ကြီးတေးဂီတအဖွဲ့များနှင့် တွဲဖက်၍ ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင်များ၊ တေးသံရှင်အဆိုတော်များနှင့် သင်္ကြန်ယိမ်းအကအဖွဲ့ဝင် လှပျိုဖြူများ၏ အဆိုအကအလှများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်မှုတို့ကို အားပေးကြည့်ရှုကာ မြန်မာ့ရိုးရာနှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကို တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

ညနေပိုင်းတွင်လည်း ကျုံးအနောက်ဘက်ရှိ နွေဦးကဗျာသင်္ကြန်ရေတစား မဏ္ဍပ်၊ ကိန္နရီရေနန်းသင်္ကြန်မဏ္ဍပ်၊ မန္တလေးမြို့တွင်းမှ (၇၈)လမ်းပေါ်ရှိ ရတနာပုံဈေးပိသာ၏ PANDORA သင်္ကြန်ရေကစားမဏ္ဍပ်၊ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးရှိ သင်္ကြန်ရေကစားမဏ္ဍပ်များ၊ ကျုံးတောင်ဘက်ရှိ နန်းမြို့သူသင်္ကြန်မဏ္ဍပ်၊ မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၊ Alpine သင်္ကြန်ရေကစားမဏ္ဍပ်၊ Mritirne သင်္ကြန်ရေကစားမဏ္ဍပ်၊ Lasvegas သင်္ကြန်ရေကစားမဏ္ဍပ်အစရှိသည့် ဌာနဆိုင်ရာနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ သင်္ကြန် ရေကစားမဏ္ဍပ် တို့တွင် ခေတ်ပေါ် တေးဂီတအဖွဲ့များနှင့် တွဲဖက်၍ သင်္ကြန်အကအဖွဲ့များ၊ နာမည်ကြီးအဆိုတော်များ တေးသံရှင်များ၊ ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင်များက ခေတ်ပေါ်တေးဂီတ သင်္ကြန်တေးသီချင်းများကို ဖျော်ဖြေကြရာ ရေပက်ခံရေကစားကြသူများဖြင့် အသူးစည်ကားလှပြီး ပျော်ရွှင်စွာ ရေကစားကြသည်ကို တွေ့ရှိရသည်။

သင်္ကြန်အကြတ်နေ့က မန္တလေးမြို့တွင် ရေပက်ခံကားများ ရေပက်ကစားသူများဖြင့် စည်ကားလျက်ရှိစဉ်။ (ဓာတ်ပုံ-မောင်ဘဦး)

ထို့ပြင် မန္တလေးမြို့တော်တွင် ရေသဘင်ပွဲတော်ဆင်နွှဲကြသူများ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတွင် မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်၊ စန္ဒာမုနိဘုရားတို့အပြင် အမရပူရမြို့နယ်ရှိ တောင်သမန်အင်း မည်စည်ပင်တန်းနှင့် ဦးပိန်တံတားတို့တွင် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များနှင့် စက်ဘီးများဖြင့် လာရောက်အေးနိုပ်ခိုအပန်းဖြေအနားယူသူများ၊ ရေပက်ခံလာရောက်ကြသည် ပြည်သူများဖြင့် အတူးစည်ကားလျက်ရှိပြီး၊ ဥပုသ်သီတင်းသီလစောင့်ထိန်းကာ ဒါနသီလဘာဝနာတရား အားတုတ်သူများကိုလည်း ကြည်ညိုစွာတွေ့ရှိရသည့်အပြင် အမရပူရမြို့တွင်းမှ သင်္ကြန်ရေကစားမဏ္ဍပ်များ သင်္ကြန်တေးသီချင်းများကို အဆိုအကများဖြင့် ပျော်ရွှင်စွာဖျော်ဖြေတင်ဆက်ကြရာ ရေပက်ခံသူများ၊ ရေကစားကြသူများနှင့် အထူးစည်ကားလျက်ရှိသည်။

ညပိုင်းတွင် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်မှ ပြိုင်ပွဲဝင် သင်္ကြန်အလှပြယာဉ်များ သင်္ကြန်သံချပ်အဖွဲ့များကို စိစစ်အတဲဖြတ်လျက်ရှိပြီး သင်္ကြန်လှပျိုဖြူများက ခေတ်ပေါ်တေးဂီတအဖွဲ့များနှင့် တွဲဖက်၍ အဆို အတီး အက အလှများနှင့် ဧည့်ခံဖျော်ဖြေ၍ နာမည်ကြီး ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ တေးသံရှင်များကလည်း သင်္ကြန်တေးသီချင်းမျ[...] ပြည်သူများအဖ[...] သီချင်းများဖြင့်[...] ဖျော်ဖြေကြရာ[...] စည်ပင်သာယ[...] ဝန်ကြီး ဦး[...] တိုင်းဒေသကြီး[...] တော်များ၊ မြို့[...] ရှေ့ဆော်မတီ[...] သော ဧည့်သည်[...] အားပေးကြပြီး[...] တွင် အား[...] သင်္ကြန်ချစ်သူ[...] စည်ကားလျက်[...] သည်။

တင်မောင်[...]

သင်္ကြန်အကြတ်နေ့က မန္တလေးမြို့တွင် ကျ[...] ရေပက်ကစားနေသည်ကို တွေ့ရစဉ်။ ([...]

သင်္ကြန်အကြတ်နေ့က မန္တလေးမြို့တွင် ရေပက်ခံကားများ ရေပက်ကစားသူများဖြင့် စည်ကားလျက်ရှိစဉ်။ (ဓာတ်ပုံ-မောင်ဘဦး)

ရန်ကုန်မြို့၌ မဟာသင်္ကြန်အကြတ်နေ့[...]

ရန်ကုန် မေ ၁၅

နှစ်ဟောင်းမှ အညစ်အကြေးများကို အတာရေဖြင့် ဆေးကြောသန့်စင်သည့် မဟာသင်္ကြန်မှာ အကြတ်နေ့သို့တိုင် ရောက်ရှိလာပြီဖြစ်ပြီး ရန်ကုန်မြို့၌ မဟာသင်္ကြန်အကြတ်နေ့ကို သင်္ကြန်ချစ်သူများသည် ပျော်ရွှင်စည်ကားစွာဖြင့် ဆက်လက်ဆင်နွှဲကြသည်။

ပြည်လမ်း ပြည်သူ့ရင်ပြင်ရှေ့ရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ မြန်မာ့ရိုးရာ မဟာသင်္ကြန်မဏ္ဍပ်၌ ယနေ့ နံနက်ပိုင်းမှစ၍ ရေပက်သူများ၊ ရေပက်ခံသူများ၊ ကြည့်ရှုအားပေးသူများဖြင့် သက်ဝင်လှုပ်ရှားလျက်ရှိပြီး တေးသီချင်းများဖြင့် ဖျော်ဖြေလျက်ရှိသည်ကိုလည်းတွေ့ရသည်။

ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ယနေ့ နံနက် ၈ နာရီမှစ၍ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကော့ပေါ်ကျေးရွာမှ တိုင်းရင်းသားရိုးရာ(ကရင်)အဖွဲ့(၁)၊ (၂)၊ (၃)နှင့် ထားဝယ်၊ မွန်၊ ရခိုင်ရိုးရာအကအဖွဲ့များက တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေကြသည်။

ရိုးရာယဉ်ကျေးမှုအဆိုအကများ ကြည့်ရှုခံစားအပြီးတွင် 21st Play Boy Rock Band နှင့်အတူ ပလေးဘွိုင်သန်းနိုင်၊ စိုးပိုင်၊ ခိုင်ထူး၊ ဘန်နီဖြိုး၊ နီနီခင်ဇော်၊ အေးသင်ချိုဆွေ၊ စုမျိုး၊ ဘေဘီဝါ၊ ပြည့်ဖြိုးတို့က ပရိ[...] တေးသီချင်းမျ[...] သည်။

ရန်ကုန်တိုင်[...] မဏ္ဍပ်ကြီး၊ [...] ဆောက်လုပ်၍[...]

သင်္ကြန်အကြတ်နေ့က ရန်ကုန်မြို့ မြို့တော်ခန်းမ[...] တွေ့ရစဉ်။

ပျော်ရွှ[...]
မြန်မာ[...]

...မြို့၌ မဟာသင်္ကြန်အကြတ်နေ့ကို ပျော်ရွှင်စည်ကားစွာဖြင့် ဆက်လက်ဆင်နွှဲ

...ဂ ၁၅
...စ်အကြေးများ
... ဆေးကြော
...ာသင်္ကြန်မှာ
...ရောက်ရှိလာပြီ
... မဟာသင်္ကြန်
...သင်္ကြန်ချစ်သူ
...ည်ကားစွာဖြင့်
...သည်။
...ရှင်ပြင်ရှေ့ရှိ
...ကြီးအစိုးရအဖွဲ့
...သင်္ကြန်မဏ္ဍပ်၌
...၍ ရေပက်သူ
...ား၊ ကြည့်ရှု
...ဂက်ဝင်လုပ်ရှား
...ီချင်းများဖြင့်
...ကိုလည်းတွေ့ရ
...ခန်းမရှေ့ရှိ
... မဟာသင်္ကြန်
... ၈ နာရီမှစ၍
...ိုင်းဘွဲ့မြို့နယ်
... တိုင်းရင်းသား
...)၊ (၂)၊ (၃)နှင့်
...ိုးရာအကအဖွဲ့
...သားရိုးရာအက
...သည်။

ရိုးရာယဉ်ကျေးမှုအဆိုအကများ ကြည့်ရှုခံစားအပြီးတွင် 21st Play Boy Rock Band နှင့်အတူ ဝလေးဘွိုင်သန်းနိုင်၊ စိုးပိုင်၊ ခိုင်ထူး၊ ဘန်နီဖြိုး၊ နီနီခင်ဇော်၊ အေသင်ချိုဆွေ၊ စမျိုး၊ ဘောဘီဝါ၊ ပြည့်ဖြိုးတို့က ပရိသတ်နှစ်သက်သည့် တေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မဏ္ဍပ်ကြီး၊ မဏ္ဍပ်ငယ်များ ဆောက်လုပ်၍ အတာသင်္ကြန်ကို ပျော်ရွှင်စွာ ဆင်နွှဲကြသကဲ့သို့ ရပ်ကွက်အလိုက်၊ လမ်းအလိုက် ရိုးရာမပျက် အနုလက်မဏ္ဍပ်ငယ်များထိုး၍လည်း ရေပက်ကစားကြသည်။ မိဘအုပ်ထိန်းသူများ၏ ကွပ်ကဲမှုဖြင့်လည်း ကလေးငယ်

သင်္ကြန်အကြတ်နေ့က ရန်ကုန်မြို့ မြို့တော်ခန်းမ ရေကစားမဏ္ဍပ်ကို တွေ့ရစဉ်။

(သတင်းစဉ်)

မဟာသင်္ကြန်ကာလအတွင်း တစ်ဦးချင်းရော၊ အသင်းအဖွဲ့များအလိုက်ပါ စတုဒိသာကျွေးမွေး လှူဒါန်းမှုများရှိရာ ကျောက်တံတားမြို့နယ် အနော်ရထာလမ်း(၃၉)လမ်းနှင့် လမ်း (၄၀)ကြားရှိ မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် တောင်တန်းဒေသ သာသနာ့နွယ်ပြဟ အသင်းက ယနေ့ နံနက်ပိုင်းတွင် မုန့်ဟင်းခါးကျွေးမွေးလှူဒါန်းသည်။ ဗိုလ်တထောင်မြို့နယ် (၆)ရပ်ကွက် (၄၄)လမ်း မိသားစုကလည်း ကြက်သား ပလာတာဖြင့် စတုဒိသာ ကျွေးမွေးဒါနပြုသည်။

(၄၄)လမ်းမိသားစု စတုဒိသာ အလှူဖြစ်ပြောက်ရေးမှ ဦးမောင်မောင်အေးက "(၄၄)လမ်းနိဗ္ဗာန်ဆော် လူငယ်အဖွဲ့က အလှူငွေ မတည်ပြီး လမ်းထဲမှာရှိတဲ့ အလှူရှင်တွေက သဒ္ဓါပေါက်အလှူငွေတည့်တဲ့အတွက် မဟာသင်္ကြန်အကြိုနေ့ တနေ့ နှစ်ဆန်း ၁ ရက်နေ့အထိ ကျွေးမွေးလှူဒါန်းသွားမှာဖြစ်ပါတယ်။ အလှူရှင်တွေကလည်း တစ်နှစ်ထက်

သင်္ကြန်အကြတ်နေ့က ရန်ကုန်မြို့တော်ခန်းမဟာသင်္ကြန်မဏ္ဍပ်၌ စည်ကားလျက်ရှိစဉ်။ (ဓာတ်ပုံ-ခင်မောင်ဝင်း)

မှာပါ" ဟု ပြောပြသည်။

အလှူဒါနပွဲများနှင့်အတူ သင်္ကြန်ပွဲတော်ပွဲများလည်း ကျင်းပသွားမည်ဖြစ်ရာ ကျောက်တံတားမြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ အသက်(၈၀)နှင့်အထက် ဘိုးဘွားများပူဇော်ကန်တော့ပွဲကို မေ ၁၇ ရက် နံနက် ၈ နာရီတွင် ဆိပ်ကမ်းသာလမ်းရှိ ဆိပ်ကမ်းသာမွှေ့ရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်အကြတ်နေ့က ဗဟိုမြို့နယ် မိုင်ဒါကွင်းတွင် MRTV-4 ၏ ပျော်ရွှင်ဖွယ် တဲစားကွက်အစီအစဉ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ဌေးအောင်)

သင်္ကြန်အကြတ်မနေ့က မန္တလေးမြို့တွင် ကမ္ဘာလှည့်ခရီးသွားများ ရေပက်ကစားနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-မောင်ဘဦး)

...လှပျိုဖြူများက
...အဖွဲ့များနှင့်
...၊ အက၊ အလှ

...ရေပက်ကစား
...-မောင်ဘဦး)

များနှင့် ဧည့်ခံဖျော်ဖြေ၍ နာမည်ကြီး ရှင်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ တေးသံရှင်များကလည်း သင်္ကြန်တေးသီချင်းများနှင့် သင်္ကြန်ချစ်ပြည်သူများအကြိုက် ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုတပြ ဧည့်ခံဖျော်ဖြေကြရာ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးပန်ကြီးဌာနဝန်ကြီး ဦးအောင်မောင်းနှင့် ဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဧည့်သည်တော်များ၊ မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များက ကြည့်ရှုအားပေးကြပြီး သင်္ကြန်မဏ္ဍပ်ရှေ့တွင် အားမေးကြည့်ရှုကြသည့် သင်္ကြန်ချစ်သူ၊ ပြည်သူများ အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

တင်မောင်(မန္တလေး-ကိုယ်ပွား)

ပျော်ရွှင်စွာ ဆင်နွှဲ
မြန်မာတို့ သင်္ကြန်ပွဲ

များက ရေပြွတ်၊ ရေမိုက်၊ ရေခွက်ငယ်များဖြင့် ရေကစားကြသည်ကိုလည်းတွေ့ရသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကန်တော်ကြီး ကန်ပတ်လမ်းတစ်လျှောက်၌ ရွှေပိတောက်၊ Neptune၊ Black Culture၊ Party Rock၊ နှေပိတောက်၊ ပိတောက်ရွှေပါ၊ Underground၊ Blizard၊ သင်္ကြန်မိုး၊ Road Runner၊ ကောင်းခြင်းသင်္ကေတ၊ ရွှေပိတောက်ဝါ၊ X_2O စသည့် ရေကစားမဏ္ဍပ်အများအပြားရှိရာ ကန်တော်ကြီး၊ တိရစ္ဆာန်ဥယျာဉ်စသည့် အပန်းဖြေအနားယူနိုင်သည့် နေရာများနှင့် ဆက်စပ်ပြီး ရေပက်ခံသူ ပိုမိုများပြားသည်ကို တွေ့ရသည်။

ကျောက်မြောင်းကြီး(စံပြ) ရပ်ကွက် ဗညားဒလလမ်း၌ စတုဒိသာကျွေးမွေးလှူဒါန်းနေမှုကို တွေ့ရစဉ်။

(ကြေးမုံ)

တစ်နှစ် ပိုများလာပါတယ်။ အကြိုနေ့မှာ အုန်းနို့ခေါက်ဆွဲ၊ အကျနေ့မှာ ရွှေရင်အေး၊ ဒီနေ့ အကြတ်နေ့မှာ ကြက်သားပလာတာ၊ အတက်နေ့မှာသီးစုံထမင်းဟင်းနဲ့ နှစ်ဆန်း ၁ ရက်နေ့မှာ ထောပတ်ထမင်း ကြက်သား ကျွေးမွေးလှူဒါန်းသွား

ယာဉ်ထိခိုက်မှု၊ ခိုက်ရန်ဖြစ်ပွားမှုနှင့် အခြားထိခိုက်မှုများကြောင့် သင်္ကြန်အကြိုနေ့ ဧပြီ ၁၃ ရက်နှင့် သင်္ကြန်အကျနေ့ ဧပြီ ၁၄ ရက်တို့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ကျား၊မ လူနာ ၂၅၆ ဦး ရောက်ရှိခဲ့ပြီး တာဝန်ကျဆရာဝန် ဆရာမများက

ပြုစုကုသစောင့်ရှောက်မှုများပေးခဲ့သည်။ သင်္ကြန်အကြိုနေ့ နံနက် ၁၁ နာရီခွဲခန့်တွင် သာကေတမြို့နယ်၌ ရေကစားနေသည့် (၀၃)နှစ်အရွယ် မိန်းကလေးတစ်ဦး ဘတ်စ်ကားတိုက်မိပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်စဉ် လမ်းခရီး၌ သေဆုံးခဲ့ကြောင်းလည်း သိရသည်။

(သတင်းစဉ်)

သင်္ကြန်အကြတ်နေ့က လသာမြို့နယ် အနော်ရထာလမ်းတစ်လျှောက် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၆-၄-၂၀၁၃ (အင်္ဂါနေ့)

၇း၀၃	တရားတော်
၇း၃၅	မြန်မာသံစဉ် ချိုနားဝင်
၇း၄၅	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	မြန်မာသင်္ကြန်
၅း၂၂	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်မြင် (ဒုတိယတွဲ) (အပိုင်း-၉၅)
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်လွှမ်းမယ့်တို့အနက်ဖြန် (အပိုင်း - ၂၄)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင်ပေါင်ချိန်" (အပိုင်း-၂၆)

သင်္ကြန်ပုံရိပ်များ

ပခုက္ကူမြို့

ပခုက္ကူမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန် အကြတ်နေ့က မြို့ပေါ်ရပ်ကွက်ရှိ ခရိုင်မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီရုံး၏ ဆုပေးမဏ္ဍပ်တွင် သံချပ်အဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်လျက် ရှိကြစဉ်။ **အောင် (မန်းတက္ကသိုလ်)**

ရခိုင်ရိုးရာသင်္ကြန်ပွဲတော်(ရန်ကုန်)၏ (၁၀)ကြိမ်မြောက် ရခိုင်သင်္ကြန်ကို ဧပြီ ၁၅ ရက်က သုဝဏ္ဏဘောလုံးအားကစားကွင်း၌ ကျင်းပရာ ရသေ့တောင်မြို့နယ် (မေယုသဇင်)ရေလောင်းမဏ္ဍပ်တွင် လောင်းလှေဖြင့် ပျော်ရွှင်စွာ ရေလောင်းနေကြစဉ်။ (ကြေးမုံ)

မြိတ်မြို့

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ဗဟိုမဏ္ဍပ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် အကျနေ့တွင် တရင်ရိုးရာဒုံးယိမ်းအကဖြင့် မြူးမြူးကြွကြွ ကပြဖျော်ဖြေစဉ်။
(ခရိုင်ပြန်/ဆက်)

စစ်တွေမြို့ လမ်းမကြီးနှင့် တမ်းနားလမ်းတစ်လျှောက် ကြက်ပျံမကျစည်ကားနေပုံ။ (ဝိဇ္ဇာ)

မြင့်တက်လျက်ရှိသောအပူချိန်ကို အန်တုလျက် ကလေးဒေသခံပြည်သူများ သင်္ကြန်အကျနေ့တွင် အတာသင်္ကြန်ပွဲ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲ။ (ဂျူနိုင်း)

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004
အရိုးကျီးပေါင်း၊ ခါးဆစ်နာ၊ အကြောညပ် စသောကျောရိုးဆစ်နှင့်
အခြားအရိုးအကြောဆိုင်ရာရောဂါများကုသမှုအစီအစဉ်
လည်ပင်းအရိုးကျီးပေါင်းဝေဒနာ၊ ခါးနာ၊ အကြောညပ် စသောခါးဆစ်ရိုးနှင့်အခြားအရိုးအကြောဆိုင်ရာရောဂါများကို
မလေးရှားနိုင်ငံမှ အရိုးအကြောရောဂါဆိုင်ရာ အထူးကုဆရာဝန်ကြီး ကိုယ်တိုင်
ဧပြီလ ၂၄ ရက်မှ ၂၆ ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ကုသပေးမည်ဖြစ်ပါသည်။

"နှလုံးရောဂါဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်"
နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးကြွက်သားနှင့်သွေးကြောဆိုင်ရာရောဂါများ၊ မွေးရာပါနှလုံးရောဂါ၊ နှလုံးအဆို့ရှင်ရောဂါ နှင့်
အခြားနှလုံးရောဂါအမျိုးမျိုးတို့အား မြန်မာဆရာဝန်ကြီးများနှင့် အိန္ဒိယနိုင်ငံမှ နှလုံးအထူးကုဆရာဝန်ကြီးများ
ပူးပေါင်း၍ ဧပြီလ ၂၄ ရက်မှ ၂၆ ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင် လာရောက်ကုသပေးမည်ဖြစ်ပါကြောင်း
သတင်းကောင်းပါးအပ်ပါသည်။
ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ (၀၉) ၄၂၀၄၂၆၇၉၊ (၀၁) ၂၄၃၀၁၀ / မန္တလေး - (၀၉) ၄၃၂၀၇၇၈၀

ပြည်တွင်းရေးရာ

နားလည်မှုတွေလွဲမယ့်အချိန်ကို ကြောက်ပါတယ်

စံစိန်ဖဟ

ကျုပ်တို့နေပြည်တော်ကြီးမှာ မြို့မဈေးဆိုတာရှိသဗျ။ အဲဒီက ထွက်လာရင် မဟာဇေယျလမ်းနဲ့ တောင်ညီု လမ်းဆုံကို ရောက်သပေါ့။ စကားစပ်ထို့ပြောရရင် ကျုပ်တို့နိုင်ငံ အနေအထားနဲ့ လမ်းဆုံတိုင်းမှာ မီးပွိုင့် မထားနိုင်သေးတာလည်း နားလည်ပါရဲ့။ ဒီလိုလေးတော့ နားလည်မှုနဲ့ ခရီးဆက်နေကြရတာပဲလေ။ တောင်ညီုလမ်းအတိုင်း သွားကြတဲ့ ကားတွေကိုစောင့်ကြည့်ပြီး မဟာဇေယျလမ်း (ပုံမှာ D လို့ပြထား)က ထွက်လာတဲ့ယာဉ်တွေ၊ မဟာဇေယျလမ်းကို ဝင်မယ့်ယာဉ်တွေမောင်းကြရတာပေါ့။ တစ်ချိန်တုန်းက အထိတော့ အဆင်ပြေနေပါရဲ့။ နည်းနည်းလေး ဆိုးသွားတာက မြို့မဈေးက ဈေးသွားဈေးလာတွေ အဆင်ပြေစေဖို့ လမ်းသစ်တစ်ခု(ပုံမှာ C လို့ပြထား)ကို လူကြီးများက စေတနာနဲ့ဖောက်ပေးလိုက်တာကစပြီး ကျုပ်တို့မလည်းရင်တမမနဲ့ ခရီးဆက်လာရတာ ဒီနေ့ထိပေါ့လေ။ အစကန်းကတော့ မီးပွိုင့်လေး ဘာလေးများ လာလေမလားမျှော်မိပါရဲ့။ နောက်တော့လည်း ပေါ်မလာပေါ်မလာနဲ့ ယာဉ်မောင်းတွေ အချင်းချင်းပဲ နားလည်မှုနဲ့ ချီတက်ခဲ့ကြပါတယ်။

တစ်ရက်တော့ D ဆိုတဲ့ မဟာဇေယျထမ်းဘက်က ကျုပ်ကဆင်းပြီး B ဘက်ကိုအသွား၊ C ဘက်က ထွက်လာတဲ့ ဆိုင်ကယ်တစ်စီးက A ဘက်ကိုအလာ ပွေ့ဖက်ဖို့ ကြံပါရော။ ကျုပ်လည်း စိတ်ကလေးထွက်လို့ နည်းနည်းလေး မေတ္တာပို့မယ်ကြံတုန်းရှိသေး၊ သူက အရင်ဦးအောင် ဆဲသွားတာမို့ ငြိမ်နေလိုက်မိပါရဲ့။ ရင်တော့ အတော်ကလေးခုန်သွားမိသား။ နှစ်ပါးသွားဖို့က တစ်တောင်လောက်ပဲ လိုတော့သကိုး။

နောက်တစ်ကြိမ်ကျတော့ ကျုပ်က သပြေကန်း B ဘက်ကအလာ D ဘက်ကိုအဝင်။ C ဘက်က ထွက်ပြီး A ဘက်ကို ထိုးဝင်လာတဲ့ ဆိုင်ကယ်နဲ့ ကြုံပြန်ပါရော။ ဒီတစ်ခါတော့ ကျုပ်က ဦးတယ်တွက်လို့ ကားပြတင်းပေါက်က ခေါင်းထွက်ပြီး “(Signal) အချက်ပြထားတာမတွေ့ဘူးလား” ဆိုပြီး နှိပ်လိုက်သပေါ့။ ဒါလည်း နောက်ဆုံးတော့ မချိသွားဖြဲ ကျန်ခဲ့ရတာပါပဲ။ “ကျွန်တော်တို့လည်း အချက်ပြထားတာပဲဗျ”တဲ့လေ။ ဖြစ်ပုံက။ သူပြ ကိုယ်ပြ ဖြစ်သွားပုံရပါတယ်။ ဒီတစ်ခါတော့ တစ်ထွာလောက်ပဲ လိုတယ်။ တဖြည်းဖြည်းတော့ သံယောဇဉ်ကြီးလို့ နီးလာသပေါ့။

ကျုပ်လည်း ပြန်ဆင်ခြင်ပါတယ်။ “ငါများ သတိတရားတော်တော်နည်းနေပြီလား” ဆိုပြီးတော့ပေါ့လေ။ အဲဒါနဲ့ အားလပ်ရက်တစ်ရက်၊ ထမင်းဟင်းတောင် မချက်ဘဲ အဲဒီလမ်းဆုံကိုသွား၊ သစ်ပင်ရိပ်မှာ အခန့်သားထိုင်လို့ အဲဒီလမ်းဆုံကြီးကို လေ့လာတော့တာ။ လားလား--- မြတ်စွာဘုရား။ A ကနေ D ကို ဝင်မယ့်ယာဉ်တွေနဲ့ B ကနေ A ကို လာတဲ့ယာဉ်တွေ၊ A ကနေ C ကို ဝင်မယ့်ယာဉ်တွေနဲ့ B ကနေ D ကို ဝင်မယ့်ယာဉ်တွေ၊ A ကနေ C ကို ဝင်မယ့်ယာဉ်တွေနဲ့ D ကနေ B ကို ထွက်လာတဲ့ယာဉ်တွေ၊ တကတည်း လိမ်ကောက်နေတဲ့ လမ်းကြောင်းပေါ်မှာ ပွတ်ကာသီကာနဲ့ ရင်ဆိုင်လိုက်ကြတာများ မနည်းဘူးကိုး။ တချို့လည်း ပြုံးလို့ဖြေရှင်းကြ၊ တချို့လည်း ဆဲကြဆိုကြ စုံလို့ပေါ့လေ။ ဒီထိုနဲ့ နည်းမျိုးစုံ နားလည်မှုအဖုံဖုံ ယူကြသပေါ့။ ဘယ်သူမှတော့ ရဲတိုင်၊ ဂိတ်တိုင်မလုပ်ကြတာ မင်္ဂလာရှိပ့်။

ဆိုးတာက ဒါကြီးကို ပြေလည်အောင် ကျုပ်မလည်း အကြံဉာဏ်ကမရှိ၊ တတ်သိသူများဝင်ပြီး အကြံပေးနိုင်ဖို့သာ၊ ဆောင်ရွက်ပေးနိုင်ဖို့သာ ဆုတောင်းရသပေါ့။ နောက်ဆုတောင်းတစ်ခုကတော့ တာဝန်ရှိသူများ ဖြေရှင်းမပေးနိုင်ခင် အဲဒီလမ်းဆုံက နားလည်မှုရှိကြတဲ့ ယာဉ်မောင်းတွေ နားထည်မှုပျက်ချိန် ဘယ်တော့မှ မရောက်ပါစေနဲ့လို့ပါပဲ။

သတိပေးနှိုးဆော်ချက်

နေပြည်တော်ထွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဖရဲသီးစားသုံးခြင်းဖြင့် သွေးပေါင်ချိန်လျှော့ကျနိုင်

ဖရဲသီးစားသုံးခြင်းသည် နှလုံးရောဂါနှင့် လေသင်တုန်းဖြတ်ရောဂါတို့တွင် အဓိကအန္တရာယ်ဖြစ်သည် သွေးပေါင်ချိန်ကို လျှော့ကျနိုင်ကြောင်း လေ့လာချက်တစ်ရပ်အရသိရသည်။

အဆိုပါလေ့လာချက်တွင်ပါဝင်သူ သွေးတိုးရောဂါရှိသည့် ကိုးနှစ်အရွယ် လူငယ်များကို ဖရဲသီးမှထုတ်ယူရရှိသည့် L-citrulline ဓာတ် ခြောက်ဂရမ်ကို သီတင်းပတ်ခြောက်ပတ်စားသုံးခြင်းဖြင့် သွေးပေါင်ချိန်ပုံမှန်ပြန်ဖြစ်လာသည်ကို တွေ့ရှိကြောင်း ဖလော်ရီဒါပြည်နယ်တက္ကသိုလ်မှ အစားအသောက်ဆိုင်ရာသိပ္ပံပညာရှင်များ၏ လေ့လာချက်အသစ်တစ်ရပ်အရ သိရသည်။

ဖရဲသီးစားသုံးခြင်းဖြင့် သွေးတိုးနေချိန်တွင် သွေးလွှတ်ကြောမကြီးအတွင်း သွေးလည်ပတ်မှုကို ပိုမိုကောင်းမွန်စေသည်။ သို့သော် အခြားတစ်ဖက်တွင်လည်း ကျန်းမာသန်စွမ်းသည် လူလတ်ပိုင်းအရွယ် အမျိုးသား၊ အမျိုးသမီးများသည် ကျန်းမာသန်စွမ်းကြရန် ဖရဲသီးကို စားသုံးကြသည်။

ဖရဲသီးအလုံးကြီးတစ်လုံးတွင် ကျန်းမာသောသူများ၏ ပုံမှန်သွေးပေါင်ချိန်အတိုင်းထိန်းညှိပေးသည် အမိုင်နိုအက်ဆစ်၊ L-citrulline ဓာတ်ထိုကြွယ်ဝစွာပါဝင်သည်။ L-citrulline ဓာတ်သည် ကိုယ်ခန္ဓာအတွင်း၌ အခြားသော အမိုင်နိုအက်ဆစ်တစ်မျိုးဖြစ်သည် L-arginine အဖြစ်သို့ အသွင်ပြောင်းသွားသည်။

သို့သော် L-arginine ကို ဖြည့်စွက်အစားအစာအဖြစ်စားသုံးပါက ပျို့အန်ခြင်း၊ အစာအိမ်အူလမ်းကြောင်း အောက်ပိုင်းဆိုင်ရာပြဿနာများနှင့် ဝမ်းလျှောခြင်းတို့ကို ဖြစ်စေနိုင်သည်။ အထူးသဖြင့် သွေးပေါင်ချိန်မြင့်တက်သူများတွင် အဖြစ်များကြောင်း သိရသည်။

မာမာမိုး

အနုပညာ

ဒါရိုက်တာ ပီတာချန်း ဇာတ်ကားသစ် တရုတ်စီးပွားရေးလုပ်ငန်းရှင်များ အထူးစိတ်ဝင်စားလျက်ရှိ

မေ ၁၈ ရက်တွင် ရုံတင်ပြသရန်စီစဉ်ထားသည့် ဒါရိုက်တာ ပီတာချန်း၏ American Dreams in China အမည်ရှိဇာတ်ကားသည် စီးပွားရေးလောကအတွင်း အောင်မြင်မှုရရှိအောင်စွမ်းဆောင်ပုံများကို ပုံဖော်ရိုက်ကူးထားသော ဇာတ်ကားတစ်ကားဖြစ်ရာ ယင်းဇာတ်ကားကို တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများက အထူးစိတ်ပင်စားလျက်ရှိကြကြောင်း သိရသည်။

ယင်းဇာတ်ကားကို Huang Xiaoming၊ Deng Chao နှင့် Tong Dawei တို့က အဓိကသရုပ်ဆောင်များအဖြစ် ပါဝင်သရုပ်ဆောင်ပေးထားကြပြီး တရုတ်စီးပွားရေးလုပ်ငန်းရှင်သုံးဦးက စီးပွားရေးလောကအတွင်း အောင်မြင်မှု ရရှိအောင်ဆောင်ရွက်မည်ဟုသော ၎င်းတို့၏ ကိုယ်စီအိပ်မက်များအား အကောင်အထည်ဖော်ကြပုံများကို ရိုက်ကူးထားသော ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။

American Dreams in China ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ယင်းဇာတ်ကားသည် ၁၉၈၀ ခုနှစ်မှစတင်ကာ ၂၁ ရာစုအထိ နှစ်ပေါင်းသုံးဆယ်ကျော်အတွင်း စီးပွားရေးလောကအတွင်း ပြောင်းလဲဖြစ်ပေါ်လာမှုများကို ရိုက်ကူးတင်ဆက်ထားသော ဇာတ်ကားတစ်ကားလည်း ဖြစ်သည်။

အဆိုပါဇာတ်ကားသည် ဖြစ်ရပ်မှန်ဇာတ်လမ်းကို ရိုက်ကူးတင်ဆက်ထားခြင်းနှင့် စီးပွားရေးလောကသားတို့၏ သဘောသဘာဝကို ထင်ဟပ်စေခြင်းတို့ကြောင့် နာမည်ကျော်စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ အထူးစိတ်ဝင်စားမှုကို ခံခဲ့ရသည်။ ယင်းဇာတ်ကားသည် လွန်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်ကျော်က တရုတ်နိုင်ငံ၏ စီးပွားရေးအခြေအနေနှင့် ယနေ့ခေတ် ပြောင်းလဲလာပုံများကို ရိုက်ကူးထားသည်မှာ ပြောင်မြောက်လှပါကြောင်း တရုတ်နိုင်ငံ၏ အကြီးဆုံး အိမ်ခြံမြေ ရောင်းဝယ်ရေးကုမ္ပဏီတစ်ခုမှ ပိုင်ရှင်တစ်ဦးက ပြောကြားခဲ့သည်။

ပြည်စန္ဒာမြင့်

ဂျပန်နိုင်ငံမှာ လူကြိုက်အများဆုံး ဖုန်း ringtone သီချင်း Blind Love

၂၀၀၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် တောင်ကိုရီးယားအဆိုတော်အမျိုးသားအဖွဲ့ CNBlue၏ နောက်ဆုံးထွက်သီချင်းဖြစ်သော Blind Love အား ဂျပန်နိုင်ငံ၌ ဖုန်း ringtone အဖြစ် နှစ်ခြိုက်စွာ အသုံးပြုကြရာ ဂျပန်နိုင်ငံ၏ လူကြိုက်အများဆုံး ဖုန်း ringtone နံပါတ်တစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရသည်။

ဧပြီ ၁၂ ရက်က Dwango တေးဂီတဝက်ဘ်ဆိုက်၏ ထုတ်ပြန်ချက်အရ CNBlue အဖွဲ့၏ Blind Love သီချင်း ringtone သည် ထိပ်တန်းဖုန်း ringtone စာရင်းဝင်အဖြစ် သတ်မှတ်ခံရကြောင်း ဖော်ပြခဲ့သည်။ Blind Love သီချင်းကို ဧပြီ ၉ ရက်က ဖြန့်ချိခဲ့ပြီး အမျိုးသားတစ်ဦး၏ အတိတ်က မေ့မရသော အချစ်အကြောင်း ရေးဖွဲ့ထားသည့် သီချင်းဖြစ်သည်။

ယင်း CNBlue အဖွဲ့က ၎င်းတို့၏ ပဉ္စမမြောက် ဂျပန်သီချင်းခွေကို ဧပြီ ၂၄ ရက်တွင် ဖြန့်ချိရောင်းချသွားမည့်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဧေယျာလင်း

ဂျက်စတင်ဘီဘာ၏ တေးသီချင်း ဗီဒီယိုအသစ် ဖြန့်ချိ

ကနေဒါပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာ၏ ၂၀၁၂ ခုနှစ်အတွင်းက ထွက်ရှိခဲ့သော ၎င်း၏ Believe အမည်ရှိ တတိယအယ်လ်ဘမ်မှ တေးသီချင်းတစ်ပုဒ်ဖြစ်သော All Around the World တေးသီချင်း၏ ဗီဒီယိုဖိုင်ကို ကမ္ဘာတစ်ဝန်းသို့ ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း ဧပြီ ၁၀ ရက်က ၎င်း၏ တွစ်တာစာမျက်နှာမှတစ်ဆင့် ကြေညာခဲ့သည်။

အဆိုပါတေးသီချင်းဗီဒီယိုထွက်ရှိမှုနှင့်ပတ်သက်ပြီး ကူညီပေးခဲ့ကြသူများအား ကျေးဇူးတင်ရှိပါကြောင်းနှင့် ဘီဘာသွားရောက်ခဲ့ဖူးသည့် ကမ္ဘာအနှံ့အပြားမှ ထူးခြားသော နေရာများကိုပါ ယင်းတေးသီချင်း ဗီဒီယို၌ ထည့်သွင်းရိုက်ကူးထားကြောင်း အဆိုပါ တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြသွားခဲ့သည်။

ထို့ပြင် ယင်းအယ်လ်ဘမ်တွင် အမေရိကန် ရက်ပ်အဆိုတော် Ludacris က ရက်ပ်စာသားများကို ကူညီသီဆိုပေးထားကြောင်း သိရသည်။

မိမိရပ်ရွာ/ရပ်ကွက်တွင်
(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများရှင်းလင်းထားပေးပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နှံသေးအမ်ဖိုတွက်တွင် ...
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နိုးဆော်ပေးပါ။
မီးသတ်ဦးစီးဌာန

BLT Air-Con Express
ကျိုက်ထီးရိုး 10000
ချောင်းသာ 12000
ငပလီ/ချောင်းသာ
09-73160334, 09420033245

ချမ်းမြိုင်-သာစွာ
ကျိုက်ထီးရိုး/ချောင်းသာ
ချောင်းချောင်းသာ
0973198239, 0973163538

GOLDEN STAR Travels & Tours
ရွှေတိဂုံ-ပုဂံ-ပုပ္ပါး Apr-12
မန္တလေး-ပြင်ဦးလွင်-စဉ့်ကိုင်-မိုးနဲ Apr-12
ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး-ပင်းတယ Apr-12
မန္တလေး-ပြင်ဦးလွင်-လားရှိုး-မူဆယ်-ရွှေလီ Apr-12
တောင်ကြီး-အင်းလေး-ပင်းတယ Apr-12,13,17
ကျိုက်ထီးရိုး၊ ချောင်းသာ၊ ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480, 703448, 09-5081580

လမင်းသစ္စာ
Ph: 01-523478, 09-5131643, 09 5080609

MAR -15/22/25/29, APR-5/11/12

ဥတုရာသီ တောကို မီးဓါး

JADE Travel & Tours
26.4.2013 - 90000/-

GOOD CARE®
လွတ်လပ်ပေါ့ပါးမှုအပြည့်အဝပေးနိုင်သော ဂွတ်ကဲ နှင့်အတူ
ကံစမ်းမဲကာလ ၁၅.၃.၁၃ မှ ၁၅.၉.၁၃ ထိ
နှစ်သစ်မှာ ဂွတ်ကဲ သုံးစွဲသူ ပျိုမေအပေါင်း မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။
32" TV Sky Net
Bella
Phone Sim Card + Huawei

ဗန်ပါစီနှင့် ကားရစ်တို့၏ သွင်းဂိုးများဖြင့် စတုတ်ကို မန်ယူ အနိုင်ယူ

စတုတ်စီးတီးအသင်းနှင့် မန်ယူအသင်းတို့၏ ပရီမီယာလိဂ်ပွဲစဉ်တွင် မန်ယူအသင်းသည် ဂိုးသွင်းခြေစွမ်း ပျောက်ဆုံးနေသော တိုက်စစ်မှူး ရော်ဘင်ဗန်ပါစီနှင့် ကွင်းလယ်ကစားသမား မိုက်ကယ်ကားရစ်တို့၏ သွင်းဂိုးများဖြင့် စတုတ်စီးတီးအိမ်ကွင်းတွင် မန်ယူက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မန်ယူအသင်းသည် ယင်းပွဲစဉ်တွင် ဗန်ပါစီ၊ ဟာနန်ဒတ်ဇ်၊ ကာဂါဝါ၊ ရွန်းနီ၊ မိုက်ကယ်ကားရစ်၊ ဗလင်စီယာ၊ အီဗရာ၊ ဗီဒစ်၊ ဖီးလ်ဂျုံး၊ ဖာဒီနန် စသည့် ကစားသမားများကို ဖာဂူဆန်၏ အကြိုက်ဆုံးကစားကွက်ဖြစ်သည့် ၄-၄-၂ ပုံစံဖြင့် ပွဲထွက်လာခဲ့ပြီး ပွဲကစားချိန်လေးမိနစ်မှာပင် မိုက်ကယ်ကားရစ်က အဖွင့်ဂိုးသွင်းယူပေးခဲ့သဖြင့် ပထမပိုင်းပြီးသည်အထိ မန်ယူက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ၆၇ မိနစ်တွင် တိုက်စစ်မှူးရော်ဘင်ဗန်ပါစီက ပင်နယ်တီမှုကစ်ဆင့် ဂိုးသွင်းယူပေးခဲ့ရာ မန်ယူတို့ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားခဲ့သည်။ ဗန်ပါစီသည် ယင်းဂိုးသွင်းယူနိုင်ခဲ့သဖြင့် ၎င်း၏ ၁၀ ပွဲဆက်တိုက်ဂိုးပေါက်ပျောက်ဆုံးနေမှု အဆုံးသတ်နိုင်ခဲ့ခြင်းဖြစ်သည့်အပြင် မန်ယူအသင်းအတွက်လည်း ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းကို ၁၅ မှတ်အသာဖြင့် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

မန်ယူအသင်းသည် ယင်းပွဲအနိုင်ရရှိခဲ့သဖြင့် ပရီမီယာလိဂ်ဖလားချန်ပီယံဖြစ်ရေး ပိုမိုနီးစပ်လာခဲ့သော်လည်း မန်ယူကို ရှုံးနိမ့်ခဲ့သော စတုတ်စီးတီးအသင်းမှာမူ တန်းဆင်းဇုန်အထက် သုံးမှတ်အသာဖြင့် ထန်းဆင်းဇုန်အန္တရာယ်နှင့်နီးစပ်သွားပြီဖြစ်သည်။

နိုင်လင်းကြည်

မန်စီးတီးအသင်း အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲတက်ပြီ

အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ပရီမီယာလိဂ်၏ ထိပ်တန်းအဆင့်ရှိ အသင်းကြီးနှစ်သင်း ဖြစ်သည့် မန်စီးတီးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ဧပြီ ၁၅ ရက် နံနက်ပိုင်းတွင် ဝင်ဘာလေကွင်းကြီး၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက ချယ်လ်ဆီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။

မန်စီးတီးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့သည် ယင်းပွဲစဉ်တွင် ၄-၂-၃-၁ ကစားကွက်များဖြင့် ပွဲထွက်လာခဲ့ပြီး ချယ်လ်ဆီးအသင်းက ဒမ်ဘာဘာကို တိုက်စစ်အထောင်ထားကာ ဟာဇက်၊ အော်စကာ၊ ရာမီရက်ဇ်၊ မာတာ၊ လူးဝစ်၊ အိုင်ဗန်နိုဗစ်၊ အက်ဇ်ပီလီကူတာ၊ ဘာထရန် စသည့် ငါးရင့်ကစားသမားများကို ပွဲထုတ်ကာ အက်ဖ်အေဖလားချန်ပီယံအဖြစ် ဆက်လက်ရပ်တည်နိုင်ရေး ကြိုးပမ်းခဲ့သော်လည်း ရောကတ်တိုမန်စီနီ၏ မန်စီးတီးအသင်းကို အကောင်းဆုံးမထိန်းချုပ်နိုင်ခဲ့ပေ။

ယင်းပွဲစဉ်တွင် မန်စီးတီးအထင်းသည် လူစုံနေပြီး အဂူရို၊ တီဗက်ဇ်၊ မီနာ၊ ဆယ်ရီ၊ ယာယာတိုရေး၊ ဇာသထက်တာ၊ ကွန်ပနီ၊ ကထစ်ချီ၊ နာဆရီစသည့် ကစားသမားများဖြင့် ပွဲထွက်ကာ လက်ရှိချန်ပီယံ ချယ်လ်ဆီးကို နာဆရီနှင့် အဂူရိုတို့၏ သွင်းဂိုးများဖြင့် အနိုင်ယူပြခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ချေပဂိုးပြန်လည်ရရှိရေး တိုက်စစ်မြှင့်ကစားခဲ့သော်လည်း ၆၆ မိနစ်တွင် ဒမ်ဘာဘာ၏ သွင်းဂိုးဖြင့် ချေပဂိုးတစ်ဂိုးသာ ရရှိခဲ့သည်။ ထို့နောက် ချယ်လ်ဆီးအသင်း ဂိုးထပ်မံမသွင်းယူနိုင်ထဲ ၂၀၁၁ ခုနှစ်က အက်ဖ်အေဖလားချန်ပီယံအဖြစ် ရပ်တည်ထားသော မန်စီးတီးအထင်းက ချယ်လ်ဆီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဝီဂန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အဂူရိုအနေဖြင့် တောင်းပန်ရန် ဒေးဗစ်လူးဝစ် ပြောကြား

မန်စီးတီးတိုက်စစ်မှူး ဆာဂျီယိုအဂူရိုသည် မန်စီးတီးက ချယ်လ်ဆီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ချယ်လ်ဆီးနောက်ထန်းကစားသမား ဒေးဗစ်လူးဝစ်အား ကြမ်းတမ်းစွာကစားခဲ့မှုကြောင့် အဂူရိုအနေဖြင့် တောင်းပန်စကား ဆိုသင့်ကြောင်း ဒေးဗစ်လူးဝစ်က ဆိုသည်။

ဆာဂျီယိုအဂူရို၏ ကြမ်းတမ်းစွာကစားခဲ့မှုသည် မန်စီးတီးကွင်းထယ်ကစားသမား ကွန်ပနီက ချယ်လ်ဆီးတိုက်စစ်မှူး ဖာနန်ဒိုတောရက်ဇ်၏ ရှပ်အင်္ကျီကိုဆွဲခဲ့ပြီးနောက် ငါးမိနစ်အကြာဖြစ်သည့် ပွဲကစားချိန် ၈၂ မိနစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သို့သော် မန်စီးတီးနည်းပြ မန်စီနီကမူ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ မမြင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ အဂူရိုအနေဖြင့် မိမိအား တောင်းပန်စကားဆိုသင့်ကြောင်း ဒေးဗစ်လူးဝစ်က ပြောကြားခဲ့သည်။

တောထဲမှ အမျိုးသမီးအလောင်းဘေး ပိုးသတ်ဆေးထုပ်တွေ့ရှိ

ကလော မေ ၁၅

မေ ၁၀ ရက် ည ၁၀ နာရီတွင် ကလောမြို့နယ် လမိုင်းအုပ်စု လမိုင်းကျေးရွာမှ မတင်ဦး(၃၂)နှစ်သည် တောင်ယာလုပ်သည့် ရွာမြောက်ဘက် သချိုင်းအနီး သေဆုံးနေကြောင်း သတင်းအရ ကလောစခန်းမှူး ရဲအုပ်ဝင်းပိုင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

လမိုင်းအုပ်ချုပ်ရေးမှူးနှင့် ဗောဓိကန်းကျေးရွာလူကြီး ထံအား တွေ့ဆုံမေးမြန်းကြည့်ရာ မတင်ဦးသည် မေ ၁၀ ရက် နေ့လယ်တွင် နေအိမ်မှတောထဲသို့ထွက်သွား၍ ည ၈ နာရီထိနေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် ၎င်း၏ဖခင် ဦးဘထွေးက လာရောက်အကြောင်းကြား၍ ရွာသားများဖြင့် လိုက်လံရှာဖွေရာ ည ၈ နာရီခွဲတွင် ရွာမြောက်ဘက် နှစ်ဖာလုံခန့်ရှိ သချိုင်းအနီး တောထဲ၌ လဲကျသေဆုံးနေသည်ကို တွေ့ရှိရကြောင်းနှင့် ၎င်းအနီးတွင် ပိုးတစ်ကောင်တံဆိပ် ပိုးသတ်ဆေးထုပ်တစ်ထုပ် တွေ့ရှိရသဖြင့် မှုခင်းဆေးစာဖြင့် မေ ၁၁ ရက် နံနက်တွင် ကလောဆေးရုံသို့ ရင်ခွဲစစ်ဆေးရန်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဒုတိယရဲအုပ် စိုင်းမြအောင်က စမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးရန် တိုင်တန်းပြီး ကလောရဲစခန်းမှ သေမှုသေခင်းဖွင့်၍ စခန်းမှူးရဲအုပ်ဝင်းပိုင်က စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုင်းတင်ဦး (ရှမ်း/တောင်)

အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်နေ

ရန်ကုန် မေ ၁၅

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အမှိုက်များကိုရောနှော၍ စွန့်ပစ်နေခြင်းကို အမှိုက်အစို၊ အမှိုက်အခြောက်ဟူ၍ ခွဲခြားပြီး သတ်မှတ်အမှိုက်စွန့်ပစ်အိတ်ဖြင့်သာ ချည်နှောင်၍ စွန့်ပစ်ရမည့်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

သို့သော်လည်း မြို့နယ်သန့်ရှင်းရေးတာဝန်ခံများအနေဖြင့် အမှိုက်များကို စနစ်တကျ စွန့်ပစ်ခြင်းရှိ/မရှိ စစ်ဆေးခြင်း၊ သတ်မှတ်ချိန်အတွင်း အမှိုက်ကန်၊ အမှိုက်ပုံများမှ အမှိုက်များကို သိမ်းဆည်းစွန့်ပစ်ရန် လိုအပ်နေသကဲ့သို့ ပြည်သူများအနေဖြင့်လည်း စည်းစနစ်တကျ စွန့်ပစ်ရန် လိုအပ်နေကြောင်းကို မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ကျန်စစ်သားလမ်းနှင့် တပင်ရွှေထီးလမ်းထောင့် (ဘုရင့်နောင်အထူးကုဆေးခန်းအနီး)ရှိ အမှိုက်ပုံနှင့် အမှိုက်များ**(အပေါ်ပုံ)**အားကြည့်၍ မေ ၁၀ ရက် မွန်းလွဲ ၂ နာရီခန့်တွင် လမ်းသွားလမ်းလာများက ပြောကြားနေကြောင်း သိရသည်။

ဤကဲ့သို့ စည်းကမ်းမဲ့အမှိုက်များကြောင့် လမ်းများမြင်မကောင်းအောင် ရှုပ်ပွ၍ လမ်းများ ညစ်ညမ်းမှုဖြစ်ပေါ်ပြီး ကျန်းမာရေးနှင့် မြို့တော်သန့်ရှင်းသာယာရေးကို ထိခိုက်စေနိုင်သောကြောင့် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းမှ ကင်းဝေးစေရန် ရည်ရွယ်၍ ရေးသားတင်ပြလိုက်ရပေသည်။

(ဇော်ကြီး-ပဏိတ)

ပြည်သူ့အကျိုး အမှိုက်သိမ်းသယ်ပိုးနေသော ဝန်ထမ်း ကားတိုက်ခံရ၍ သေဆုံး

ရန်ကုန် မေ ၁၅

မေ ၁၄ ရက် မဟာသင်္ကြန်အကျနေ့ နံနက် လင်းအားကြီးအချိန်တွင် သုဝဏ္ဏရဲစခန်းအပိုင် ကားကြီးကားဂိတ်အနီး၌ လက်တွန်းစည်ပင်အမှိုက်သိမ်းလှည်းဖြင့် လမ်းပေါ်မှအမှိုက်များကို သိမ်းဆည်းရှင်းလင်းနေသော စည်ပင်သာယာဝန်ထမ်း ဒေါ်မြရင်(၃၉)နှစ်သည် လုပ်ငန်းတာဝန်ထမ်းဆောင်နေစဉ် သီရိမင်္ဂလာဟင်းရွက်ဈေးမှ ဟင်းသီးဟင်းရွက်များ တင်ဆောင်လာသော ယာဉ်အမှတ် ၈ခ/. . . . လိုက်ထရပ်ယာဉ်က အရှိန်ဖြင့်ဝင်တိုက်မိရာ ဒေါ်မြရင်မှာ နေရာတွင်ပင် သေဆုံးခဲ့သည်။

အမှုအား သုဝဏ္ဏရဲစခန်းက အမှုဖွင့်အရေးယူထားပြီး ယာဉ်မောင်းမှာ ထွက်ပြေးသွားသဖြင့် စုံစမ်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။**(ခရမ်းစိုးမြင့်)**

ကုန်တင်ယာဉ် ရှေ့ဘီးပေါက်၊ နောက်ပြန်ချောက်ထဲကျ

အင်ပူ မေ ၁၅

အင်္ဂပူမြို့နယ် ပုသိမ်-မုံရွာကားလမ်းမိုင်တိုင်အမှတ်(၉၉/၁)နှင့် (၉၉/၂) အကြား ကျောက်ပြင်စမ်းကျေးရွာအနီး ကားလမ်းပေါ်၌ မေ ၁၀ ရက်ည ၈နာရီခန့်တွင် ပြည်မြို့မှ ဟင်္သာတမြို့သို့ မတ်ပဲအိတ်နှင့် ကြက်သွန်အိတ်များ တင်ဆောင်၍ ယာဉ်မောင်းကျော်ဆန်းလင်း(၃၀)နှစ် ညွှတ်ကွင်းအုပ်စု အင်္ဂပူမြို့နေသူ မောင်းနှင်လာသော ၆က/----- နှစ်ဆန်းအပြာရောင်ကုန်တင်ယာဉ်သည် ကုန်းအတက်၌ ရှေ့ဘီးပေါက်၍ နောက်ပြန်လိမ့်ဆင်းပြီး လမ်း၏ ဝဲဘက်ချောက်ထဲသို့ ထိုးဆင်း၍ တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ကုန်တင်ယာဉ် တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါခရီးသည် မတင်ဇာလင်း(၃၀)နှစ် ထိန်ပင်မြောင်ရွာကြံခင်းမြို့နေသူပါ ခရီးသည်ငါးဦးနှင့် ယာဉ်နောက်လိုက် တစ်ဦးတို့မှာ ပွန်းပဲ့ဒဏ်ရာ၊ ဖူးရောင်ဒဏ်ရာများရရှိသွားသဖြင့် ဒုတိယရဲအုပ်တင်မောင်လတ်၏ တိုင်တန်းချက်အရ မဲဇလီကုန်းရဲစခန်းမှ ယာဉ်(ပ)၃/၂၀၁၃-ပုဒ်မ၃၃၇/၃၃၈ဖြင့် ယာဉ်မောင်း ကျော်ဆန်းလင်းအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ပုသိမ်လှကြည်)

ဆိုင်ကယ်ပေါ်မှအမျိုးသမီး ရွှေဆွဲကြိုးလုယက်ခံရ

ရန်ကုန် မေ ၁၅

မေ ၉ ရက် နံနက် ၉ နာရီတွင် ကော့မှူးမြို့နယ် မဆယ်ဆိပ်ကျေးရွာအုပ်စု ဆံရှမ်းကျေးရွာနေ မထက်ထက်ဝင်း(၃၆)နှစ်သည် ကွမ်းခြံကုန်းမှ ဈေးဝယ်ပြီး မွန်းလွဲ ၁ နာရီတွင် ရွာလမ်းအတိုင်း ဆံရှမ်းကျေးရွာသို့ ဆိုင်ကယ်ဖြင့် တစ်ဦးတည်းပြန်လာခဲ့သည်။

မဆယ်ဆိပ်ကျေးရွာနှင့် ဆံရှမ်းကျေးရွာကြားရှိ တီလုပ်စမ်းတံတားအင်ကျပ် အရောက်တွင် ပုဆိုးအစိမ်းကွက်ကျားအား မျက်နှာတွင်စည်းထားပြီး ဘောင်းဘီတို နက်ပြာဝတ်ထားသည့် အမျိုးသားတစ်ဦးက ဆိုင်ကယ်နောက်မှ ပြေးလိုက်လာကာ မထက်ထက်ဝင်း၏ လည်ပင်း၌ဆွဲထားသည့် အယ်စီရွှေဆွဲကြိုး တစ်ကျပ်သားကျော်ခန့် တန်ဖိုးငွေကျပ် ခုနစ်သိန်းကျော်ခန့်နှင့် ကျောက်ဖြူပါ ရွှေလော့ကတ်သီး ငါးပဲခန့် တန်ဖိုး နှစ်သိန်း စုစုပေါင်း ကိုးသိန်းကျော်အား ဆွဲဖြုတ်ပြီး လမ်းဘေးဝါးတောအတွင်းသို့ ပြေးဝင်သွားသဖြင့် စုံစမ်းအရေးယူပေးရန် တိုင်တန်းမှုအား ကျိုက်ထော်ရဲစခန်းက (ပ)၁၉/၁၃/ပုဒ်မ-၃၈၂ ဖြင့် အမှုဖွင့်ပြီး တရားခံဖမ်းဆီးရမိရေး စုံစမ်းလျက်ရှိသည်။ **(၃၁)**

ဆိုင်ကယ်လျှော်ကြေး ပေးမည်ပြောပြီး ခေါ်ဆောင် ဓားဖြင့်ထိုး

ဆီဆိုင် မေ ၁၅

ရှမ်းပြည်နယ် ဆီဆိုင်မြို့တွင် ဆိုင်ကယ်ပြင်ရန်အပ်ထားစဉ် ဆိုင်ရှင်က ဆိုင်ကယ်ပြင်နေခိုက် မီးလောင်သွားခဲ့သဖြင့် ဆိုင်ကယ်ပိုင်ရှင်က ဆိုင်ကယ်တန်ဖိုးလျော်ကြေးတောင်းရာမှ ဓားထိုးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၂ ရက် နံနက် ၇ နာရီခန့်တွင် ဆီဆိုင်မြို့နယ် တဘက်ကျေးရွာအုပ်စု ကွန်နွတ်ကျေးရွာနေ စိုင်းစာလိန်(၂၇)နှစ်သည် ဆီဆိုင်မြို့ အောင်ချမ်းသာရပ်ကွက်နေ ရာဇာဝင်း(၂၁)နှစ်ထံ ဆိုင်ကယ်ပြင်ရန်အပ်ထားခဲ့သည်။ ရာဇာဝင်းက ဆိုင်ကယ်ပြင်နေခိုက်တွင် ဆိုင်ကယ်မှာ မီးလောင်ကျွမ်းခဲ့သဖြင့် စိုင်းစာလိန်က လျော်ကြေးတောင်းခဲ့ကြောင်း၊ ထိုအခါ ရာဇာဝင်းက ငွေကျပ် ၃၂၀၀၀၀ ပြန်လျော်ပေးမည်ဟုပြောပြီး စိုင်းစာလိန်နှင့်အတူ ဆိုင်ကယ်စီး ထွက်လာကြရာ လွယ်စဲ့ရွာ၏တောင်ဘက် တစ်မိုင်ခန့်အရောက်တွင် ရာဇာဝင်းက အပေ့ါသွားမည်ဟုဆိုကာ ဆိုင်ကယ်ရပ်ခိုင်းခဲ့ပြီး စိုင်းစာလိန်အား ဓားဖြင့်လက်ဝဲနံရိုးကြား တစ်ချက်၊ လက်ယာနောက်ကျောတွင် တစ်ချက်ထိုးခဲ့ပြီး ထွက် ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

ဒဏ်ရာရရှိသူ စိုင်းစာလိန်အား ဆီဆိုင်မြို့နယ် ပြည်သူ့ဆေးရုံသို့ပို့ဆောင်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်သွားသူတရားခံအား ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်ထားပြီး တရားခံအားအမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ပ၁၅)

ရွှေထိပ်တန်း သကြန်တွင်းပိတ်ရက်မရှိပါ
(စနေ-နံနက်/ည) ချောင်းသာ • ကျိုက်ထီးရိုး (မနက်) • ငွေဆောင် (ညနေ)
01-710436, 701015, 095403844, 09-5044830

မြန်မာနိုင်ငံဆရာဝန်အသင်းပိုင်မြေနေရာ

အကျိုးရှိစွာ အသုံးချရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မည်ကိစ္စ

(က) အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ အလုပ်အမှုဆောင်အဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းဒေသကြီးများသို့ ကွင်းဆင်း၍ ရှင်းလင်းတင်ပြ ဆန္ဒခံယူခြင်းကို ပြုလုပ်လျက်ရှိပါသည်။

(ခ) ထို့အပြင် အများဆန္ဒ သဘောထားနှင့်အညီ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အထွေထွေ အစည်းအဝေးကြီးကို မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဗဟိုဦးစီးကော်မတီဝင်များ၊ တစ်နိုင်ငံလုံးရှိ အသင်းခွဲကိုယ်စားပြု ဆရာဝန်များ၊ ဘာသာရပ်ဆိုင်ရာနှင့် အခြားလုပ်ငန်းအဖွဲ့များမှ ကိုယ်စားလှယ်များဖြင့် ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

(ဂ) ထိုအစည်းအဝေးကြီးတွင် အပြန်အလှန် ဆွေးနွေး၊ တိုင်ပင်၊ ညှိနှိုင်း၊ ဆုံးဖြတ်ကြမည် ဖြစ်ပါသည်။

(ဃ) ကိုယ်စားလှယ်အမည်စာရင်းကို ၂၀၁၃ ခုနှစ် မေလ ၁၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)သို့ အရောက်ပေးပို့ရမည် ဖြစ်ပါသည်။

(င) ထိုအစည်းအဝေးကြီးသို့ မိမိကိုယ်စားပြုအဖွဲ့၏ သဘောထားကို ရယူခဲ့ရပါမည်။

(စ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြပါရှိသော လုပ်ပိုင်ခွင့်များအရ အများဆန္ဒသဘောထားနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး
နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

၁၃၇၅ ခုနှစ်၊ နှစ်သစ်မင်္ဂလာချိန်ခါသမယတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးရှိ ဘိုးဘွားများ၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ကုသိုလ်ရေးပါမကျန် စောင့်ရှောက်ထားနိုင်ရန် ထက်သန်သော စေတနာကရုဏာတရား မေတ္တာပွား၍ အစဉ်သဖြင့် အရေးတယူ ကူညီလှူဒါန်းကြသူ အလှူရှင်များနှင့် ဝေယျာဝစ္စကုသိုလ်ရှင်များအားလုံး ဘေးဘယာဝေးကွာ၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဘိုးဘွားများ၊ စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဝန်ထမ်းများက ဆုတောင်းမေတ္တာ ပို့သလျက်ရှိပါသည်။ အသက်(၇၀)ကျော် ဘိုး(၆၁)နှင့် ဘွား(၁၃၉)ဘိုးဘွား စုစုပေါင်း ၂၀၀ ဦးကို ပြုစုထားပါသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး
၂၁၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၁၇၉၆၊ ၅၄၁၇၉၇၊ လိုင်းခွဲ-၄၀၇/၄၀၈

"နှစ်သစ်ကူးသင်္ကြန်နှုတ်ခွန်းဆက်လွှာ"
မြန်မာ့ရိုးရာနှစ်သစ်မင်္ဂလာအချိန်တွင် Engine Doctor Engineering
(OBD II) မှ သင်တန်းသား
(ဟောင်း/သစ်) များအားလုံးနှင့် ... များအားလုံး ကိုယ်စိတ်နှစ်ဖြာ
ကျန်းမာချမ်းသာကြပြီး ... များ အောင်မြင်နိုင်ပါစေကြောင်း ...
ကောင်းတောင်းအပ်ပါသည်။
သင်တန်းအမှတ်စဉ် (၁၆) (၁၇) (၁၈) ကိုလာမည့်
မေလ (၂) ရက်နေ့မှစ၍ စတင်ဖွင့်လှစ်ပါမည်။
Engine Doctor Engineering
No.102,GFloor, 52nd St., Middle, Yangon.
Tel: 09 4211 444 95, 09 4211 444 96, 09 4211 444 97

GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ(နေ့စဉ်)
ငွေဆောင် (နေ့စဉ်)

အာရှနဂါး
ချောင်းသာ/ငွေဆောင်
နံနက်/ည
Ph : 703790, 09-861-9000
707062, 09-861-7770

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ/ငွေဆောင်
Ph: 299077, 09-731 67000
299388, 09-731 68000

အထက်မြန်မာပြည်သတင်း

တံတားဦးမြို့နယ် လောကထိပ်ဦး ရှေးဟောင်းစေတီတော်မြတ် ရွှေထီးတော်တင်လှူ

နေပြည်တော် ဧပြီ ၁၅

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝမြို့ ဟံသာဝတီကျေးရွာ၌တည်ထားသော လောကထိပ်ဦးစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူခြင်းနှင့် ဘုရားအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ဧပြီ ၁၂ ရက် နံနက် ၈ နာရီတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ရွှေထီးတော်ဘုအဆင့်များ၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ပန်းရထားဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

မိတ္ထီလာ ကယ်ဆယ်ရေးစခန်းသို့ အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများလှူဒါန်း

မော်လမြိုင် ဧပြီ ၁၅

မိတ္ထီလာမြို့ ယာယီကယ်ဆယ်ရေးစခန်းများရှိ ဒုက္ခသည်များအတွက် မော်လမြိုင်တောင်ရိုးတန်းရှိ စေတနာကုသိုလ်ဖြစ်အခမဲ့ဆေးခန်းမှ မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာလှဦးနှင့်တာဝန်ရှိသူများက အဝတ်အထည်၊ အစားအသောက်နှင့်စောင်၊ ခြင်ထောင်များပါဝင်သော အထုပ် ၁၈ ထုပ်ကို မွန်ပြည် နယ် အစိုးရအဖွဲ့၏အကူအညီဖြင့် မိတ္ထီလာကယ်ဆယ်ရေးစခန်းသို့ ဧပြီ ၁၀ ရက်တွင် ပို့ဆောင်လှူဒါန်းခဲ့ပြီး မွန်ပြည်နယ်ရဲမှူးကြီး မျိုးဆွေဝင်း၏ဇနီး ဒေါ်စိုးစိုးသက်က ၎င်း၏မွေးနေ့အလှူအဖြစ် စေတနာအခမဲ့ဆေးခန်း၏ တစ်နေ့တာ အသုံးစရိတ်အဖြစ် ငွေကျပ် တစ်သိန်းငါးသောင်းကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၆၉၄)**

မန္တလေးမြို့တွင် ကားအလှဆင်ပြိုင်ပွဲကျင်းပ

မန္တလေး ဧပြီ ၁၅

မန္တလေးမြို့တွင် ပထမဆုံးအကြိမ် ကားအလှဆင်ပြိုင်ပွဲကို ဧပြီ ၁ ရက်မှ ၂ ရက်ထိ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် (၃၅) လမ်းနှင့် ပြင်ဦးလွင်လမ်းထောင့်ရှိ ဘားကုတ်စားသောက်ဆိုင်၌ ကျင်းပသည်။ ပြိုင်ပွဲတွင် ကားအင်ဂျင်အကောင်းဆုံးဆု၊ အော်ဒီယိုအကောင်းဆုံးဆု၊ ဗစ်ဆူရယ်အကောင်းဆုံးဆု၊ နှစ်သိမ့်ဆုများ ချီးမြှင့်သည်။ ပြိုင်ပွဲနှင့် အတူ အင်ဂျင်ဝိုင်ကမ္ပဏီများ ယာဉ်အလှဆင်ပစ္စည်း အရောင်းဆိုင်များလည်း လာရောက်ပြသကြသည်။**(ယာပ)**

မန္တလေးမြို့တော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြိုင်ကားချစ်သူများက မိမိတို့၏ ကားများ မွမ်းမံအလှဆင်ခြင်းများကို အာရုံစိုက်လာကြပြီ ဖြစ်သည်။ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် မန္တလေးမြို့တွင် ပထမဆုံးကျင်းပခြင်းဖြစ်ကြောင်း ကျင်းပရေးအဖွဲ့ဝင်တစ်ဦးက ရှင်းလင်းပြောပြသည်။

သီဟကိုကို(မန္တလေး)

မိတ္ထီလာတွင် မီးလန့်မှုတစ်ခုနှင့် မီးလောင်မှုတစ်ခုဖြစ်ပွား

မိတ္ထီလာ ဧပြီ ၁၅

မိတ္ထီလာမြို့တွင် ဧပြီ ၁၂ ရက်က မီးလန့်မှုတစ်ခုနှင့် မီးလောင်မှုတစ်ခု ဖြစ်ပွားကြောင်း သိရသည်။

ယင်းနေ့ နံနက် ၁၀ နာရီ ၃၀ မိနစ်က ပြည်သာယာမြောက်ပိုင်း ရပ်ကွက် (၁) လမ်းဘေးရှိ ကျူးကျော်မြေနေရာပေါ်တွင် တည်ဆောက်ထားသည့် ၁၀ ပေပတ်လည် သွပ်မိုး ထရံကာ ကွမ်းယာဆိုင် (လူနေမှုမရှိသော အဆောက်အအုံမှာ) လမ်းသွားလမ်းလာများ၏ စည်းကမ်းမဲ့ ဆေးလိပ်မီးစွန့်ပစ်မှုကြောင့် မီးလန့်မှုဖြစ်ပွားခဲ့ပြီး မီးလောင်မှု မရှိခဲ့ပေ။

ယင်းနေ့တွင်ပင် ညနေ ၆ နာရီ ၄၀ မိနစ်က ထမန်ကန်ကျေးရွာအုပ်စု မဟာစည်တိုးခဲ့နယ်မြေအမှတ် (၉၀၉)ရှိ ဒေါ်ဖြူဖြူသင်းပိုင်ဆိုင်သည့် အလျား ၃၂ ပေ၊ အနံ ၂၄ ပေ၊ သွပ်မိုး နကပ်၊ တစ်ထပ်လူနေအိမ်အဆောက်အအုံတွင် ခဲတ်ဆီသံပီပါပုံးထဲမှ ဂါလန် ၅၀ ဆံ့သံပုံးထဲသို့ ခဲတ်ဆီထည့်ရာတွင် သံပီပါပုံးနှုတ်ခမ်းနှင့် သံပုံးနှုတ်ခမ်းပွတ်တိုက်၍ မီးပွားလွင့်စဉ်ကာ မီးလောင်ကျွမ်းမှုဖြစ်ပွားသည်။ မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် ငါးစီး၊ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံမှ မီးသတ်ယာဉ်နှစ်စီး၊ သန္ဓေတပ်ဖွဲ့ဝင် ၁၄ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ သီးသန့်တပ်ဖွဲ့ဝင် (ချည်မျှင်နှင့်အထည်စက်ရုံ)မှ ၁၀ ဦးတို့ဖြင့် ဝိုင်းဝန်းမီးငြှိမ်းသတ်ရာ ည ၇ နာရီတွင် မီးငြိမ်းသတ်နိုင်သည်။ မီးလောင်မှုကြောင့် ပိုင်ရှင် ဒေါ်ဖြူဖြူသင်း၏ ညာဘက်လက်မောင်း မီးဟပ်ဒဏ်ရာ ရရှိခဲ့သည်။ ယင်းဖြစ်စဉ်အား ပုဒ်မ ၂၈၅၊ (ပ)၁၂၆/ ၂၀၁၃ ဖြင့် မြို့နယ်အမှတ် (၁) ရဲစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

ချမ်းသာ(ပြန်/ဆက်)

စစ်ကိုင်းအစ စေတီလှ

မန္တလေးတိုင်းဒေသကြီးမှ လာခဲ့ပါလျှင် ဧရာဝတီတံတား(ရတနာပုံ)ကိုတွေ့ရမည်။ တံတားကြီးပေါ်မှကြည့်လျှင်ရွှေရောင်တဖိတ်ဖိတ်နှင့် "စစ်ကိုင်းအစ စေတီလှ" ဘုရားကြီးနှင့်စေတီလှကျောင်းတိုက်ကို မျက်ဝါးထင်ထင် ကြည်ညိုဖူးမြော်တွေ့နိုင်ပါသည်။

ဧရာဝတီတံတား(ရတနာပုံ)မှ လက်ယာဘက်ချိုးကပ်လမ်းမှ ဆင်းလာပါလျှင် ကိုးပေတံတားလမ်းဆုံရောက်မည်။ ကိုးပေတံတားမှ စစ်ကိုင်းတောင်ဘက်သို့ ဆက်၍ သွားမည်ဆိုလျှင် လက်ဝဲဘက်တွင် စစ်ကိုင်းမင်းဝံတောင်တန်းကို စေတီပုထိုး၊ ဇရပ် ကျောင်းကန်များနှင့် လှပစွာ တန်ဆာဆင်ထားသည့်အလား သွယ်တန်းနေသည်ကို တွေ့ရပေသည်။

မင်းဝံတောင်တန်းသည် စစ်ကိုင်းတောင်၏အနောက်ဘက် ရွာသာယာကျေးရွာ၊ ဆည်လေးတော ကျေးရွာဘက်မှ အခြေပြုကာမြောက်မှတောင်သို့ သွယ်တန်း၍ စစ်ကိုင်းရွှေမင်္ဂလာစေတီတွင် အဆုံးသတ်သည်။ ကိုးပေတံတားနေရာသည် သမိုင်းအရ ယခင်က စကြ်န်ချောင်းနေရာဖြစ်သည်ကို ဗဟုသုတဖြစ်ဖွယ် ဖော်ပြလိုက်ပါသည်။ ကိုးပေတံတားမှ စစ်ကိုင်းတောင်ရိုးဘက်သို့ ဆက်လာလျှင် ကိုက် ၁၀၀ ခန့်တွင် "စစ်ကိုင်းအစ စေတီလှ"ဟူသော ဆိုင်းဘုတ်နှင့်စေတီလှကျောင်းတိုက်မုခ်ဦးကို တွေ့ရပေမည်။ မုခ်ဦးမှ အနောက်ဘက်သို့ မျှော်ကြည့်လိုက်ပြီး လမ်းဖွေးဖွေးအတိုင်း တက်ရောက်သွားလျှင် လက်ဝဲဘက်တွင်ရွှေမင်္ဂလာဘက်သွားရာလမ်း၊ လက်ယာဘက်တွင် စေတီလှဘုရားကြီးနှင့်ရေကန်ကြီးကို ဖူးမြော်တွေ့ရှိနိုင်သည်။

လက်ယာဘက်တွင် လမ်းကလေးအတိုင်း လျှောက်လာပါလျှင် သခီတာကျောင်းဆောင်ကိုတွေ့ရမည်။ ထိုမှတစ်ဖန် သိမ်ကျောင်းကြီးနှင့်အနောက်ဘက်တွင် ပင်းတလဲမှောရုံတို့ကို ကျော်လွန်လျှင် စေတီလှကျောင်းတော်ကြီးကို ရှေးမှုမပျက် ခံ့ညားထည်ဝါစွာ တွေ့ရပေမည်။ စေတီလှကျောင်းတိုက်ကြီး၏ အရှေ့ဘက်တွင်စစ်ကိုင်း-မင်းတွန်း သွားကားလမ်းကြီးနှင့် လေးတျွန်းမြေတောင်ဘက်တွင်ရွှေမုဋ္ဌောစေတီနှင့် ရွှေမုဋ္ဌောကျောင်းမြောက်ဘက်တွင် စိန်ကုန်းတိုးချဲ့ရပ်ကွက်၊ အနောက်ဘက်တွင် ကားကြီးကွင်းတို့ရှိသည်။ ဧရိယာအကျယ်အဝန်းမှာ ခြောက်ဧကခန့်ရှိပြီး သံဃာတော်များပရိယတ်ပဋိပတ်စာပေများလိုက်စားလျက် သာသနာတိုးတက်ရာ တိုးတက်ကြောင်း အားထုတ်ကျင့်ကြံလျက်ရှိကြသည်။

နှစ်စဉ် နှစ်တိုင်း ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ကဆုန်လဆန်း ၄ ရက်နေ့တွင် ကျင်းပလေ့ရှိသည်။ စေတီလှကျောင်းသည် ဘုရားကျောင်းကန် ဇရပ်တန်ဆောင်းတို့နှင့် ပြီးပြည့်စုံသည့်သာသနာ့အာဇာနည် အကျော်အမော်များ မွေးထုတ်ရာ ဘုမိနက်သန်မှန်ရာနေရာဖြစ်ပါတော့သည်။

စေတီလှဘုရားသမိုင်းကို တင်ပြရလျှင် စစ်ကိုင်းမင်းဝံတောင်တန်းပေါ်မှ စေတီလှနှင့်စစ်ကိုင်းတောင်ပေါ်မှ စေတီလှဟူ၍ဘွဲ့တော်တူနေသည့် ဘုရားနှစ်ဆူရှိသည်။ မင်းဝံတောင်ထိပ်ပေါ်မှစေတီလှဘုရားကြီးသည် စစ်ကိုင်းတောင်ပေါ်ရှိ ဘုရားများ၊ စေတီပုထိုးများအပိုင်းတွင် စေတီတော်ပေါင်း ၃၃၃ အနက် စေတီလှဘုရားကြီးသည် ၂၈၈ ဆူမြောက်စေတီတော်ဖြစ်သည်။

စေတီလှဘုရားကြီးကို ပင်းတယစီးရှင်၏ သားတော် အသင်္ခယာစေယွန်းမင်းသည် သက္ကရာဇ် ၆၇၇ ခုနှစ်တွင် မြတ်စွာဘုရား၏ ဂူဏ်တော်ကိုးပါးကို အာရုံပြုလျက် တည်ထားကိုးကွယ်ခဲ့သည်။

သက္ကရာဇ် ၆၇၇ ခုနှစ်တွင် စစ်ကိုင်းမြို့ကို ဇေယျာပူရမြို့ဟု သမုတ်ပြီးလျှင် ဘုရားရှင်၏ဂုဏ်တော်ကိုးပါးကို အာရုံပြု၍ တည်ထားတော်မူကြောင်း၊ ဇေယျာပူရမြို့တွင် ၁။ချောင် ၉ ချောင်၊ တောင် ၉ တောင် ၂။ ရတနာ ၉ ဆူ ၃။ အတွင်းမုဋ္ဌော ၉ ဆူ၊ အပြင်မုဋ္ဌော ၉ ဆူ၊ ၄။မော် ၉ မော်၊ ၅။ အတွင်း ၉ တန်၊ အပြင် ၉ ကန်း၊ ၆။ အတွင်း ၉ တျင်း၊ အပြင် ၉ တျင်း၊ ၇။ ချောင် ၉ ချောင်၊ ၈။ ဂူ ၉ လုံး ၊ ၉။နတ်ကြီး ၉ ပါးတို့အပြင် သိကြား ၉ ဆူ၊ တည် ၉ တည်၊ ဘီး ၃ဘီးတို့နှင့် ရုံ ၃ ရုံ တို့လည်း ရှိသည်။

စစ်ကိုင်း ဇေယျာပူရမြို့သည် သက္ကရာဇ် ၇၂၆ ခုနှစ် နယုန်လတွင် ပျက်သည်။ ပင်းယမြို့မှာ သက္ကရာဇ် ၇၂၆ ခုနှစ် နယုန်လတွင် ပျက်စီးပြီး အင်းဝမြို့ကို သက္ကရာဇ် ၇၂၆ ခုနှစ် တပေါင်းလတွင် သတိုးမင်းဖျားတ တည်တော်မူသည်။

စေတီလှဘုရားကြီးသည် စစ်ဒဏ်၊ ဗုံးဒဏ်၊ စစ်ကိုင်းငလျင်ဒဏ်တို့ကြောင့်နှစ်ပေါင်းများစွာပြိုကျပျက်စီးတာ အုပ်ပုံတမျှ ဖြစ်၍နေတော်မူစဉ် သိကြား၊ နတ်များ လာရောက်၍ ပြုပြင်သည့်အလား သာသနာ့အကျိုးဆောင် ဆရာတော်များပေါ်ထွန်းလာခဲ့ရာ ခရစ်နှစ် ၁၉၇၃ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး ဒီပါမြေဆရာတော် ဦးဆောင်ကမကထပြု၍ ရဟန်းရှင်လူအများစုပေါင်း၍ ပြန်လည်ပြုပြင်တည်ထားကိုးကွယ်ခဲ့ကြသည်။ ထို့နောက် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကိုလည်း နှစ်စဉ်ပြာသိုလဆန်း ၁၄ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

၁၃၇၄ ခုနှစ်တွင် ပဋ္ဌာန်းရေစက်ရှိမှုကြောင့် သာသနာ့အကျိုးသယ်ပိုးထမ်းရွက်ကြမည့် သာသနာ့အာဇာနည်များ ပေါ်ပေါက်လာကာ ဉာဏ်တော်သုံးပေ အမြင့်ရှိ ကျောက်ဆင်းတု တော်စေတီတော်တစ်ဆူကို စေတီလှဘုရားကြီး၏ လိုဏ်ဂူတော်အတွင်း ရင်ပြင်တော်ပေါ်တွင် အနေကဇာတင် ကိုးကွယ်ခဲ့သည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်သည်။

စစ်ကိုင်းစေတီလှသမိုင်းကို ရှာဖွေပြုစုခဲ့သော ဆရာဦးစိန်ဝင်း(တိုင်းရင်းဆေး)၏ စာစုကိုမွမ်းမံ၍ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ ဗဟုသုတရရှိစေရန် ရည်ရွယ်တင်ပြခြင်းဖြစ်သည်။

စေတီလှ ကျောင်းကြီး၏ ပဓာနနာယကဆရာတော်ကြီး ဦးကေသရိန္ဒ သက်တော် (၈၈)နှစ် သိက္ခာတော် (၆၈) ဝါ ပျံလွန်တော်မူသွားပြီး ယခုအခါ ဆရာတော် ဦးအဂ္ဂမေလင်္ကာရက ထိန်းသိမ်းစောင့်ရှောက် သိတင်းသုံးလျက်ရှိပြီး ကျောင်းတွင် အာရုံခံတန်ဆောင်းဆောက်လုပ်ရန် အလှူရှင်များ လိုအပ်လျက်ရှိသည်ဟု မိန့်ကြားကြောင်း တင်ပြလိုက်ပါသည်။

(၂၅၅)

နေ့ညမဟူ သတိမူ ရန်သူ မီးကိုသာ

မြို့မတူရိယာ အသင်းမှူဇော်

မန္တလေး ဧပြီ ၁၅

မန္တလေးမြို့ဂုဏ်ဆောင် မြို့မအပျော်တမ်းတူရိယာအသင်းကြီး၏ နာယကပူဇော်ပွဲအခမ်းအနားကို ဧပြီ ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မြို့မအသင်းတိုက်၌ ကျင်းပသည်။ အခမ်းအနားတွင် အသင်းစီမံကော်မတီ ဥက္ကဋ္ဌ ဒေါက်တာလှခိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့မအသင်းသူ အသင်းသားများက ကန်တော့ချီးတိုင်ကာ ကန်တော့ပြီး ကန်တော့ပစ္စည်းများကို ပေးအပ်သည်။ ကန်တော့ခံ နာယကကြီးများဖြစ်သည့် ဦးစိန်ထွန်း(မြင်းမူ-မြို့မတူရိယာအသင်း)၊ မြို့မကိုပေါ၊ ဦးဝင်း၊ ဦးချစ်ဝိန်၊ ဦးကျော်ညွန့်တို့က ဆုတောင်းစကားနှင့်အတူ ဆုံးမဩဝါဒစကားများ ပြောကြားကြသည်။ အဆိုပါ ပူဇော်ပွဲကို နှစ်စဉ်သကြ်န်ကာလသို့ရောက်တိုင်း ကျင်းပလေ့ရှိသည်။

(၀၀၂)

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ ရပ်ကွက်၊ အကွက်အမှတ်(မ-၆)၊ ဦးပိုင်အမှတ်(၅)၊ ၆၀ × ၆၁ ကြား၊ သိပ္ပံလမ်းနှင့်ပိတောက်လမ်းကြား၊ ဒေါ်ညိမ်းကြိမ် အမည်ပေါက် ဂရန်မြေကွက်အား ဒေါ်စန်းစန်းအေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/နထက(နိုင်)၀၀၃၆၄] မှ အမှတ်အမှတ်-၂၆၉၁/၂၀၁၁-၂၀၁၂ ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း၊ ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၃)၊ ဦးပိုင်အမှတ်(၂)၊ (ခဲစင်း)တောင်ဘက်ခြမ်း၊ ၅၅ လမ်း၊ အနော်ရထာလမ်းနှင့်အောင်ဇေယျလမ်းကြား၊ ဒေါ်တင်စိန်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်နေရီဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၈/မကန(နိုင်)၁၁၃၄၀၈]ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်သစ်၊ ဦးပိုင်ခွဲ၊ အမည်ပြောင်းအမွေခွဲဖြင့်လစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကက်အမှတ်(၉၂)၊ ဦးပိုင်အမှတ်(၂၆)၊ ၁၈ လမ်း × ၁၉ လမ်းကြား၊ တာရိုးဟောင်းအရှေ့ဘက် ဒေါ်ခင်မြင့် အမည်ပေါက် ဂရန်မြေကက်အား ဦးခင်မောင်အေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မနမ(နိုင်)၀၇၄၆၁၀]ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်ခံစာချုပ်ချုပ်ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မနလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကက်အမှတ်(၂၉၉)၊ ဦးပိုင်အမှတ်(၁၃)၊ (ခဲစင်း)၊ ၈၈လမ်းနှင့် ၈၉ လမ်းကြား၊ ၃၅ လမ်းနှင့် ၃၆ လမ်းကြား၊ အာကာအလီ၊ အကူပါရီရာ၊ ဇီခံဟာဘာဒါ အမည်ပေါက် ဘိုးဘမြေကက်အား ဦးဘိုဘို နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မနတ(နိုင်)၀၂၂၀၆၇]၊ ဒေါ်ချိုမာမြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မနတ(နိုင်)၀၂၃၈၅၇]၊ ဒေါ်ယဉ်ယဉ်မြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၅/ရတန(နိုင်)၀၃၁၂၃၄]၊ ဒေါ်သန်းမြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မနတ(နိုင်)၀၅၀၄၄၂]၊ ဒေါ်တင်မြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မနတ(နိုင်)၀၂၅၁၈]ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်ခံ စာချုပ်ချုပ်ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

တွေ့ဆုံမေးမြန်းခန်း

တန်ဖိုးသက်သာ မိုဘိုင်းဖုန်း (Sim card) အပေါ် လင်းခေးပြည်သူများ ရင်ဖွင့်စကား

တွေ့ဆုံမေးမြန်း
နိုင်းဇော်လတ်(လင်းခေး)

လင်းခေး ဧပြီ ၁၅

၂၀၁၃ ခုနှစ်လာမည့် မြန်မာနှစ်သစ်အခါသမယ ဧပြီ ၂၄ ရက်ဆိုလျှင် နိုင်ငံတော်အစိုးရက မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူများ၏ လိုလားတောင့်တချက်အရ တန်ဖိုးသက်သာသော ငွေကျပ် ၁၅၀၀ တန် (Mobile Sim card) မိုဘိုင်းဖုန်းဆင်းကတ်များကို မြန်မာဆက်သွယ်ရေးနှင့် သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့တာဝန်ရှိသူများ ပူးပေါင်းကြီးကြပ်မှုဖြင့် အများပြည်သူတို့ လက်ဝယ်အရောက် ရောင်းချပေးသွားတော့မည် ဖြစ်သောကြောင့် တစ်နိုင်ငံလုံးရှိပြည်သူများအနက် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နေ တိုင်းရင်းသားပြည်သူတို့ကို တွေ့ဆုံမေးမြန်းခဲ့သည်။

လင်းခေးမြို့ တောင်ရွာ (ကွက်သစ်)နေထိုင်သူ ဒေါ်ခင်မြင့်ရီအား မြို့တွင်းဆိုင်၌ ဖုန်းလာရောက်ဆက်စဉ်-

မေး။ အခေါ်ဒီမှာ ဖုန်းလာဆက်တာပါလား ခင်ဗျား။

လင်းခေးမြို့ တောင်ရွာ (ကွက်သစ်) နေထိုင်သူ ဒေါ်ခင်မြင့်ရီ။

ဖြေ။ ဟုတ်ပါတယ်သားရယ်။

မေး။ အခုလာမယ့် ဧပြီ ၂၄ ရက်နေ့ဆို နိုင်ငံတော်က ငွေကျပ် ၁၅၀၀ တန် ဆင်းကတ်တွေပေးရင် အမေ ဝယ်ဖို့ စိတ်ကူးရှိလား။

ဖြေ။ ရှိတာပေါ့ သားရေ နိုင်ငံတော်က အခုလို ဖုန်းတွေချပေးမယ်ဆိုတော့ အမေ့အနေနဲ့ ပြောချင်တာက အမေတို့ဆင်းရဲတဲ့ လူတွေက ဖုန်းမရှိ ချမ်းသာတဲ့လူတွေက ဖုန်းရှိဆိုတဲ့ဟာမဖြစ်တော့ဘူးပေါ့ သားရယ်။ အမေတော့ ဝမ်းသာတယ်၊ ပြီးတော့ အခုလိုပေးတဲ့လူကြီးတွေကို အရမ်းကျေးဇူးတင်တယ် သားရယ်။

မြို့ထဲဈေးဝယ်လာသူ စစ်သည်အိမ်ထောင်သည် မအေးအေးအောင်အား တွေ့ဆုံစဉ်-

မေး။ အစ်မခင်ဗျား အစ်မတို့ တစ်ထဲမှာ သက်သာတဲ့ ကျပ် ၁၅၀၀ တန် ဆင်းကတ်တွေကို ဝယ်မည့်သူ စာရင်းပေးနေပြီလို့ ကြားတယ်

ဟုတ်ပါသလား ခင်ဗျား။

ဖြေ။ ဟုတ်တယ် ဦးဇော်လတ်ရေ ကျွန်မလည်း ဝယ်မယ်လို့ စာရင်းပေးထားတယ်လေ။ အခုလို ဈေးသက်သာတဲ့ ရောင်းပေးမယ်ဆိုတော့ ကျွန်မတို့ အခုသူများနဲ့မှာလာပြီး

မြို့ထဲ ဈေးဝယ်လာသူ စစ်သည် အိမ်ထောင်သည် မအေးအေးအောင်။

ပြောရတာ မလိုတော့ဘူးလေ ကိုယ်ပိုင်ဖုန်းနဲ့ ဘယ်သူ့ဆီပဲ ဆက်ဆက်ရပြီပေါ့။ ဝမ်းသာတယ်လေ ပြီးတော့ နိုင်ငံတော်အကြီးအကဲဖြစ်တဲ့ သမ္မတကြီး ဦးသိန်းစိန်ကိုလည်း ကျေးဇူးတင်ပါတယ်။

ထို့နောက် လှာလည်လက်ဖက်ရည်ဆိုင်တွင် ဦးမြင့်သန်း (အငြိမ်းစား တာဝန်ရှိနီးယား)အား တွေ့ဆုံမေးမြန်းခဲ့ရာ-

မေး။ ကိုမြင့်သန်းက အင်တာနက် သမားဆိုတော့ အခုနိုင်ငံတော်က ပေးမယ့် တန်ဖိုးနည်း မိုဘိုင်းဖုန်း အပေါ် ပြောပြလို့ဖြစ်မလားခင်ဗျား။

ဖြေ။ ဒါဒီလိုမျိုး ဆင်းကတ်တွေပဲ ဖြစ်ဖြစ်၊ အတန်သင့်တန်ဖိုး ဖုန်းတွေပေါ့ဗျာ။ ဥပမာ ပြီးခဲ့တဲ့ နှစ်သိန်းတန်တွေဖြစ်ဖြစ် ကျွန်တော်တို့ဝယ်ငယ် ရှယ်ရှယ်ကသာ ရခဲ့မယ်ဆိုရင် အင်တာနက် အတော်ကြီးကြည့်ရတာပေါ့ဗျာ။ ဒါကြောင့် ကျွန်တော်အနေနဲ့ အခုဝမ်းနည်းဝမ်းသာ ဖြစ်ရတယ်။ ဝမ်းနည်းတယ်ဆိုတာ ခုနင်က ကျွန်တော် ပြောပြသလိုပေါ့ဗျာ။ ဝမ်းသာတယ်ဆိုတာ ကျွန်တော်တို့အားလုံး ဘယ်သူမှ အိမ်မက်တောင် မမက်ဖူးတဲ့ ဈေးနဲ့ရမယ်ဆိုတာ ပေါ့ဗျာ။ ဒါတင်မကဘူး ကျွန်တော်တို့သားသမီးတွေ ဖုန်းကိုယ်စီ ကိုင်နိုင်ပြီ။ အင်တာနက်ကိုကောင်းကောင်း အကျိုးရှိရှိ ကြည့်နိုင်တာပေါ့ဗျာ။ သို့သော်လည်း ငယ်သေးတဲ့ ကလေးတွေကိုတော့ မကိုင်စေချင်သေးဘူး။ သူတို့အတွက် တချိန်မှာရေ ထိခိုက်မယ့် အန္တရာယ်ရှိလို့ပါ။

ဦးမြင့်သန်း (အငြိမ်းစား တာဝန်ရှိနီးယား)။

ဆက်လက်၍ လင်းခေးမြို့တွင်း ပေါက်စီလှည်းကလေးနှင့်ရောင်းသည့် အိုက်စိုင်းအားမေးမြန်းကြည့်ရာ-

မေး။ အခုမကြာခင် ချပေးတော့မယ့် တန်ဖိုးနည်းမိုဘိုင်းဖုန်း (GSM Sim Card)ကို ညီလေးကောဝယ်ဖို့ ဆန္ဒရှိလား။

ဖြေ။ ထား ရှိတာပေါ့ အစ်ကိုရာ။ အဲဒီ ကျပ် ၁၅၀၀ နဲ့ပဲ ဖုန်းကတ်ရတော့မယ် သတင်းရကတည်းက ပေဟာဒီမှာကြည့် (Hand Set)တောင် ကျွန်တော်တစ်ခု မိန်းမ အတွက်တစ်ခု ကြိုတင်ဝယ်ပြီးပြီဗျ။ တအားဝမ်းသာလို့ အခုလိုမမျှော်လင့်ထားတဲ့ဈေးနှုန်းနဲ့ ဒီဖုန်းတွေပေးတဲ့ နိုင်ငံတော်သမ္မတကြီးနဲ့ မြန်မာ ဆက်သွယ်ရေးက လူကြီးတွေကိုလည်းပဲ ကျေးဇူးတင်ပါတယ်။

ထို့နောက် နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးတီးတို့ (မြို့နယ်မီးသတ်စခန်းတာဝန်ခံ)နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ-

မေး။ ဆရာခင်ဗျား ကျပ် ၁၅၀၀ တန် ဆင်းကတ်ရောင်းချမှုအပေါ် ဆရာဘယ်လို ခံစားရတယ်ဆိုတာ ကျေးဇူးပြုပြီး ဖြေပေးပါလား ဆရာ။

ဖြေ။ အခုတော့ကျွ ဝန်ထမ်းတွေ အားလုံးသာမက လင်းခေးမြို့သူ မြို့သားအားလုံး၊ အဆင့်အတန်း မရွေး ဖုန်းတွေဈေးသက်သက်သာသာနဲ့ ဝယ်ယူပြောဆိုရတော့မယ် ဆိုတော့ ဝမ်းသာပီတိဖြစ်တာပေါ့ဗျာ။ ငါတို့ ရတဲ့သူတွေက ဝမ်းသာပြီး တို့နိုင်ငံအတွက် ဂုဏ်ယူပီတိဖြစ်ရတာပေါ့ ညီလေးရာ။

မြန်မာ့ရိုးရာ
ယဉ်ကျေးမှုကို
ထိန်းသိမ်းပါ

သီဟိုဠ်(?)ဓာတ်သဘောင်း သံဃာ့စာသင်တိုက်ကြီး (ရန်ကုန်)
အမှတ်-၄၈၊ ကိုယ်မင်းကိုယ်ချင်းလမ်း၊
မောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-[illegible]
အလှူရှင်များသို့ နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ
[illegible]
[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
[illegible]
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
[illegible]

သံဃာတော်များလက်ခံပြီ
ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြ ကျေးရွာ "ရှင်အရဟံကျေးဇူးတော်ကောင်းဆုခဝ ဗုဒ္ဓသာသနာပြုကျောင်းတိုက်"၌ စာချတန်းနှင့် ဓမ္မာစရိယတန်းရှင်း ရဟန်းတော်များကို ကျောင်းနေသံဃာအဖြစ် လက်ခံ၍ အင်္ဂလိပ်ဘာသာစကား "ရေး ဖတ်၊ ပြော၊ နားလည်" ကျွမ်းကျင်မှု လေးမျိုးလုံးကို အဆင့်အမျိုးမျိုး ခွဲပြီး ၁-၆-၂၀၁၃ ရက်မှစ၍ သင်တန်းပို့ချပေးမည်ဖြစ်ပါသည်။
ဆက်သွယ်ရန်ဖုန်း-၀၉၄၂၀၁၇၆၉၅၉၊ ၀၉၇၃၁၇၀၄၉၆
၁၀၂အထူး/၄၃ပုလဲအထူး(ဂိတ်ဆုံး)စီး၍ မေးပါ
(၁၈-၄-၂၀၁၃ရက်ကစပြီး လျှောက်လွှာများကို စတင်လက်ခံ နေပါပြီ)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
[illegible]
တင်ဒါပုံစံရောင်းချမည့်ရက် - ၂၂-၄-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၁၀-၅-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄၃၀နာရီ
[illegible]
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
[illegible]
တင်ဒါပုံစံရောင်းချမည့်ရက် - ၂၂-၄-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၁၀-၅-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄၃၀နာရီ
[illegible]
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
၁။ [illegible]
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၂-၄-၂၀၁၃ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၂၆-၄-၂၀၁၃ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၄၃၀နာရီ
၅။ [illegible]
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့၊
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇) နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၀၃၉၃၊ ၄၁၀၂၈၂

သက်ဆိုင်သူများနှင့်အများသိစေရန်ရှင်းလင်းကြေညာခြင်း
[illegible]

Professor [illegible]
Ph.D(Tantra & Sastra)(Kol-India)
[illegible] 0950-10735, 0973-207174, 377990
[illegible]

အဆက်ဆက်ဆင်နွှဲ... မုံရွာသင်္ကြန်ပွဲ

မျိုးဝင်းထွန်း(မုံရွာ)

၁၉၆၃/၆၄ ခုနှစ်ခန့်က မုံရွာသင်္ကြန်တွင် ဂီတစာဆို ဦးလေးခန့်နှင့် ဂီတစာဆို ဦးအေးမောင်တို့ ဦးစီးတည်ထောင်ခဲ့ကြသော "သလ္လာသက်ဦး" ရေသဘင်ရှိခဲ့သည်။ သလ္လာသက်ဦးရေသဘင်တွင် တီးဝိုင်းအဖွဲ့ ဆန်းသစ်တိတ်ကျဖြစ်သည်။ မုံရွာရေသဘင်သလ္လာသက်ဦးအနေဖြင့် မုံရွာသင်္ကြန်တွင် သာမက မန္တလေးမြို့အထိ လျှမ်းလျှမ်းတောက်နာမည်ကြီး အောင်မြင်ခဲ့သည်။ သလ္လာသက်ဦးကိုလူလတ်ပိုင်းများ စုဖွဲ့ထားခြင်းဖြစ်ပြီး အဆိုတော်မှာ မုံရွာ ဦးလေးခန့်နှင့်အတူ မုံရွာမြို့ ညောင်တပင်ရပ်ကွက်သား "ကိုပါ"ဆိုသူ ညောင်လေးပင် ဇာတိသားဖြစ်သည်။ "ကိုဝါ"မှာ ဟာသဉာဏ်ရွှင်သူပီပီ "ငါက ညောင်လေးပင်သားကွ။ မုံရွာက ညောင်တပင်ရပ်ရောက်လာလို့ တော်သေးတာပေါ့ကွာ။ ညောင်တန်းမရောက်တာ ကံကောင်းတယ်"ဟု ပြောဖူးကြောင်း ချင်းတွင်း ကျော်စွာလိုင်(ဦးဉာဏ်)က ပြောသည်။ ကိုပါ၏ အသံမှာ မိန်းမအသံဖြစ်ပြီး သူဆိုသည်မှာ ဂီတစာဆို ဦးအေးမောင်ရေးသားသည့် "ခါနွေဆန်း" သီချင်းဖြစ်သည်။ မန္တလေးတွင် ခါနွေဆန်းသီချင်းကို ကိုပါဆိုပြီးလျှင် မန္တလေးပရိသတ်က "ဆိုတဲ့သူထပြပါဗျို့"ဆိုလျှင် ကိုပါထပြရသည်။ "ဟာ. . . မိန်းမမှတ်တယ်။ ယောက်ျားကြီးကွ"ဟု ဆိုပြီး မန္တလေးပရိသတ်ပွဲကျမြဲဖြစ်သည်။ ထိုစဉ်အခါက မန္တလေးမြို့ မြို့မသင်္ကြန်အဖွဲ့ပြီးလျှင် မုံရွာမြို့က "သလ္လာသက်ဦး" အဖွဲ့ဖြစ်ခဲ့သည်။ သီချင်းများကလည်း မန္တလေးသူများအကြိုက် "ယဉ်သထက်ယဉ်"၊ "တေးလက်ဆောင်" (အဆိုပါ သီချင်းသည် ယခုအခါ ခါနွေဆန်း)၊ အဆိုပါတေး နှစ်ပုဒ်ကို ဂီတစာဆို ဦးအေးမောင်ရေးခဲ့သည်။ "မင်္ဂလာရှိပါစေ"ကို ဂီတစာဆို မုံရွာဦးလေးခန့်က ရေးခဲ့ရာ ရွှေမန်းသူမမများ၏ အလှဘဲ့ဖြစ်နေ၍ ကြိုက်ခဲ့ကြပြီး နဂါးဒေါ်ဦးမဏ္ဍပ်မှ "သလ္လာသက်ဦး" ရေသဘင်ကို အသည်းစွဲကြိုက်မှုကြိုက် ဖြစ်ခဲ့သည်။

ထိုကာလများ၏ နောက်ပိုင်းကာလများတွင် မုံရွာဦးလေးခန့်၏သားမျိုးမြင့်(ခ)ခန့်ကျော်သူနှင့် ဂီတစာဆို ချင်းတွင်းကျော်စွာလိုင်တို့ တွဲဖက်ပြီး "သစ္စာကေသီဦး" ရေသဘင်ကို ပြုလုပ်ခဲ့သည်။ သင်္ကြန်သီချင်းများကို ဂီတစာဆို ဦးအေးမောင်ကပင် ရေးသားပေးခဲ့ပြီး နှစ်နှစ်ခန့်သင်္ကြန်ထွက်ဖြစ်ခဲ့သည်။ ထိုခေတ်က သင်္ကြန်အဖွဲ့သို့ ဝင်ကြေးမှာ တစ်ဦးလျှင် တစ်ဆယ်ကျပ်၊ တစ်ဆယ့်နှစ်ကျပ်သာရှိသည်။ ဒုတိယနှစ်ထွက်အပြီးတွင် မုံရွာမြို့၌ နာမည်ကြီးနေသော "ဒင်္ဂုံစီးနိုင်" ဇာတ်အဖွဲ့က "သစ္စာကေသီဦး"အဖွဲ့ကို ပြဇာတ်ထဲတွင်ထည့်၍ ကပြခဲ့သေးသည်။

ထို့နောက် ၁၉၇၂/၇၃ ခုနှစ်ဝန်းကျင်ခန့်တွင် မုံရွာမြို့ မြဟေဝန်ရပ်ရှင်ရုံ၏မြောက်ဘက် မြူနီစီပယ်ရုံး (ယခုရွှေစည်းခုံဘုရား တင်ဝင်းထွန်းမွှာရုံ) ရှေ့မှ သုံးထောင့်ဝန်းကြီ (ယခုတိုက်တန်း)ထဲတွင် ဗဟိုမဏ္ဍပ်ထိုးပြီး သင်္ကြန်ပြိုင်ပွဲများကို ကျင်းပခဲ့ကြသည်။ အဆိုပါပြိုင်ပွဲတွင် ချင်းတွင်းကျော်စွာလိုင်နှင့် ပန်းရောင်စုံမောင်ဝင်းအဖွဲ့နှင့် ပူးပေါင်း၍ "ငုဝါ" ရေသဘင်ဖြင့် ပြိုင်ပွဲဝင်ခဲ့ကြသည်။ ထိုငုဝါအဖွဲ့သည်။ "နော်ခြင်းထပ်၍ နွဲ့တတ်သူ" ဖြင့်စခဲ့သည့် ပထမငုဝါအဖွဲ့ဖြစ်သည်။ သင်္ကြန်မင်းသားတေးသံရှင် ကိုဗိုလ်ကြီးတို့၏ "အပယ်ခံငုဝါ" ထက်စောသည်။ ထိုခေတ်က မယ်ဒလင်ခေတ်ဖြစ်သောကြောင့် သစ္စာကျော်သက်ဦးက မယ်ဒလင်၊ ဦးသိန်းကျော်၏ တယောနှင့် ဒိုးပတ်အဖွဲ့တွဲပြီး ငုဝါအဖွဲ့အနေဖြင့် သီချင်းနှင့် သံချပ်တွဲပြိုင်ခဲ့ကြသည်။ ထိုသို့ ပြိုင်ရာတွင် ဖြတ်တောက်ကန့်သတ်ထားသည့် သံချပ်များထိုးသောကြောင့် ဗဟိုအကဲဖြတ်အဖွဲ့နှင့် ပြဿနာဖြစ်ခဲ့သေးသည်။ ဒိုင်အဖွဲ့တွင် ပါဝင်သော အကဲဖြတ်လူကြီး ဦးသာဌေး(အောင်သာစံ)နှင့် ကဗျာဆရာကြီး ဘုတလင်ချစ်လေးတို့အဖွဲ့က ဖြေရှင်းပေး၍သာ ပြေလည်ခဲ့ရသည်။

ထိုခေတ်ထိုကာလသင်္ကြန်မှာ ယခုသင်္ကြန်ကာလကဲ့သို့ မဟုတ်ပေ။ သင်္ကြန်မရောက်ခင် တစ်လလောက်အလိုမှစ၍ မုံရွာတစ်မြို့လုံး တီးမှုတ်သံ၊ ဆိုသံများနှင့် အကတိုက်ကြ၊ သီချင်းတိုက်ကြနှင့် ညသန်းခေါင်ကျော်သည့်တိုင် မြိုင်မြိုင်ဆိုင်ဆိုင် ကြားနေရသည်။ သင်္ကြန်မဏ္ဍပ်၊ သင်္ကြန်ကားအသင်းများ အနေဖြင့်လည်း အပြိုင်အဆိုင် ဖွဲ့ခဲ့ကြပြီး မည်သူ၏ အမိန့်တစ်စုံတစ်ရာမပါဘဲ ပြုလုပ်ခဲ့ကြသည်။ ထိုစဉ်သင်္ကြန်ကာလများက နွေဥသြ၊ ရွှေစုန်ညို၊ အပယ်ခံငုဝါ၊ နွေတမာသီချင်းအဖွဲ့များ ပြိုင်ကြပြီဆိုလျှင် မြူနီစီပယ်ခန်းမရှေ့ ဗဟိုမဏ္ဍပ်တွင် အားပေးကြသည့် ပရိသတ်လက်ခုပ်သံမှာ ညံစီ၍ နေခဲ့သည်။ ထိုစဉ်က မုံရွာမြို့မှ မန္တလေးမြို့သို့ တက်၍ဖျော်ဖြေသည့်အဖွဲ့ထဲတွင် "ရွှေစုန်ညို" အဖွဲ့ပါဝင်သည်။ ထိုရွှေစုန်ညိုသည် ဒိုင်နမိုတင်ဆောင်ဦးစီးသည့် ပထမရွှေစုန်ညိုဖြစ်သည်။ နောက်တွင် ရွှေစုန်ညို နှစ်ဖွဲ့ကွဲသွားသည်။ ရွှေစုန်ညို နှင့် ပတ်သက်၍ ဂီတစာဆိုချင်းတွင်း ကျော်စွာလိုင်က ပြန်ပြောပြရာတွင် "ပြောရဦးမယ်၊ မုံရွာက မန္တလေးတက်ဖျော်ဖြေတဲ့အဖွဲ့ထဲမှာ ရွှေစုန်ညိုအဖွဲ့ပါတယ်၊ ဒါက ပထမရွှေစုန်ညို ဒိုင်နမိုတင်ဆောင်ဦးစီးတာ။ နောက်တော့ ရွှေစုန်ညို နှစ်ဖွဲ့ကွဲသွားတယ်။ ပထမရွှေစုန်ညိုအဖွဲ့မှာ တေးရေးတေးဆိုက ကျွန်တော့်သူငယ်ချင်း သွားလေသူ မုံရွာကိုအုန်းမင်းဖြစ်တယ်။ သူတို့သွားတာက ဒေါ့ဂျစ်ကားနဲ့။ မန္တလေးသင်္ကြန်မဏ္ဍပ်ကြီးတွေက လူတစ်ရပ်ကျော်တယ်။ သူတို့အဖွဲ့က လူအုပ်ကြားမှာ မြုပ်နေတယ်။ အဲဒီအဖွဲ့မှာ မယ်ဒလင်တီးတာက ကျွန်တော့်ဆရာ ရွှေကံမောင်ရဲ့ညီအရင်း တင်ဝင်းမောင်ပါ။ နဂါးဒေါ်ဦးမဏ္ဍပ်ရှေ့ရောက်တိုင်း သူတို့အဖွဲ့ရဲ့ အဆိုအတီးတွေနဲ့ ကဖို့ထုတ်ပေးတာက နဂါးဒေါ်ဦးမဏ္ဍပ်က ကလေးပေါက်စလေးတွေကို ပွဲထုတ်တာပါ။ ဒီတော့ ကိုအုန်းမင်းက မခံချင်စိတ်ဖြစ်ပြီး အနုပညာစျာန်ဝင်စားလိုက်တာက "ကလေးတွေ ဝဲမထုတ်ရ. . . က. . . က. . . မမကိုယ်တိုင်က "ဆိုတဲ့ တေးသီချင်းကို ရေးထုတ်လိုက်တယ်။ ဒီကနေ့ မြန်မာတစ်နိုင်ငံလုံးသာမက ကမ္ဘာအထိ လွှမ်းနေပြီဆိုတာရေးစပ်တဲ့ ကျွန်တော့်သူငယ်ချင်း သိမသွားရှာပါဘူး။ ဒါပေမယ့် အဲဒီတုန်းက ကိုအုန်းမင်းနာမည်နဲ့ မဟုတ်ဘူး။ ဒီသီချင်းရဲ့ ကာယကံရှင် မုံရွာကိုအုန်းမင်းဖြစ်အောင် ကျွန်တော်ရယ်၊ အေးမင်း(မန်းတက္ကသိုလ်)ရယ် အတော်လေးကြိုးစားခဲ့ရတယ်ဆိုတာ သွားလေသူ သူငယ်ချင်း သိမသွားခဲ့ပါဘူး"ဟု တေးပြုစာဆို ချင်းတွင်းကျော်စွာလိုင်က ပြောပြသည်။

မုံရွာသင်္ကြန်၏ နောက်တစ်ခေတ်တွင် သံချပ်များ အပြိုင်းအရိုင်း ပေါ်လာ၏။ သံချပ်ခေတ်သင်္ကြန်တွင် အုန်းခြံရပ် (ယခုအေးသာယာ)က "ကျောက်ကျော"အဖွဲ့၊ အလယ်ရပ်ကွက်က "ပေါက်ကျိုင်း"အဖွဲ့၊ ရှမ်းတောရပ်က "ကြာရပ်"အဖွဲ့၊ သလ္လာဝတီရပ်ကွက်က "ရပ်စိမ်း"အဖွဲ့၊ ရုံးကြီးရပ်က "လက်ရုံး"အဖွဲ့၊ ကံကန်းရွာက "ပြာလောင်"အဖွဲ့၊ ဘုတလင် ဦးချစ်လေး၏သားများ စုဖွဲ့ထားသည့် "ခချက်"အဖွဲ့များနှင့် မုံရွာသင်္ကြန်ကို သံချပ်ဖြင့် ခေတ်တစ်ခေတ် ထူထောင်ခဲ့ကြသည်။ ထိုစဉ်ကာလက မုံရွာသင်္ကြန်မှ အုန်းအုန်းမြိုမ်မြိုမ် သိမ့်သိမ့်တုန်သောကာလများ ဖြစ်ခဲ့သည်။ ခေတ်စနစ်တစ်ခု၏ လိုအပ်ချက်များ၊ လွဲမှားနေမှုများကို ပြည်သူများ၏ကိုယ်စား ရဲရဲဝံ့ဝံ့ ဝေဖန်၍ မလျော်ကန်သည်များကို ထောက်ပြ၊ ဟာသလေးများနှင့် သရုပ်ဖော်၊ အကျိုးရှိသည့် ပျော်စရာလေးများဖြင့် မုံရွာသင်္ကြန်ခေတ်တစ်ခေတ်ကို ထူထောင်ခဲ့ကြသည်။ ထို့နောက်တွင် သံချပ်တစ်ခေတ် ပျောက်ကွယ်ခဲ့ရသည်။

ထိုသို့ပျောက်ကွယ်ခဲ့သော ကြားကာလတွင် မုံရွာမြို့ ထန်းတောရပ်ကွက်မှ ဦးကြင်ဝေနှင့် အထပ်သားစက်ရုံမန်နေဂျာ ဦးဝင်းညွန့်နိုင်တို့ ဦးစီးသည့် ရေသဘင်အဖွဲ့ "ကံကော်ချစ်သူ"က မုံရွာတစ်မြို့လုံး ပထမဆု သိမ်းကျုံး၍ ယူသွားသည်။ ထိုနှစ်က ရွှေစုန်ညိုပျောက်သွားသည်။ ထိုကာလက ဗဟိုမဏ္ဍပ်မှာ မြို့လယ်ကောင်နာရီစင်နှင့် မျက်နှာချင်းဆိုင်တွင် ကျင်းပခဲ့ကြသည်။ မုံရွာမြို့၏ သင်္ကြန်ဗဟိုမဏ္ဍပ်အဖြစ် ပထမဦးဆုံး မြို့နယ်ကောင်စီရုံးရှေ့၊ ထို့နောက် နာရီစင်အနီးနှင့် မြို့တော်ခန်းမရှေ့တို့တွင် နှစ်အဆက်ဆက်စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ အရာတော်မြို့စသည့် နယ်မြို့အလှပြကားကြီးများနှင့် သီချင်းဆိုပြိုင်ပွဲ၊ ယာဉ်အလှပြပြိုင်ပွဲများ ကျင်းပခဲ့သည်မှာ ယခုအချိန်ထိဖြစ်သည်။

ယခုအချိန် မုံရွာသင်္ကြန်တွင် သံချပ်မျိုးဆက်ပျောက်သလောက် ဖြစ်နေပြီဖြစ်သည်။ သင်္ကြန်ကျင်းပရေးကော်မတီမှ ခွင့်ပြုထားသော်လည်း လူငယ်မျိုးဆက်သစ်များ သံချပ်အဖွဲ့ကို မပြုလုပ်နိုင်သေးသလို ယခင် သံချပ်ဘိုးအေကြီးများဖြစ်သော ကြာရပ်လုပ်ခဲ့သော ဦးညီမောင်၊ ပေါက်ကျိုင်းလုပ်ခဲ့သော ဦးသန်းရွှေတို့လည်း အသက်ကြီး၍ မလုပ်နိုင်ကြတော့ပေ။ သို့သော် သူတို့အနေဖြင့် နှောင်းခေတ်မျိုးဆက်သစ်လေးများ သံချပ်ဆိုတာ ဘာလည်းဆိုသည်ကိုသိရန် ပြန်လည်ပြောပြနေကြသလို ရန်ကုန်၊ မန္တလေးမှ ပညာရှင်ဝါသနာရှင်များက ရုပ်မြင်သံကြားနှင့် ရေဒီယိုများမှ သံချပ်ဖြင့် ဖျော်ဖြေတင်ဆက်နေကြပြီဖြစ်သည်။ မုံရွာသင်္ကြန်သည် ယခုအခါ သံချပ်မပါဝင်သော်လည်း ရိုးရာအစဉ်အလာမပျက် ဆက်လက်ဆင်နွှဲခြဲတက်လျက်ရှိသည်။ နေ့လယ်မှာ HIP HOP နှင့် ရေကစားနေကြသော်လည်း ညပိုင်းတွင် ရိုးရာမပျက် အကအလများဖြင့် ဖျော်ဖြေဆင်နွှဲလျက်ရှိကြသည်။ မုံရွာ ဗဟိုသင်္ကြန်မဏ္ဍပ်နှင့်အတူ ဌာနဆိုင်ရာမဏ္ဍပ်များ၊ ရပ်ကွက်မဏ္ဍပ်များတွင် မြန်မာ့ရိုးရာ အငွေ့အသက်များစွာ ကျန်ရှိနေသေးသည်။ မြန်မာလိုဆိုပြီး မြန်မာလိုကသည်များကို ကြည့်ချင်လျှင် အညာမြေ မုံရွာသင်္ကြန်ကိုလာရောက်ခဲ့ကြပါရန် "အဆက်ဆက်ဆင်နွှဲ မုံရွာသင်္ကြန်ပွဲ" ခေါင်းစဉ်ဖြင့် ဖိတ်ခေါ်လိုက်ရပါသည်။ ။

ဘုရင့်နောင်ဈေးကွက် အာလူးဈေးနှုန်းမြင့်တက်

ရန်ကုန် ဧပြီ ၁၅

ဘုရင့်နောင် ကုန်စည်ဈေးကွက်တွင် ကြူကုတ်ကြက်သွန်ဖြူ ညောင်ဦးထန်း၊ မန်ကျည်းနှင့် အာလူးဈေးနှုန်းများ ယခင်နှစ်က ကာလတူဈေးနှုန်းထက်မြင့်နေပြီး ကျန်ကုန်စည်အများစုဈေးနှုန်းမှာ နိမ့်နေကြောင်း သိရသည်။

ဧပြီလ ၁၁ရက် ကုန်စည်ဈေးကွက်နောက်ဆုံးနေ့တွင် အာလူးများလိုသလောက် ဝယ်၍မရအောင်ရောင်းအားကောင်းပြီး ဈေးနှုန်းမှာလည်း တစ်ပတ်အတွင်း ဈေးမြင့်တက်လာရာ အလုံးကြီး တစ်ပိဿာကျပ် ၈၁၀ ဖြစ်လာကြောင်း သိရသည်။ သင်္ကြန်တွင်း အာလူးပိုးတီကြော်ရန် အလုံးကြီးများ ဝယ်အားလိုက်သဖြင့် ကျောက်မဲအာလူး (ခေါ်) တရုတ်အာလူးများ မန္တလေးမှ ရန်ကုန်သို့ ကားခတစ်ပိဿာ ကျပ် ၈၀ နှုန်းဖြင့် ကားခနှစ်ဆကျော် ပိုမိုပေးတင်ဆောင်မှုရှိလာသည်ဟု သိရသည်။

ကြက်သွန်နီနှင့် အာလူးကုန်တင်ယာဉ် သုံးစီးစီသာ ဈေးကွက်သို့ဝင်ရောက်မှုရှိပြီး ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာကျပ် ၂၆၀-၃၂၅-၃၃၅-၃၄၅၊ တောင်တွင်း ၃၀၀-၃၅၀-၃၅၀-၃၅၀ ၊ မြစ်သား ၄၅၀-၄၆၅-၄၆၅ နှုန်း၊ ရှမ်းကြက် သွန်ဖြူ တစ်ပိဿာ ၇၀၀ -၁၁၀၀ -၁၂၅၀ နှုန်း၊ ကြူကုတ် ကြက်သွန်ဖြူ တစ်ပိဿာ ကျပ် ၁၉၀၀ နှုန်း၊ ဆင်ဖြူကျွန်း အာလူး ကျပ် ၄၀၀ မှ ၈၁၀ အတွင်း၊ မိုးထောင်ရေတ် တစ်ပိဿာ ကျပ် ၁၅၅၀-၁၈၅၀၊ ဝါးခယ်မ ငရုတ်ရှည် ၁၆၇၅ ကျပ်၊ ဆင်ဖြူကျွန်းငရုတ်ပွ တစ်ပိဿာ ကျပ် ၄၅၀၀ -၅၀၀၀နှုန်း၊ မန်ကျည်းဒါးဇင်း ကျပ် ၆၀၀၊ ဝင့်ကစ် ၇၀၀၊ အသား ၈၀၀-၁၁၀၀ ကျပ်နှုန်း၊ သကြား ၈၅၀-၈၈၀-၉၃၀ နှုန်း၊ ညောင်ဦး ဆေးခတ်ထန်း ၇၅၀၊ ကြံသကာတစ်ပိဿာ ကျပ် ၇၅၀-၈၅၀၊ ကုလားပဲခြမ်း တစ်ပိဿာ ကျပ် ၁၁၈၀၊ စားအုန်းဆီ တစ်ပိဿာ ၁၄၃၅ကျပ်၊ မြေပဲဆီ တစ်ပိဿာ ကျပ် ၃၉၀၀ နှုန်း ရှိကြောင်း ဈေးကွက်မှ သိရသည်။

ယခင်နှစ် ၂၀၁၂ ဧပြီ ၁၀ ရက်တွင် ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာ ကျပ် ၂၂၅-၃၂၅-၃၅၀-၃၇၅၊ မြစ်သား ၃၂၅-၅၀၀-၅၀၀-၅၀၀၊ ရှမ်းကြက်သွန်ဖြူ ကျပ် ၇၀၀မှ ၁၂၀၀ အတွင်း၊ ကြူကုတ်ကြက်သွန်ဖြူ တစ်ပိဿာ ကျပ် ၁၃၅၀-၁၄၀၀၊ ဆင်ဖြူကျွန်းအာလူး တစ်ပိဿာ ကျပ် ၂၂၀မှ ၆၆၀ အတွင်း၊ မိုးထောင်ငရုတ် တစ်ပိဿာ ကျပ် ၂၃၀၀-၂၄၀၀ နှုန်း၊ ဝါးခယ်မ ငရုတ်ရှည် ကျပ် ၁၇၅၀-၁၈၀၀၊ ဆင်ဖြူကျွန်းငရုတ်ပွ တစ်ပိဿာ ၈၅၀၀-၈၇၀၀၊ မန်ကျည်းဒါးဇင်း ကျပ် ၅၅၀၊ အသား၈၅၀-၉၅၀၊ သကြားတစ်ပိဿာ ၉၀၀-၉၇၀-၁၀၂၀၊ ညောင်ဦးဆေးခတ်ထန်း ကျပ်၇၂၀၊ စားအုန်းဆီ တစ်ပိဿာ ၁၉၈၀၊ မြေပဲဆီ တစ်ပိဿာ ကျပ် ၄၁၀၀၊ ကုလားပဲခြမ်း တစ်ပိဿာ ကျပ် ၁၀၀၀ နှုန်းရှိကြောင်း ဈေးနှုန်းဟောင်းများအရ သိရသည်။

(မောင်စေအောင်)

ပန်းဆိုးတန်း-ဒလ ကူးတို့သင်္ဘောခ ကျပ် ၅၀ မှ ကျပ် ၁၀၀ ပြောင်းလဲကောက်မည်

ရန်ကုန် ဧပြီ ၁၅

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနမှ ပန်းဆိုးတန်း-ဒလ ကူးတို့ရေယာဉ်ကြီးများဖြစ်သည် ကျန်စစ်သား၊ ထီးလှိုင်ရှင်၊ တပင်ရွှေထီး၊ မာန်တို့သည် လူတစ်ဦးလျှင် ကျပ် ၅၀ နှုန်းဖြင့် ပို့ဆောင်ပေးနေရာမှ ဧပြီ ၂၀ ရက်တွင် ကျပ် ၁၀၀ နှုန်းဖြင့် ပြောင်းလဲပြေးဆွဲမည်ဟု ကြေညာထားသည်။

အဆိုပါ ကျပ် ၅၀ မှ ကျပ် ၁၀၀ သို့ ပြောင်းလဲပြေးဆွဲမှုနှင့် ပတ်သက်၍ သင်္ဘောမှ တာဝန်ရှိသူတစ်ဦးက "ကျပ် ၅၀ ကနေ ၁၀၀ ပြောင်းတာ ခရီးသည်တွေအတွက် ဈေးတက်တာပါ။ ဒီဘာမဟုတ်တဲ့ ထိုင်ခုံလေးတွေကို တစ်ဆယ်ကျပ်နဲ့ ငှားစားတာကို မလုပ်ရဘူးလို့ပြောတယ်။ တကယ်တမ်းပြောရရင် ကျွန်တော်တို့ ရေယာဉ်လုပ်သားတွေအတွက် ဒီထိုင်ခုံ ငှားခလေးနဲ့ ဝမ်းရေးဆက်နေရတာပါ။ ပြီးတော့လည်း သင်္ဘောက တစ်နေ့ ၄၆ ခေါက် ပြေးဆွဲနေတာ၊ ခန့်ထားတဲ့ လုပ်သားနဲ့ အကူလုပ်သားတွေနဲ့ လုပ်ကိုင်လို့ အဆင်ပြေနေတာပါ။ ခုတော့ဗျာ ခုံငှားတာကို မငှားရဘူးတဲ့။ နောက်ပြီး တစ်ရာပေးစီးမယ့် ခရီးသည်တွေ အလကားထိုင်ရန် ခုံက မလောက်ဘူး။ မတ်တတ်စီးရမလို ဖြစ်နေတယ်"ဟု ပြောသည်။

နေ့စဉ် ခရီးသွားနေသည့် ဝန်ထမ်းအမျိုးသမီး တစ်ဦးကလည်း "ကျွန်မတို့ အသွားတစ်ရာ၊ အပြန်တစ်ရာဆိုတော့ တစ်လခြောက်ထောင်ဖြစ်နေတယ်။ ရန်ကုန်မှာ ခရီးသွားရတာ တို့ဒလလမ်းက အသက်သာဆုံးလို့ ကြေးကြော်ခဲ့တာ ခုတော့ ဘာပြောရမန်းတောင် မသိတော့ဘူး" ဟု ပြောသည်။

(၅၆၉)

နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

မြန်မာ့ရိုးရာ ရွှေပုစွန်ချည်ချောလုံချည်များကို နှစ်ပေါင်း(၃၁)တိုင် အားပေးဝယ်ယူဝတ်ဆင်ကြသော မိဘပြည်သူများနှင့်တကွ ဝယ်ယူဖြန့်ဖြူးရောင်းချပေးလျက်ရှိသော အနယ်နယ်အရပ်ရပ်မှ မိတ်ဟောင်း မိတ်သစ်များအားလုံး မြန်မာနှစ်သစ်ကူးအခါသမယတွင် မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်း၍ စီးပွားဥစ္စာများ တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရွှေပုစွန်ချည်ချောလုံချည်မိသားစု

ဆိုင်(၁) - အမှတ်(၃၁၁)၊ ဘီရုံ၊ သိမ်ကြီးဈေး၊ ရန်ကုန်။ ☎ : ၀၁-၃၈၂၈၀၀(လိုင်းခွဲ-၂၇၀)၊ ၀၁-၂၂၄၈၂၃

ဆိုင်(၂) - အမှတ်(၁၆)၊ မြေညီ၊ ပတ်လမ်း၊ အဆင့်မြင့်မင်္ဂလာဈေး၊ ရန်ကုန်။ : ၀၉-၅၁၇၃၃၈၄၊ ၀၉-၅၁၀၂၀၂၃

ပြည်သူ့အတွက်

SKY NET

ဝါနှစ်သစ်ကူး ဆုမွန်လွှာ

ချစ်ခင်လေးစား မေတ္တာထားအပ်ပါသော မြန်ပြည်တစ်ဝန်းမှ

မိဘပြည်သူ ညီအစ်ကိုမောင်နှမ မိတ်ဆွေ သင်္ဂဟများ

အားလုံးတို့သည် ပန်းတောက်ပွင့်ဖူး အတာကူးသည့်

နှစ်ဦးမင်္ဂလာမဟာသင်္ကြန် ရေသဘင်ပွဲ ပျော်ရွှင်နွှဲသည့်

အခါသမယတွင်၊ SKY NET မှမေတ္တာစေတနာအပြည့်ဖြင့်

ကြိုးစားတင်ဆက် ထုတ်လွှင့်ပြသပေးနေသော

သုတရသ ပြည့်ဝစုံလင်သောအစီအစဉ်ကောင်းများအား

မိမိတို့မိသားစုနှင့်အတူ သီရိဂေဟာတွင် ပီတိဝေဖြာစွာ ကြည့်ရှုခံစားရင်း၊

- ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ လန်းဖြာ ကြပါစေကြောင်း၊
- ကောင်းကျိုးလိုအင်ဆန္ဒဟူသမျှတစ်လုံးတစ်ဝတည်း ပြည့်ဝကြပါစေကြောင်း၊
- အတ္တဟိတ၊ ပရဟိတ နှစ်ဝသောအကျိုးကို ဆပွားတိုးတက် ဆောင်ရွက်နိုင် ကြပါစေကြောင်း၊ SKY NET မိသားစုမှ မေတ္တာထား၍ လေးစားစွာဖြင့် ဆုမွန်ကောင်းတောင်းကာ မေတ္တာအနန္တ ပို့သအပ်ပါသည်။

ပြည်တွင်းသတင်း

လယ်ယာမြေသူရဲကောင်းများအား ကယ်တင်ကြပါစို့

ဧပြီ ၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၏ အမဲသားသတ်လိုင်စင် ကျသင့်ကြေး ၁၅၄ သိန်းဖြင့် မြို့နယ်အတွင်းရှိသံယာများ၊ မြို့မိမြို့ဖနှင့်မြို့နယ်ဇီဝိတဒါနကယ်ဆယ်ရေးအဖွဲ့က လေလံဆွဲဝယ်ယူလိုက်သဖြင့် မြို့နယ်အတွင်း ကျွဲ၊ နွားများ သေဘေးမှ လွတ်ကင်းသွားကြောင်းဖတ်လိုက်ရ၍ ပီတိဖြစ်ရပါသည်။ အခြားမြို့နယ်များဖြစ်သည့် မအူပင်၊ ကျိုက်လတ်၊ ဖျာပုံ၊ ရေကြည်၊ ကျောင်းကုန်း၊ ဒေးဒရဲမြို့နယ်များကွင်လည်း အလားကူဇီဝိကဒါန ကျွဲ၊ နွားကယ်ဆယ်ရေးအဖွဲ့များက ယခုဘဏ္ဍာရေးနှစ်အကွက် ကျွဲ၊ နွားလိုင်စင်များ ရရှိခဲ့ကြောင်းသိရပါသည်။ သို့ဖြစ်၍အဆိုပါ ဇီဝိတဒါနကယ်ဆယ်ရေးအဖွဲ့များကို မောင်ဒိုး သာဓုအကြိမ်ကြိမ် ခေါ်မိပါသည်။ သူတို့၏ကျေးဇူးကြောင့် မြို့နယ် ခုနစ်မြို့နယ်မှ ကျွဲ၊ နွား အကောင်ရေ ရာနှင့်ချီ၍ အသက်ချမ်းသာရာ ရသွားကြပြီမဟုတ်ပါလော။

မြန်မာနိုင်ငံသည် ဘိုးဘွားဘီဘင်လက်ထက်ကတည်းက လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ခဲ့သလို လယ်ယာလုပ်ငန်းခွင်အတွင်း ကျွဲ၊ နွားများသည်လည်း မရှိမဖြစ်လယ်ယာသူရဲကောင်းများဖြစ်သည်။ သူတို့သည် အလုပ်လုပ်နိုင်သည့် အရွယ်ကတည်းက လယ်ယာများတွင် သခင်နှင့်အတူ ဒိုးတူပေါင်ဖက်ထွန်ယက်ရသည်။ သခင်စီးမည့်လှည်းတွင် လိုက်ပါပြီး သခင်သွားလိုရာ နေရာအသီးသီးသို့ လိုက်ပါပို့ဆောင်ပေးရသည်။ မိမိနှင့် ဘဝတူအခြားတိရစ္ဆာန်များနှင့်မကူ အထုပ်လုပ်ရသည်။ အသားမစား မြက်ကိုသာစားသည်။ အမျက်ဒေါသမာန်မာနမရှိ။ ထိုသို့နှစ်ပေါင်းများစွာ လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ဘဝနေဝင်ချိန်ရောက်ခါနီးလျှင် မိမိ၏အသားကိုလူသားများ စားသုံးနိုင်ရန်အတွက် လည်စင်းပေးကာ အသတ်ခံရသည်။ ကိုယ်နေထိုင်ရာ ဇာတိမြေတွင် အသတ်ခံရသလို အိမ်နီးချင်းနိုင်ငံများသို့ ရက်ပေါင်းများစွာ ပင်ပင်ပန်းပန်းလျှောက်သွားပြီးမှ အသတ်ခံရခြင်းမျိုးလည်းဒုနဲ့ဒေး။ နာဂစ်မုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်ကြောင့် အသက်ပေးသွားရသည်ကလည်းတစ်မှောင့်။ ဤသို့သောအခြေအနေအရပ်ရပ်ကို ထောက်ရှုခြင်းဖြင့် မောင်ဒိုးတို့ လူသားများအနေနှင့် ကျေးဇူးရှင်လယ်ယာသူရဲကောင်းများအတွက် တစ်ခုခု လုပ်ပေးသင့်သည်မှာ အသေအချာပင်မဟုတ်ပါလော။ ဧရာဝတီတိုင်းဒေသကြီးမှ ဆိုခဲ့ပါသောဇီဝိတဒါန ကျွဲ၊ နွားကယ်ဆယ်ရေးအဖွဲ့ကဲ့သို့ ကျေးဇူးရှင်ကျွဲ၊ နွားများအသတ်ခံရမှုမှ လွတ်ကင်းအောင်စွမ်းဆောင်ပေးမည့် ကျွဲ၊ နွားကယ်ဆယ်ရေးအဖွဲ့များ မြန်မာနိုင်ငံတစ်နံတစ်လျားပေါ်ပေါက်လာလျှင် မည်မျှကောင်းလိုက်ပါမည်နည်း။

မြို့နယ်တစ်မြို့နယ်တွင် တစ်ရက်ကိုအနည်းဆုံး ကျွဲ၊ နွားတစ်ကောင် အသတ်ခံရသဖြင့်မြို့နယ်ပေါင်း ၃၀၀ ကျော်ရှိသော မြန်မာနိုင်ငံတစ်နံတစ်လျား၌ ဇီဝိတဒါန ကျွဲ၊ နွားကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းနိုင်လျှင် တစ်ရက်ကို အကောင် ၃၀၀နှုန်းနှင့်တွက်လျှင်ပင် တစ်လကို အကောင်ရေ ၉၀၀၀၊ တစ်နှစ်လျှင်ကျွဲ၊ နွား အကောင်ရေတစ်သိန်းကျော် အသတ်ခံရခြင်းမှ လွတ်ကင်းနိုင်မည်ဖြစ်ပါသည်။ လက်ရှိအနေအထားတွင် နှစ်စဉ် ကျွဲ၊ နွားများ အသတ်ခံရမှုနှုန်းမှာ သည်ထက်မကအဆပိုများနိုင်ပါသည်။ သည့်အထဲတွင် နိုင်ငံခြားသို့တရားဝင် အေးခဲအမဲသားတင်ပို့မှု၊ တရားမဝင် နည်းလမ်းများဖြင့် နှစ်ပေါင်းများစွာကပင် လစဉ်ထောင်ချီတင်ပို့နေသည့် ကျွဲ၊ နွားများ မပါဝင်သေးပါ။ ထို့ကြောင့် မြန်မာနိုင်ငံမှ လယ်ယာသူရဲကောင်းများအတွက် တစ်ခုခုတော့ လုပ်ပေးသင့်ပါပြီ။ အထူးသဖြင့် မောင်ဒိုးတို့တစ်တွေ သူတို့ထွန်ယက်ပေးသည့် စပါးခင်းများမှဆန်ကို စားသုံးပြီးကြီးပြင်းလာသည်ကျေးဇူးကို ညာတာထောက်ထားသောအားဖြင့် အနည်းဆုံးအမဲသားစားခြင်းကို ရှောင်ကြဉ်ခြင်းက ကျေးဇူးတုံ့ပြန်ရာရောက်သည်ဟု ယူဆပါသည်။ အမဲသားသည် အာဟာရတန်ဖိုးအားဖြင့် ပရိုတင်းဓာတ်ကြွယ်ဝသည်မှာမှန်သော်လည်း ၎င်းနေရာတွင်အစားထိုးစားရန် အသားအမျိုးအပြားရှိသဖြင့် အခြားအသားတစ်မျိုးမျိုးကို ပြောင်းလဲစားသုံးသင့်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ လယ်ယာမြေ သူရဲကောင်းများကို အသိအမှတ်ပြုသည်အနေဖြင့်သော်လည်းကောင်း၊ နိုင်ငံအနှံ့ကျွဲ၊ နွားကယ်ဆယ်ရေး ဇီဝိတဒါနပြုခြင်းကို အားပေးသောအားဖြင့်သော်လည်းကောင်း အမဲသားစားသုံးခြင်းမှ ရှောင်ကြဉ်သင့်ပါသည်။ အသင် စာရှုသကော အမဲသားစားသုံးခြင်းမှ ရှောင်ကြဉ်ရန်ဆန္ဒ မရှိပေဘူးလား။

မောင်ဒိုး(ကံဝေါက်)

အဓိပတိလိုင်း ယာဉ်အသစ်များ စတင်ပြေးဆွဲ

ရန်ကုန် ဧပြီ ၁၅

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော အဓိပတိယာဉ်လိုင်းများတွင် ဧပြီ ၁၁ရက် ညနေပိုင်းမှစ၍ ဒီဇယ်သုံး တရုတ်နိုင်ငံလုပ် ခရီးသည်တင်ယာဉ် အသစ်အချို့ စတင်စမ်းသပ်ပြေးဆွဲနေကြောင်း၊ ယာဉ်နံပါတ် အကွာရာအနေဖြင့် ၁၈ များဖြစ် ကြောင်း၊ လက်ရှိပြေးဆွဲနေသော ဓာတ်ငွေ့သုံးတရုတ်ကားများ၏ အကွာရာများမှာ ၃၈ နှင့် ၅၈ တို့ဖြစ်ကြောင်း အဆိုပါယာဉ်လိုင်းလုပ်သားများနှင့် ခရီးသည်များက ဆိုသည်။

အဓိပတိယာဉ်လိုင်းများ သင်္ကြန်အကြိုနေ့ ဧပြီ ၁၃ ရက် နနက်ပိုင်းတွင်သာ ပြေးဆွဲမည်ဖြစ်ကြောင်း၊ ယခုရက် စမ်းသပ်ပြေးဆွဲနေသော ဒီဇယ်သုံး အဓိပတိ တရုတ်ကားသစ် ၁၈ များကို ယာယီရပ်ဆိုင်းထားသော အဓိပတိအဖြူ (မြောက်ဒဂုံ-သုဝဏ္ဏ-တာမွေ-ဆူးလေ-ကြည့်မြင်တိုင်-ဘုရင့်နောင်-သမိုင်းလမ်းဆုံ- ကမ္ဘာအေးပါရမီအဝိုင်းပတ်) ပြန်လည်ပြေးဆွဲရာတွင် အသုံးပြုမည်ဟု အဓိပတိ ယာဉ်လိုင်းများမှ သိရသည်။

သဘာဝဓာတ်ငွေ့အခက်အခဲကြောင့် ဒီဇယ်သုံးခရီးသည်တင်ယာဉ်များ ပြောင်းလဲတင်သွင်းလာရာ စတီးဆိုကုန်ကျစရိတ်မှာ ဒီဇယ်ကားများအနေဖြင့် သဘာဝဓာတ်ငွေ့ကားများထက် ကုန်ကျငွေနှစ်ဆ ပိုမည်ဖြစ်ရာ သဘာဝဓာတ်ငွေ့ဖိုး တစ်ရက်လျှင် နှစ်သောင်းကျပ်ဝန်းကျင် ကုန်ကျလျှင် ဒီဇယ်ဖိုး ခြောက်သောင်းဝန်းကျင် ကုန်ကျနိုင်ကြောင်း ယာဉ်လုပ်သားများက ဆိုသည်။

၁၈ ဒီဇယ်အဓိပတိယာဉ်အသစ်များတွင် ခရီးသည်အကက်အဆင်းတံခါးဒုတိယပေါက်မှာ ယခင်ကားများကဲ့သို့ အလယ်တွင်မရှိဘဲ ယာဉ်နောက်ဆုံးတွင် ရှိနေကြောင်း၊ ကားကြမ်းပြင်မှာ အနည်းငယ်ပုမြင့်လာသကဲ့သို့ လေဝင်လေထွက် မှန်တံခါးများမှာ ယခင်ကားများကဲ့သို့ အသေတစ်ချပ်၊ အရှင်တစ်ချပ်မဟုတ်ဘဲ ရင်ခွဲအရှင်တံခါးများဖြစ်သည်အတွက် ခရီးသည်များအတွက် လေဝင်လေထွက် ပိုမိုရရှိကြောင်း၊ မျက်နှာကြက်ပန်ကာမှာမူ ယာဉ်မောင်းအပေါ်တွင် တစ်လုံးတည်းသာရှိကြောင်း၊ ယခုအသစ်တင်သွင်းလာသော ယာဉ်အမျိုးအစားမှာ YUTONG ဖြစ်ကြောင်း ယာဉ်ပေါ်ပါတံဆိပ်အရ သိရသည်ဟု ခရီးသည်များကဆိုသည်။ အထူးယာဉ်လိုင်းများတွင် ကားခ ကျပ်နှစ်ရာပေးရသော်လည်း အဓိပတိယာဉ်လိုင်းထိုင်ခုံများမှာ ပုဂ္ဂလိကယာဉ်အထူးကားများထက် သက်သာချောင်ချိမှုရှိကြောင်း၊ ညပိုင်းတွင် ည ၉နာရီထိ ခရီးသည် တင်ဆောင်ပြေးဆွဲ ပေးသည့်အတွက် ခရီးသွားသူအများ ညပိုင်းတွင် အဓိပတိယာဉ်လိုင်းကို အားပြုစီးနင်းနေရသည်ဟု ဆိုသည်။

(မောင်စေအောင်)

ယာဉ်စီးခ သတ်မှတ်နှုန်းထက်ပိုတောင်းသော ယာဉ်လိုင်းများအား ထိန်းသိမ်းကြီးကြပ်ပေးစေလို

ရန်ကုန် ဧပြီ ၁၅

ဧပြီ ၁၀ ရက်တွင် ယာဉ်စီးခ သတ်မှတ်နှုန်းထားထက် တစ်ဆပိုယူထားသဖြင့် ယာဉ်စီးလက်မှတ်ဝယ်ယူထားသည် ခရီးသည်မှာ မကျေနပ်ဖြစ်ကာ အောင်မင်္ဂလာ အဝေးပြေးဝင်းအတွင်းရှိ ရန်ကုန်-ပြည် 'မျိုးဆက်သစ်' ယာဉ်လိုင်းဂိတ်၌ ဖြစ်စဉ်နှင့်ပတ်သက်ပြီး မေးမြန်းရာတွင် မြို့တွင်းဂိတ်မှ လက်ကျန်နေရာကို ရောင်းချပေးခြင်းကြောင့် ခရီးသည်တစ်ဦး သတ်မှတ်လက်မှတ်ခ ငွေကျပ် ၄၅၀၀ ဖြစ်သော်လည်း ငွေကျပ် ၉၀၀၀ဖြင့်ရောင်းချခြင်းဖြစ်ကြောင်း ယင်းဂိတ်မှ လူငယ်တစ်ဦးက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

လက်မှတ်တစ်စောင်ငွေကျပ် ၉၀၀၀ ဖြင့် ဝယ်ယူထားသည့် ခရီးသည်က ပြည်မြို့ရှိ ကားဂိတ်သို့ ဖုန်းဖြင့်လှမ်းမေးရာ မူလသတ်မှတ်နှုန်းအတိုင်းဖြစ်ကြောင်းပြောစဉ် အဝေးပြေးဝင်း မျိုးဆက်သစ် ဂိတ်လူငယ်က လက်မှတ်နှစ်စောင်စာအတွက်ပိုယူထားသော ငွေကျပ် ၉၀၀၀ကို ပြန်လည်ထုတ်ပေးပြီး ခရီးသည်နှင့် ပို့ဆောင်ရေး အစဉ်ချောမွေ့စေရန် အတွက် တိုင်ကြားအရေးယူခြင်းထိ မပြုလုပ်လိုသော်လည်း သက်ဆိုင်ရာ ပို့ဆောင်ရေးမှ တာဝန်ရှိသူများက ထိန်းသိမ်း ကြီးကြပ်ပေးရန်လိုကြောင်း ခရီးသွားတစ်ဦးက ပြောသည်။

(ထွန်းဝင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ဌာနမှ နေပြည်တော်(၁)ဓာတ်အားခွဲရုံ၊ သဖြူဓာတ်အားခွဲရုံ၊ သာယာကုန်းဓာတ်အားခွဲရုံနှင့် တံခွန်တိုင်ဓာတ်အားခွဲရုံတို့တွင် 230 KV, 50Mvar Capacitor Bank တပ်ဆင်ရန်အတွက် လိုအပ်သောပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက်	-	၂၂-၄-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်	-	၁၇-၅-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန်	-	(၁၄:၀၀)နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

၂၁-၃-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာပါ ဒေါ်စောရီ အမည်ပေါက် အိမ်မြေနှင့်ပတ်သက်၍ ရှေ့နေစိန်ဂျွန်းဦးမျိုးမြင့်၏ ကြေညာချက်မှာ တိကျမှန်ကန်မှုမရှိသဖြင့်အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြေညာချက်

ကျွန်ုပ်တို့၏အမှုသည် ဒေါ်ခင်သိန်းမြင့်[၁၂/သဃက(နိုင်)၀၇၇၁၈၃]၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ရှင်းလင်းသတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏ အမှုသည်ဖြစ်သူ ဒေါ်ခင်သိန်းမြင့်သည် ကွယ်လွန်သူများဖြစ်ကြသည် (အဖ) ဦးမောင်အေး၊ (အမိ)ဒေါ်စောရီတို့၏သားကြီး ဦးကျော်အေး(ကွယ်လွန်)၏ ဇနီးဖြစ်ပါသည်။ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၊ ဗလမြင့်အောင်လမ်း၊ အမှတ်(၁၈၆/က)၊ မြေအကျယ်အဝန်း ပေ(၂၁×၆၀)မြေကွက်မှာ ဒေါ်တင့်(ခ)မာသာဖလိမ်နော ဂရန်ပိုင်ဖြစ်ပါသည်။ ၎င်းက ဒေါ်စောရီအမည်ဖြင့် အမည်ငှားအမည်ခံဝယ်ယူထားသည့် မြေကွက်ဖြစ်ပါသည်။ ဒေါ်တင့်(ခ)မာသာဖီလိမ်နောဂျော ကျွန်ုပ်တို့၏အမှုသည် ဒေါ်ခင်သိန်းမြင့်အား မေတ္တာဖြင့် အပိုင်ပေးစာချုပ်ဖြင့် ပေးအပ်ပြီးဖြစ်ပါသည်။ အဆိုပါမြေပေါ်တွင် ဒေါ်ခင်သိန်းမြင့်က မိမိကိုယ်ပိုင်ငွေဖြင့် နေအိမ်ဆောက်လုပ် နေထိုင်လျက်ရှိခဲ့ပါသည်။ အဆိုပါအိမ်မြေအား ဒေါ်ခင်သိန်းမြင့်၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူမဆို အမည်ပြောင်းပြုလုပ်ခြင်းနှင့် အေးချမ်းစာ ပိုင်ဆိုင်နေထိုင်ခြင်းအား နှောင့်ယှက်ဟန့်တားခြင်း မမှန်ကြေညာခြင်းများမပြုလုပ်ရန် ရှင်းလင်းသတိပေးကြေညာအပ်ပါသည်။ လိုက်နာခြင်းမရှိပါက ပြုလုပ်သူတို့အား တည်ဆဲဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့အရ အရေးယူဆောင်ရွက်ပေးပါရန် ကျွန်ုပ်တို့ထံ လွှဲအပ်ညွှန်ကြားထားပြီးဖြစ်ပါကြောင်း ထပ်ဆင့်သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

SOCIAL JUSTICE LAW FIRM

Dr.Myat Sein	**U Soe Tint**
Advocate & Literary Consultant	**Lawyer & Legal Adviser**
Ph.D Legal Studies(U.S.A)	**Diploma in International Law**
MA.(Anthro).M.P.A,D.A.E(Cerdit)	**Diploma in Bussiness Law**
D.A.Psy(Thesis Distinetion)	
LL.B,DBL,DML,DIR,PG.DM,DOS	

Daw Zar Chi Win	**U Zaw Myo Aung**	**U Tun Tun Nyein**
LL.B(Q),LL.M,D.GE	**Lawyer & Legal Adviser**	**Lawyer & Legal Adviser**
Advocate	**Diploma in International Law**	**Diploma in International Law**

No-10/12.Room-103/C(Left).(1st Floor).35th Street. Kyauktada Tsp,Yangon, Myanmar.Ph;09-5174022, 09-73010941, 09-420266061
Email Address-www.social justice law firm@ gmail.com

ကျေးဇူးတင်ရှိခြင်း

ကုက္ကိုင်းရေကူးအသင်း ၂၀၁၃ ခုနှစ်၊ ပထမအကြိမ် နွေရာသီ ရေကူးသင်တန်း ၃၁-၃-၂၀၁၃ ရက်တွင် သင်တန်းပြီးစီးသည့်နောက်၊ ရေကူးတတ်မြောက်ပြီးသူများအား အခမဲ့လာရောက် ရေကူးနိုင်ရန် ခွင့်ပြုထားသည့်ရက်အတွင်း ၂-၄-၂၀၁၃ ရက်တွင် ရေနစ်သွားသော မမြင့်မြတ်စီးလှိုင်ဗိုအား အချိန်နှင့်တစ်ပြေးညီ ဆယ်ယူနိုင်ပြီး ဆေးရုံသို့ မတင်ပို့မီ ရေးဦးသူနာပြုနည်းဖြင့် ကျွမ်းကျင်စွာ သတိလည်လာသည်အထိ ဆောင်ရွက်ပေးသော ကုက္ကိုင်းရေကူးအသင်း၏ ရေကူးသက်ကယ် ဦးရဲနိုင်အားလည်းကောင်း၊ အနီးကပ်ကြီးကြပ်ပေးပါသော အမှုဆောင် ဒေါက်တာဝင်းဌေးနှင့် အမှုဆောင် ဦးဗိုဂျေးအားလည်းကောင်း၊ မေတ္တာဖြင့် ဆေးရုံသို့ပို့ဆောင်ပေးသော အသင်းဝင် ဦးဇော်ဟိန်းအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

အမှုဆောင်ကော်မတီ
ကုက္ကိုင်းရေကူးအသင်း

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ချစ်လှစွာသော တစ်ဦးတည်းသောသား စိုင်းတင်ဦးလှိုင် အသက်(၁၄)နှစ် သတ္တမတန်း စာပန်းအိမ်ဘော်ဒါ၊ ပြင်ဦးလွင် ချစ်တဲ့စိုင်းစိုင်း လူဆိုတာသေတဲ့ အမျိုးကြီးပဲလို့ သားက တရားတွေပြသွားပေမယ့် မထင်မှတ်ဘဲ ခွဲခွာသွားတာ ၁၆-၄-၂၀၁၃ရက်မှာ (၁)နှစ်ပြည့်ခဲ့ပြီးဖြစ်သော်လည်း တစ်နေ့မှမမေ့မရပါ။ အချိန်နဲ့အမျှ မိသားစုအားလုံးရဲ့ ရင်ထဲမှာ ယူကြုံးမရ တသသဖြစ်နေဆဲပါသားရယ် စိုင်းစိုင်းအတွက် ရည်စူးပြီး နေ့စဉ်၊လစဉ် နှစ်ပတ်လည် ပြုလုပ်ပေးနေတဲ့ ကုသိုလ်ကောင်းမှုတွေကို မြင့်မြတ်တဲ့ ဘုံဘဝကနေ သာဓု သာဓု သာဓု ခေါ်ဆိုနိုင်ပါစေ။

ဝါဝါး	-	**ဦးတင်မောင်ဝင်း (TMWမြိတ်မြို့)**
မေမေ	-	**ဒေါ်နန်းခမ်းခိုင်(တိုင်းဒေသကြီး ငါးဦးစီး၊ ထားဝယ်မြို့)**
ညီမလေး	-	**နန်းသက်ထားဆွေ(GRADE -7၊ အလက-၁၊ မြိတ်)**

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ အလုံတိုက်နယ်၊ လူနေရပ်ကွက်၊ အမှတ်(၁၁)၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃-အီး°)မြေကွက$\underline{V}$-၁၉၅၊ နှစ်(၆၀)မြေငှားဂရန် မြေကွက်အကျယ်အဝန်း(၀.၁၂၉)ဧက (အလျားပေ၂၅×အနံ ပေ၅၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ စက်တွင်းလမ်း၊ အိမ်အမှတ်(၇)ဟုခေါ်တွင်သည့် ပျဉ်ထောင်သွပ်မိုး(၂)ထပ်၊ နေအိမ်ဟောင်းနှင့် ယင်းနေအိမ်တွင် တွယ်ကပ်တပ်ဆင်ထားသည့် ရေ၊ မီးအစုံ အကျိုးခံစားခွင့်များကို ပိုင်ရှင် ဦးကြည်ဝင်း[၁၂/အလန(နိုင်)၀၂၆၀၅၂]ဆိုသူထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်စရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်၊ မြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုကြပါလျှင် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ဤသတင်းစာကြော်ငြာသည့်နေ့ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြပါသည်။ အဆိုပါနေ့ရက်မှ ကျော်လွန်ခဲ့ပါလျှင် အရောင်းအဝယ်ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးစိုးအောင်(စဉ်-၆၉၁၄)
(B.A,R.L,D.B.L) တရားလွှတ်တော်ရှေ့နေ
အမှတ်-၁၆၀၊ ၄၀လမ်း၊ ဌာနာရမ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၀၀၂၆၀၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ စက်တွင်းလမ်း၊ အမှတ်(၃၃)၊ စတုတ္ထထပ်၊ ၅လွှာ၊ (တောင်၊ မြောက်) (၂)ခန်းအား လက်ရှိပိုင်ဆိုင်သူထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းချသည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေမည်ဖြစ်ပါသဖြင့် ယင်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံ၌ကြော်ငြာပါသည့်နေ့မှ နောက်(၇)ရက်ကို နောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို တရားဝင်ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှထွန်း (B.A,R.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၂၀၀)
အမှတ်(၉/၁၁)၊ အခန်း(၁၀၂/အေ)၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၂၆၂၄၉

ဒေါ်ဦးမြသိန်း[၁၁/တသတ(နိုင်)၁၀၀၅၃၇]နှင့် အများပြည်သူသိသာရန်

ဦးစောသာထွန်း[၁၁/ဘသတ(နိုင်)၀၀၀၅၂၀]နှင့် ဒေါ်ဦးမြသိန်းတို့သည် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပြီးနောက် ပစ္စည်းခန်းခွဲဝေခြင်း ကတိစာချုပ်အရ သားဖြစ်သူ မောင်ညီညီထွန်းအမည်ဖြင့် ကမ္ဘောဇဘဏ်လီမိတက်(ဗိုလ်တထောင်မြို့နယ်)ရှိ ငွေစာရင်းအမှတ်-၀၄၅၁၂၁၀၀၂၄၄၁၀၏ စငွေ(၃၄၃၅၅၃၅၃/-)ကို ဒေါ်ဦးမြသိန်းမှ ဦးစောသာထွန်းသို့ ၃၁-၈-၂၀၁၂ရက်တွင် အဖြစ်အကြပေးချေမည်ဟု ကတိဖြုလက်မှတ်ရေးထိုးထားပါလျက် ဤသတင်းစာ၌ ကြော်ငြာသည့်နေ့အထိ ပေးချေရန် ပျက်ကွက်နေသည့်အတွက် ဒေါ်ဦးမြသိန်းသည် နှစ်ဦးသဘောတူ ပစ္စည်းခွဲဝေသည့် ကတိစာချုပ်ကို ချိုးဖောက်ပါ၍ စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ လမ်းမကြီးရှိ (၃)ထပ်တိုက်(၁)လုံးအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန် အကြောင်းကြားသိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးစံလှ(စဉ်-၃၆၆၁) တရားလွှတ်တော်ရှေ့နေ
အမှတ်(၂၂၃)၊ စက်ရုံလမ်း၊ သဘော်ဆိပ်အနီး၊ ဆင်တူးလမ်းရပ်ကွက်၊ စစ်တွေမြို့

(16-4)19.pmd 1 4/14/2013, 9:43 PM

အိပ်စက်ခြင်းနှင့် ကျန်းမာရေး

ပေါက်ပေါက်

လူတစ်ဦးတစ်ယောက်၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးအတွက် ကောင်းစွာနှစ်ခြိုက်အိပ်ရေးဝပါမှ နောက်နေ့တွင် အင်အားအပြည့်ဖြင့် ကောင်းစွာနိုးထနိုင်ပါလိမ့်မည်။ အိပ်ရေးဝခြင်းသည် ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားသော အသက်ရှူလမ်းကြောင်း၊ နှလုံးခုန်နှုန်း၊ သွေးဖိအား၊ ဟော်မုန်းထုတ်လုပ်မှုပမာဏတို့ကို ပုံမှန်ဖြစ်စေသလို ကြွက်သားများနှင့် ဆဲလ်များကို ကောင်းစွာတည်ဆောက်၍ အသက်ရှည်စေနိုင်၏။ ထို့ပြင် အမြင်၊ အကြားအာရုံများကို ဝံ့ပိုးပေးရုံသာမက မှတ်ဉာဏ်စွမ်းအားကိုလည်း တိုးတက်လာစေနိုင်သည်။

လူတစ်ယောက်အတွက် အိပ်ချိန်သည် တစ်နေ့လျှင် ပျမ်းမျှ အနည်းဆုံး ခုနစ် နာရီခန့်ရှိသင့်ကြောင်း၊ တစ်နေ့လျှင် လေးနာရီခွဲခန့်သာ အိပ်စက်သောသူသည် ရက်သတ္တတစ်ပတ်မျှအကြာတွင် သိသိသာသာ စိတ်ဖိစီးမှုများလာခြင်း၊ ဒေါသထွက်ခြင်း၊ သည်းမခံဘဲ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ဝမ်းနည်းလွယ်ခြင်း၊ တက်ကြွမှုမရှိခြင်းတို့ဖြစ်စေကြောင်း၊ အထူးသဖြင့် အမျိုးသမီးများသည် အမျိုးသားများထက် အိပ်ရေးပျက်ခြင်းဒဏ်ကို ခံနိုင်ရည် မရှိကြောင်း၊ အမျိုးသမီးများ နှစ်ခြိုက်စွာ အိပ်ပျော်ခြင်းသည် ဓမ္မတာရာသီစက်ဝန်းကို မှန်စေကာ ခေါင်းတစ်ခြမ်းကိုက်ခြင်း မဖြစ်စေကြောင်း၊ အသားအရေ တင်းရင်းစေ၍ မျက်လုံးအရောင်တောက်ပစေနိုင်ကြောင်း the Western Journal of Medicine တွင် ဖော်ပြထားသည်။

တနင်္ဂနွေအားလပ်ရက်မှအပ ကျန်နေ့များတွင် ခန္ဓာကိုယ်ကို သဘာဝဇီဝနာရီအဖြစ် သတ်မှတ်ကာ အိပ်ရာဝင်ချိန်/အိပ်ရာထချိန် မှန်အောင် မိမိကိုယ်ကို လေ့ကျင့်ရမည်။

ဆေးလိပ်ထဲတွင်ပါရှိသော နီကိုတင်းဓာတ်သည် ကောင်းစွာအိပ်စက်မှုကို နှောင့်ယှက်ရုံသာမက အဆုတ်ထဲရောက်သွားသော နီကိုတင်းအဆိပ်ဓာတ်တို့သည် အိပ်ပျော်နေစဉ် အသက်ရှူလမ်းကြောင်းကိုပါ အဟန့်အတားဖြစ်စေသည်။

နေ့လယ်ဘက် ထိုင်-ထ-သွား-လာခြင်းတို့ကို အားကစားဆန်ဆန် လုပ်ရှားပေးခြင်း၊ ထမင်းစားပြီးတိုင်း ခေတ္တမျှလမ်းလျှောက်ခြင်း၊ အားလပ်ချိန် စက်ဘီးစီးထွက်ခြင်းတို့ကလည်း အိပ်ပျော်ချိန်ကို ၄၅ မိနစ်ခန့် တိုးတက်လာစေနိုင်သည်။

သွေးတိုးကျဆေးများနှင့် အချို့ပဋိဇီဝဆေးဝါးများသည် မျက်စိကြောင်၍ အိပ်မပျော်စေတတ်ပါ။

ညဉ့်နက်ခံ၍ စာရေး၊ စာဖတ်ခြင်း မလုပ်ပါနှင့်။ ညအိပ်ရာဝင်ခါနီးထိ တီဗွီကြည့်ခြင်း၊ ကွန်ပျူတာသုံးခြင်း၊ လက်ကိုင်ဖုန်း အချိန်ကြာကြာသုံးခြင်းဖြင့် မော်နီတာမှ အလင်းရောင်ပြန်ဟပ်ခြင်းတို့သည် အိပ်ချိန်ကို သုံးနာရီခန့် နောက်ရွှေ့စေကြောင်း ဩစတြေးလျနိုင်ငံရှိ သုတေသီများက ဆို၏။

လက်ဖက်ရွက်၊ ကော်ဖီ၊ လက်ဖက်ရည်နှင့် ကိုလာတို့ထဲတွင်ပါရှိသော ကဖင်းဓာတ်သည် ခန္ဓာကိုယ်ထဲရောက်ပြီးနောက် ရှစ်နာရီကြာပြီးမှသာ ဓာတ်ပျက်ပြယ်သွား၏။ ထို့ကြောင့် မျက်စိကြောင်တတ်သူများ မွန်းလွဲ ၂ နာရီနောက်ပိုင်းတွင် ထိုကဖင်းဓာတ်ပါသော အရည်များကို မသောက်သင့်ပါ။

နောက်တစ်နေ့နံနက် အဆင်သင့်ဖြစ်စေရန် အိပ်ရာမဝင်ခင်ကတည်းက ပစ္စည်းများကို ကြိုတင်လုပ်ထားပါ။ (ဥပမာ-ပိုက်ဆံအိတ်၊ အဝတ်အစား၊ ရုံးစာရွက်စာတမ်းများ)

အိပ်ရာမဝင်ခင် မိနစ် ၂၀ခန့်အလိုတွင် တရားဓမ္မစာအုပ်ဖတ်ခြင်း၊ စိတ်မလှုပ်ရှားစေသော စာပေများဖတ်ခြင်း၊ အိပ်ရာထက်တွင် မျက်စိမှိတ်၍ သင်္ချာဂဏန်းရေတွက်ခြင်း၊ အာနာပါန(ထွက်လေ၊ ဝင်လေ) ရှုခြင်း၊ သီချင်းအေးအေး(သို့မဟုတ်) တရားသံတိုးတိုးနာယူခြင်းတို့ကလည်း အိပ်ပျော်ခြင်းကို အထောက်အပံ့ဖြစ်စေသည်။

အိပ်ရာမဝင်ခင် အဆီမပါသော နွားနို့နွေးနွေး၊ ငှက်ပျောသီး၊ ဒိန်ချဉ်၊ စပျစ်ဝိုင်(သို့မဟုတ်) စပျစ်ဖျော်ရည်၊ ပန်းသီးစားခြင်းဖြင့် ကောင်းစွာ အိပ်ပျော်စေသလို ပန်းသီး၏သဘာဝရနံ့သည် အိပ်စက်ခြင်းကို အထောက်အကူဖြစ်စေ၍ သုံးလုံးခန့် အိပ်ရာအနီးထား၍ အိပ်ပါ။

သွေးဆုံးပြီး အမျိုးသမီးများသည် ခန္ဓာကိုယ်အပူချိန် မျှတမှုမရှိတော့ဘဲ ညဘက်ချွေးထွက်ကာ အိပ်ရေးပျက်လေ့ရှိသဖြင့် အိပ်ခန်းအပူရှိန်လျော့အောင် ပန်ကာ၊ လေအေးပေးစက်တပ်ခြင်း၊ လေဝင်၊ လေထွက် ကောင်းအောင် ပြုလုပ်ခြင်း၊ ပေါ့ပါးသောအဝတ်အထည်ဝတ်၍ အိပ်စက်ခြင်းတို့ပြုလုပ်ပါ။

မိမိကြိုက်နှစ်သက်သော အမွှေးတစ်ခုခုကို အခန်းတွင်း အနည်းငယ်ဖျန်းပက်ခြင်း၊ ခေါင်းအုံးနှင့် မွေ့ရာအထူအပါးတို့ကို သင့်တော်သလို ရွေးချယ်အသုံးပြုတတ်ခြင်း၊ ဦးခေါင်း၊ လည်ပင်း၊ ကျောရိုးတို့ အနေအထား မှန်အောင် အိပ်စက်ခြင်းတို့ကလည်း ကောင်းသောအထောက်အပံ့ဖြစ်စေသည်။

မီးအလင်းရောင်သည် ဦးနှောက်ကို နိုးကြားတက်ကြွစေသည့် အချက်ပြသင်္ကေတဖြစ်၍ အိပ်ခန်းမီးအလင်းရောင် အမှောင်ချခြင်းဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်စေနိုင်သည်။

ခွေး၊ ကြောင်တို့သည် သဘာဝအရ တစ်နေရာတည်းတွင် အချိန်ကြာကြာ တစ်သမတ်တည်း အိပ်လေ့မရှိသဖြင့် ထိုအိမ်မွေးတိရစ္ဆာန်များဖြင့် အတူ အိပ်စက်ခြင်းက အိပ်ရေးပျက်စေနိုင်သည်။

အိပ်ချိန်မမှန်ခြင်းနှင့် အိပ်ရာအပြောင်းအလဲ အိပ်စက်ခြင်းတို့ကလည်း အိပ်ရေးမဝစေနိုင်သဖြင့် တစ်ချိန်တည်း၊ တစ်နေရာတည်းတွင်သာ အိပ်စက်ပါ။

ချမ်းအေးသောရာသီတွင် ရေနွေးနွေးဖြင့် ရေချိုးခြင်းသည် ကြွက်သားများ ပြေလျော့စေပြီး အိပ်မောကျစေကာ ယောဂကျင့်ခြင်းနှင့် ပူအိုက်သော ရာသီတွင် ရေအေးချိုးခြင်းတို့သည်လည်း အိပ်စက်ခြင်းကို အထောက်အကူပြုစေ၏။

စိတ်ကစဉ့်ကလျားဖြစ်ခြင်း၊ စိုးရိမ်သောကများခြင်း၊ စိတ်ဓာတ်ကျခြင်းစသည့် စိတ်ရောဂါအမျိုးမျိုး၊ အစားအသောက်၊ ဆေးဝါးများနှင့် ဓာတ်မတည့်သောရောဂါများ၊ အဆစ်အမျက်ရောင်ရမ်းနာများ၊ ကင်ဆာ၊ နှလုံးရောဂါ၊ ဟိုက်ပါသိုင်းရွိုက် စသည့်ရောဂါများသည် နာတာရှည် အိပ်မပျော်ခြင်းနှင့် ဆက်နွယ်နေသဖြင့် နားလည်တတ်ကျွမ်းသော ဆရာဝန်များဖြင့် ဆွေးနွေးတိုင်ပင်ပါ။

ကိုယ်ကာယလေ့ကျင့်ခန်းလုပ်ခြင်းသည် ဟော်မုန်းထွက်ကာ ဦးနှောက်ကို တက်ကြွလာအောင် လှုံ့ဆော်ပေးသဖြင့် အိပ်ရာဝင်ခါနီး သုံးနာရီခန့်အလိုကတည်းက လေ့ကျင့်ခန်းပြင်းပြင်း မလုပ်သင့်ပါ။

သုတေသနပြုချက်များအရ အိပ်ရာမဝင်မီ ၄ နာရီခန့် ညစာစားသောအခါ ကယ်လ်စီယမ်၊ အမိုင်နိုအက်စစ်၊ ကာဘိုဟိုက်ဒရိတ် (ခေါ်) ကစီဓာတ်ပါသော အစားအစာများစားသုံးခြင်းဖြင့် အိပ်မောကျချိန်ကို ပိုမိုနီးကပ်လာစေနိုင်ကြောင်း မှတ်တမ်းတင်ဖော်ပြထား၏။

ဆေးသုတေသီများ၏အတည်ပြုချက်အရ အရက်၏မူးယစ်ထုံထိုင်းစေမှုသည် တစ်ခဏအတွင်း အိပ်မောကျစေသည်ဆိုသော်လည်း မကြာမီအချိန်တွင် အရက်ဆိပ်များ သွေးထဲတွင်ပြေပျောက်သည်နှင့်တစ်ပြိုင်နက် ပြန်လည်နိုးထလာစေသဖြင့် အိပ်ရေးပျက်စေသည်ဟု ဆို၏။

ညနေခင်း တစ်ရေးတစ်မောမေ့ခြင်းကလည်း ညအိပ်ခြင်းကို အနှောင့်အယှက်ဖြစ်စေသည်။

ရုံးပတီသီးဖြင့် ဆီးချိုသက်သာနိုင်

ဆေးမသောက်ဘဲ ပျောက်ကယ်ရယ်လို့တော့ မဟုတ်ပါဘူး။ သို့ပေမယ့် ဒီသဘာဝနည်းလမ်းက ဆီးချိုရောဂါရှိသူတွေအတွက် အလွယ်ကူဆုံးနဲ့ အကောင်းဆုံးထဲက သက်သာနည်းတစ်ခုဖြစ်ပါတယ်။

ဆီးချိုတင်မကဘဲ သွေးချိုလည်း ပျောက်ပါတယ်။ ဆေးကြောက်သူများအတွက် အသုံးပြုလို့ရတဲ့နည်းလမ်းလို့ ဆိုရမှာဖြစ်ပါတယ်။

ညအိပ်ရာဝင်ခါနီးမှာ ရေဖြည့်ထားတဲ့ ဖန်ခွက်ကြီးအတွင်းသို့ ရုံးပတီသီး(Lady Finger) နှစ်တောင့်ကို ထိပ်နှစ်ဖက်ဖြတ်၊ အလယ်မှာ ဓားနဲ့ အပေါက်/အဆင်း ဖောက်ပေးပြီး ရောစိမ်ထားရပါမယ်။ ဖုံးအုပ်ထားဖို့လည်း လိုပါတယ်။

အိပ်ရာထလို့ နံနက်စာ စားခါနီးမှာတော့ စိမ်ထားတဲ့ရုံးပတီသီးကို ဖယ်လို့ သောက်နိုင်ပါပြီ။

ဒီမှာ ရုံးပတီသီး(**အောက်ပုံ**)ကို ပိုးမွှားကင်းစင်အောင် သေချာဆေးကြောဖို့လိုပြီး ရေသန့်နဲ့ စိမ်ရမှာဖြစ်ပါတယ်။ နှစ်ပတ်ကြာတဲ့အခါ သွေးထဲရှိ သကြားဓာတ်ကို စစ်ဆေးကြည့်တော့ သိသိသာသာပဲ သကြား (ဂလူးကို့စ် ဓာတ်) နည်းသွားတယ်လို့ သိရပါတယ်။

လနဲ့ချီသောက်ရင် သိသိသာသာ ကျဆင်းပါတယ်။ ဆီးချိုဟာ နာတာရှည်လို့ပဲ ဒုက္ခပေးနေတတ်ရင် ဒီရုံးပတီသီးစိမ်တဲ့ရေကို နံနက်တိုင်း ပုံမှန်သောက်ခြင်းဖြင့် ဆီးချိုရောဂါကို သက်သာပျောက်ကင်းနိုင်တယ်လို့ သိရပါတယ်။

(စိုးဝင်း-MLA)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများ ထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသောအခြေအနေအထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန်

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သောကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်၊ လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဂန့်ဂေါမြို့နယ်၌ မီးဘေးကယ်ဆယ်ရေးဆောင်ရွက်

ဂန့်ဂေါ ဧပြီ ၁၅

ဂန့်ဂေါမြို့နယ် ပြစ်မရွာ မီးဘေးဒုက္ခသည်များအတွက် မြို့နယ်မီးဘေးကယ်ဆယ်ရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်သည့် ယာယီလူနေအိမ် ၃၃ လုံးမှာ ပြီးစီးသွားပြီဖြစ်သဖြင့် မီးဘေးဒုက္ခသည်များသည် အဆိုပါနေအိမ်များသို့ ဧပြီ ၉ ရက်မှစ၍ ပြောင်းရွှေ့နေထိုင်ကြပြီဖြစ်သည်။ ယာယီအိမ်များကို ဝါးခင်း၊ ထရံကာ၊ ဝါးကပ်မိုးဖြင့်ဆောက်လုပ်ထားသည်။ စေတနာရှင်များ လှူဒါန်းသည့် ပစ္စည်းများနှင့် ငွေကြေးများကိုလည်း စနစ်တကျခွဲဝေပေးထားကြောင်း သိရသည်။**(ယာပံ့)**

လှူဒါန်းကြသည့် ပစ္စည်းများတွင် ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်၊ လူသုံး၊ အိမ်သုံးပစ္စည်းများ၊ ငွေကြေးများအပြင် ဘုံး၊ ဖရုံ၊ သခွား၊ ပဲ အမျိုးမျိုး စသည့်မျိုးစေ့များ ဝါဝင်ကြောင်းနှင့် မြို့နယ်မီးဘေးကယ်ဆယ်ရေးကော်မတီ၏ အစီအစဉ်ဖြင့် မီးသတ်ရေကန်ကိုလည်း ဆောက်လုပ်လျက်ရှိကြောင်း ကျေးရွာနေသူတစ်ဦးက ပြောပြသည်။

ပြစ်မရွာတွင် မတ်လ ၂၂ ရက်က ပြည်သူ ၁၅၇ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ မီးလောင်ကျွမ်းမှုဖြစ်ပွားရာ လူနေအိမ် ၃၃ လုံး မီးလောင်ကျွမ်းခဲ့ပြီး ရမကြောင်း သိရသည်။ (၄၆၅)

(16-4)20.pmd 1 4/14/2013, 9:43 PM

ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီရွှေနန်းတော်

ကိုမိုး (ရွှေပြည်သာ)

ပဲခူးဘုရားစုံသို့ ဖူးတွေ့လည်ပတ်ခွင့်ရရန် ဦးဝင်းလှိုင် (ခိုင်သစ်ကုမ္ပဏီ)မှ TAXIကားတစ်စီး စီစဉ်ပေးခဲ့ရာ မိမိအပါအဝင် ဆရာလေးဦးစလုံး ပဲခူးမြို့နေရာစုံသို့ လည်ပတ်ခွင့် ရခဲ့ပါသည်။ ထူးထူးခြားခြား TAXI ကားလေးနှင့်ပင် ကမ္ဘောဇသာဒီနန်းတော်ရာဝင်းထဲ ဝင်ရောက်ခွင့်ရခဲ့သည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၄၀၀ ကျော်က မြန်မာဘုရင်၏ ခမ်းနားထည်ဝါရှိမှုကို ကွက်ကွက်ကွင်းကွင်းပင် မြင်တွေ့ခွင့်ရခဲ့သည်ဟု ဆိုရပေမည်။

သို့ပါ၍ မိမိသိရှိရသမျှ ပဲခူး ကမ္ဘောဇသာဒီနန်းတော်၏ အချက်အလက်များကို စာဖတ်သူများသို့ တင်ဆက်ပေးချင်မိပါသည်။

ဘုရင့်နောင်မင်းတရားကြီးသည် ၁၆ ရာစု ဒုတိယမြန်မာနိုင်ငံတော် အင်ပါယာကြီးကို တည်ထောင်သူမင်းတစ်ပါးအဖြစ်ထင်ရှားကျော်ကြားခဲ့သည်။ ရှင်ဘုရင်အဖြစ်စိုးစံမင်းပြုပြီး နှစ်နှစ်ခန့်အကြာတွင် မြန်မာနိုင်ငံ၏နှလုံးသည်းပွတ်ဟုဆိုအပ်သော ကမ္ဘောဇသာဒီရွှေနန်းတော်ကြီးကို ၁၉၉၀ ပြည့်နှစ် ဧပြီ ၂၅ ရက်တွင် စတင်တူးဖော်ခြင်းလုပ်ငန်းဖြင့် ဆောင်ရွက်လုပ်ကိုင်ခဲ့သည်။

မြေပြန့်လွင်ပြင်နှင့် ညီညာပြန့်ပြူးသောနေရာတွင် တည်ဆောက်ထားရှိသော ဟံသာဝတီမြို့တော်ကြီးသည် ကြီးကျယ်ခမ်းနားထင်ရှားသော မြန်မာနိုင်ငံ၏ မြို့တော်တစ်ခုဖြစ်ခဲ့သည်။ ဘုရင့်နန်းတော်ကို မြို့တော်အဝန်းအဝိုင်း၏ အလယ်ဗဟိုတည့်တည့်တွင် တည်ဆောက်ထားရှိပါသည်။ ဘုရင့်နန်းတော်ခန်းမဆောင်ကြီးကား ကြီးကျယ်ခမ်းနား၍ ရွှေရောင်တောက်ပ အသွင်ဆန်းလျက်ရှိပေသည်။ အချို့ခန်းမဆောင်များကိုမူ ဘုရင့်နန်းတော်၏ ထည်ဝါမှု၊ လှပမှုတို့နှင့် ထပ်ဆင့်သရုပ်ခွဲထုတ်လျက် ပန်းကနုတ်ဒီဇိုင်းဆန်းတို့ဖြင့် ရွှေပြားများကို အမိုးအဖြစ်ဆင်ယင်၍ တည်ဆောက်ထားရှိခဲ့ပါ၏။

ဟံသာဝတီမြို့တော်သည် အေဒီ ၁၆ ရာစုတွင် ကမ္ဘာ့နိုင်ငံတချို့နှင့် ကုန်သွယ်ရေးကောင်းမွန်သောအချက်အချာကျသည့် မြို့တစ်မြို့ဖြစ်ခဲ့သည်။ တစ်နိုင်ငံလုံးနှင့် အချိတ်အဆက်မိမိ ဆက်သွယ်ဆောင်ရွက်နိုင်ခဲ့ရုံမျှမက အိမ်နီးချင်းနိုင်ငံများကိုပင် စည်းရုံးသိမ်းသွင်းနိုင်ခဲ့သဖြင့် ဘုရင့်နောင်မင်းတရားကြီး၏ ဘုန်းတန်ခိုးအာဏာကြီးမားခဲ့သည်ဟု သမိုင်းအထောက်အထားများအရ သိရှိနိုင်ပေသည်။

စစ်ရေးစွမ်းပကားတွင် အရှေ့တောင်အာရှခေါင်းဆောင်များထဲ၌ ထူးခြားစွာထက်မြက်သောစွမ်းရည်ရှိသူဟု မှတ်ချက်ပြုခြင်းခံရသည်မှာလည်း ဘုရင့်နောင်မင်းတရားကြီးပင်ဖြစ်ပေသည်။ အဆိုပါ ဘုရင့်နောင်မင်းတရားကြီးသည် ဟံသာဝတီမြို့တော်ကို အုပ်ချုပ်မင်းပြုခဲ့ပြီး ၁၅၈၁ ခုနှစ်တွင် နတ်ရွာစံကံကုန်ခဲ့သည်။

နောက်ပိုင်း ကမ္ဘောဇသာဒီနန်းတော်သည် နှစ်ပေါင်း ၄၀၀ ကျော် အပျက်အစီးများဖြစ်၍ ကျန်ရစ်ခဲ့သည်။ နိုင်ငံတော်မှ ၁၉၉၀ နောက်ပိုင်းတွင်မှ နန်းတော်ရာ တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ နန်းတော်၏ အကျယ်အဝန်းမှာ ၆၇ ဒသမ ၂၉၅ ဧက ကျယ်ဝန်းသည်ဟု သိရှိခွင့်ရခဲ့ပါသည်။

တူးဖော်ရေးအဖွဲ့မှ ဦးစွာမြေပုံအမှတ် (၁)ကို တူးဖော်ခဲ့ကြသည်။ ယင်းနေရာသည် ပင်မဘုရားဆောင်နေရာ ခန်းမကျယ်ကြီးဖြစ်သည်။ အဆိုပါ နေရာမှ ပျက်စီးနေသော ဗုဒ္ဓရုပ်ပွားတော် နှစ်ထောင်ခန့်ကို တူးဖော်တွေ့ ရှိခဲ့ရပါသည်။

မြေပုံ(၂)သည် မင်းသမီးရာဇဓာတုကလျာ၏ တော်ဝင်ခန်းမဆောင်နေရာဖြစ်သည်။ မြေပုံအမှတ် (၃)နှင့် (၄)သည် မိဖုရားခေါင်ကြီးများ၏ ခန်းမဆောင်များဖြစ်သည်။ မြေပုံ (၅)နေရာကိုမူ မြေပုံအမှတ် (၄)နှင့် ဆက်သွယ်ထားသော စကြံခန်းဆောင်လမ်းတစ်ခုအဖြစ် ခန့်မှန်းတွက်ချက်ခဲ့ကြပါ၏။

မိဖုရားခေါင်ကြီး၏ ခန်းဆောင်နေရာနှင့် မြေပုံအမှတ်(၆)သည် ဘမယသနပလ္လင်ဆောင်ခေါ် ဘုရင်စက်တော်ခေါ်ရာ အိပ်ဆောင်တော်ဖြစ်သည်။ ဘုရင်နေထိုင်သော ခန်းမဆောင်နှင့် အိပ်ဆောင်တော်ဖြစ်သော ဘမယသနဝလ္လင်တော်ကို ဘုရင်၏သစ္စာအရှိဆုံးသော တာဝန်ရှိသူများစောင့်ကြည့်ခဲ့ကြသည်။ ထို့အပြင် စစ်မှုရေးရာကိစ္စရပ်များကဲ့သို့ အလွန်အရေးကြီးသောကိစ္စရပ်များကို ဆွေးနွေးရာတွင် ဘုရင်၏မိဖုရားနှင့် နန်းတွင်းသူများအပါအဝင် လူတိုင်းအား ဘမယသနဝလ္လင်ဆောင်သို့ လာရောက်ခြင်းမှ တင်းကျပ်စွာ တားမြစ်ထားခဲ့သည်ဟု သိရှိခွင့်ရပါသည်။ မြေပုံအမှတ်(၆)ကို တူးဖော်ခဲ့သည့်အခါ ကြီးမားသောကျွန်းတိုင်ကြီး ၆၄ တိုင်ကို တွေ့ရှိခဲ့ရသည်။

နန်းတွင်းသူ၊ နန်းတွင်းသား၊ မင်းပရိသတ်များ စုဝေး၍ ညီလာခံအစည်းအဝေးကျင်းပသော ခန်းမဆောင်ကြီးနေရာတွင် အရေးအကြီးဆုံးတွေ့ရှိချက်မှာ ကျွန်းတိုင် ၁၆၃ တိုင်ဖြစ်သည်။ ယင်းကျွန်းတိုင်များအနက် ကျွန်းတိုင် ၁၃၇ တိုင်ကို မွန်နှင့် မြန်မာဘာသာများဖြင့် ကမ္ပည်းစာတန်းထိုးမှတ်တမ်းတင်ထားခဲ့ပါ၏။ ညီလာခံ ခန်းမဆောင်ကြီး တည်ဆောက်ရေးအတွက် မြို့များ၊ နယ်ပယ်ဒေသအမည်များနှင့် ကြီးမားသော ကျွန်းတိုင်ကြီးများကို ယူဆောင်ခဲ့ကြသော ဘုရင်အပါအဝင် ဝန်ကြီးများ၏ အမည်များကို မှတ်တမ်းတင်ထားရှိခဲ့ကြသည်။

အဆိုပါ ညီလာခံကျင်းပသည့် ခန်းမဆောင်ကြီးသည် နန်းတော်အတွင်း အကြီးမားဆုံးအဆောက်အအုံဖြစ်သည်။ ညီလာခံအစည်းအဝေးများကျင်းပရာတွင် အသုံးပြုသောကြောင့် နိုင်ငံ၏အရေးကြီးဆုံးသော ခန်းမဆောင်ဝင်ဖြစ်ပါသည်။

ပလ္လင် ရှစ်ခုအနက် သီဟာသနပလ္လင်(သို့မဟုတ်) ခြင်္သေ့ခံပလ္လင်ကို အဆိုပါ အဆောက်အအုံအတွင်း၌ ခံညားစွာထားရှိပါသည်။ ယမနေ့သားဖြင့်ပြုလုပ်ထားသော ထိုပလ္လင်ကို ပလ္လင်အထက်ပိုင်းနှင့် တွဲဆက်ထားသော တိုင်ပုန်းနှစ်ခု၏ အထက်ပိုင်းနှင့် အောက်ခြေနှစ်ဖက်တွင် နတ်မင်းကြီးလေးပါး၏ ရုပ်ပုံကိုတွေ့မြင်နိုင်သည်။ အထက်ပိုင်း ဗဟိုချက်နေရာတွင် သိကြားမင်း၏ ရုပ်ပုံကို တွေ့မြင်နိုင်ပါ၏။ သိကြားမင်း၏နဖူးတော်တွင် နိုင်ငံကိုအုပ်ချုပ်သော ဘုရင်အား မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်ရန် စာဖြင့်ရေးထိုးမှတ်တမ်းတင်ထားပါသည်။

ယင်းမှာ သီဟာသနပလ္လင်သည် နိုင်ငံတော် အချုပ်အခြာအာဏာ၏ အထင်ကရသင်္ကေတအမှတ် လက္ခဏာတစ်ရပ်ဖြစ်ကြောင်း ဖော်ပြနေခြင်းပင်။

လက်ဝဲဘက်တိုင်ပုန်း၏အလယ်တွင် နေမင်းကို ကိုယ်စားပြုသော ဒေါင်းတစ်ကောင်၏ရုပ်ပုံရှိသည်။ လက်ယာဘက်တိုင်ပုန်း၏အလယ်တွင် လမင်း၏အမှတ်အသားဖြစ်သော ယုန်တစ်ကောင်၏ ရုပ်ပုံရှိသည်။ ယင်းအမှတ် လက္ခဏာများသည် မြန်မာဘုရင်မင်းတို့သည် နေနှင့်လမှ ဆင်းသက်လာသော မျိုးနွယ်ဖြစ်ကြောင်း ဖော်ပြနေသည်။

ဘုရင့်နောင်မင်းတရားကြီးသည် အင်အားတောင့်တင်း၍ နယ်ပယ်ကျယ်ဝန်းသော ဒုတိယမြန်မာနိုင်ငံတော် အင်ပါယာကို တည်ထောင်ခဲ့ရုံမျှမက မင်းကျင့်တရားနှင့်အညီအုပ်ချုပ်ခဲ့၍ အုပ်ချုပ်ခံပြည်သူများသည် ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်းများ ရရှိခံစားခဲ့ကြရပါသည်။ ဘုရင့်နောင်မင်းတရားကြီးသည် လယ်ယာစိုက်ပျိုးရေးနှင့် ကုန်သွယ်ရေးကို ဆောင်ရွက်လုပ်ကိုင်ကြရန် အားပေးလှုံ့ဆော်မှုပြုခဲ့သည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံမှ ဝန်ကြီးများနှင့် သူရဲကောင်းများသည်လည်း မင်းတရား၏လက်အောက်တွင် ကျေပွန်စွာအမှုထမ်းခဲ့ကြရာ အဆင့်မြင့်ရာထူးများ ချီးမြှင့်မြှောက်စား တာဝန်ပေးအပ်ခဲ့ပါ၏။ ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားလာစေရန် အဘက်ဘက်မှ ကြိုးစားဆောင်ရွက်ခဲ့သဖြင့် ဘာသာ၊ သာသနာရေးကိစ္စများလည်း နိုင်ငံတော်တွင် စည်ပင်ထွန်းလင်းတောက်ပခဲ့ရပါသည်။

ခမ်းနားထည်ဝါကြီးကျယ်သော နန်းတော်၏ ပုံသဏ္ဌာန်ကို လေ့လာခြင်းအားဖြင့် မိမိကိုယ်တိုင်ပင် အံ့သြဖွယ်ရာကောင်းသော ဗိသုကာဆိုင်ရာဒီဇိုင်းများကို မြင်တွေ့သတိပြုမိခဲ့ပါသည်။ ထိုခေတ်ကာလအချိန်က တည်ဆောက်မှုပုံသဏ္ဌာန်မြင့်မားမှု၊ ခန်းမဆောင်အကျယ်အဝန်းနှင့် ထည်ဝါမှုတို့သည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ချမ်းသာကြွယ်ဝမှုတို့ကို ထင်ဟပ်ဖော်ပြနေသည်ကို ထင်ထင်ရှားရှားတွေ့မြင်ရမည်ပင်ဖြစ်သည်။

ကမ္ဘောဇသာဒီရွှေနန်းတော်ကြီးနှင့် နန်းတော်အကျယ်အဝန်းနယ်နိမိတ်တို့ကို မြင်တွေ့ရခြင်းဖြင့် မြန်မာနိုင်ငံသည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ပါကြောင်း၊ အုပ်စိုးခဲ့သော ဘုရင်များ၊ ဘာသာသာသနာ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့်တကွ ခမ်းနားထည်ဝါခြင်းနှင့် အဆင့်အတန်းမြင့်မားစွာ ရပ်တည်ခဲ့ကြကြောင်းကို ထုတ်ဖော်လှစ်ဟပြသထားခြင်းဖြစ်ပါ၍ မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် ဗဟုသုတအဖြစ် လေ့လာနိုင်ရန်သွားရောက်သင့်ပါကြောင်း သတင်းဆောင်းပါးအဖြစ် တင်ဆက်ပေးလိုက်ရပါသည်။ ။

သီဟာသနပလ္လင်(သို့မဟုတ်) ခြင်္သေ့ခံပလ္လင်ကို ခံညားစွာ တွေ့ရစဉ်။

တည်ဆောက်မှုပုံသဏ္ဌာန်မြင့်မားမှု၊ ခန်းမဆောင် အကျယ်အဝန်းနှင့် ထည်ဝါမှု၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ချမ်းဆာကြွယ်ဝမှုတို့ကို ထင်ဟပ်ဖော်ပြနေသည့် ကမ္ဘောဇဆာဒီရွှေနန်းတော်။

လယ်ယာမြေထုပ်ပိုင်ခွင့်ပြုလက်မှတ် ကျောက်မဲ၌ ထုတ်ပေး

ကျောက်မဲ ဧပြီ ၁၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကျောက်မဲကြီးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ရှမ်းတောင်သူလယ်သမားကြီးများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေးသည့် အခမ်းအနားကို ကျောက်မဲကြီးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဧပြီ ၉ ရက် နံနက် ၁၀ နာရီက ပြုလုပ်ရာ ခရိုင်မြေယာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ (ခရိုင်အုပ်ချုပ်ရေးမှူး) ဦးစိုးနိုင်က လယ်ယာမြေပိုင်ဆိုင်ခွင့်ကိစ္စများနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအတွင်းရေးမှူး ဦးစိုးတင့်က လယ်ယာမြေပိုင်ဆိုင်ခွင့် လက်မှတ်၏အကျိုးကျေးဇူးနှင့် အခွင့်အလမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဒေသခံတောင်သူ ၁၆၀ ဦးတို့အား ဦးပိုင်အကွက်ပေါင်း ၂၃၆၊ မြေယာဧကပေါင်း ၅၆၀ အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို ခရိုင်၊ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက အသီးသီးပေးအပ်သွားကြကြောင်း သိရသည်။(ဝဲပုံ)

(၅၆၃)

ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး ဝိုင်းဝန်းကူညီစောင့်ရှောက်ပေး

ပါမောက္ခဒေါက်တာရည်ရည်အောင်
(ရန်ကုန်တက္ကသိုလ်)

နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် ယဉ်ကျေးမှုကိုယ်စီရှိကြပေသည်။ ယဉ်ကျေးမှုဆိုသည့်အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်မှာလည်း လွန်စွာနက်နဲကျယ်ဝန်းလှသည်။ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုဆိုသည်မှာ ယင်းလူမျိုးတို့မွေးဖွားချိန်မှ သေဆုံးချိန်အထိ ပြုလုပ်သုံးစွဲခဲ့သောပစ္စည်းမှန်သမျှနှင့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ဘာသာစကား၊ အသက်မွေးဝမ်းကျောင်းမှု၊ လူမှုဆက်ဆံရေးစနစ်၊ ကိုးကွယ်ယုံကြည်မှု၊ ရိုးရာဓလေ့ထုံးစံများ၊ စရိုက်ဓလေ့၊ လက်မှုအနုပညာ၊ သုခုမအနုပညာတို့ ပေါင်းစပ်ဖွဲ့စည်းထားခြင်းပင်ဖြစ်သည်။ ကိုယ်ဟန်အမူအရာ နှိမ့်ချရိုကျိုးခြင်းသည်လည်း ယဉ်ကျေးမှုပင်ဖြစ်သည်။

ယဉ်ကျေးမှုမှာ ကဏ္ဍအမျိုးမျိုးပါဝင်ပါသည်။ ရိုးရာယဉ်ကျေးမှု၊ သမိုင်းဆိုင်ရာယဉ်ကျေးမှု၊ ဂီတယဉ်ကျေးမှု၊ သဘာင်ယဉ်ကျေးမှု စသည်ဖြင့် ကဏ္ဍမျိုးစုံရှိပါသည်။ ၎င်းအပြင်ယဉ်ကျေးမှုများမှာ ရွှေ့ပြောင်းနိုင်သောယဉ်ကျေးမှုအမွေအနှစ် ဝတ္ထုပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောယဉ်ကျေးမှုအမွေအနှစ်ဟူ၍ နှစ်မျိုးရှိသည်။ ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုဆိုသည်မှာ ကိုင်တွယ်ထိတွေ့ရသည့် လူသားများ ပြုလုပ်သုံးစွဲခဲ့သည့် ပစ္စည်းမှန်သမျှအကျုံးဝင်သည်။ ဥပမာအားဖြင့် အဝတ်အစားတန်ဆာများ၊ လုပ်ငန်းသုံးပစ္စည်းကိရိယာများ၊ တူရိယာပစ္စည်းများ၊ လက်နက်ကိရိယာများ၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ရုပ်ပွားဆင်းတုတော်များနှင့် အိုးအိမ်အဆောက်အအုံများ၊ သဘာဝလိုဏ်ဂူများဖြစ်သည်။

စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုဆိုသည်မှာ ကိုင်တွယ်ထိတွေ့မရသည့် ယဉ်ကျေးမှုကိုဆိုလိုသည်။ ၎င်းတို့မှာ ဘာသာစကား၊ ရိုးရာဓလေ့ထုံးစံများ၊ လူမှုဆက်ဆံရေးဓလေ့စရိုက်များ အဝါအဝင်ထိတွေ့ကိုင်တွယ်၍ မရသောယဉ်ကျေးမှုကိုဆိုလိုပါသည်။ ဥပမာ အနုသုခုမပညာဖြစ်သည့် သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကခုန်ခြင်းတို့သည် အတတ်ပညာများဖြစ်၍ စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုမှာ အကျုံးဝင်သော်လည်း သီဆိုတီးမှုတ်ကခုန်ရာမှာ အသုံးပြုသည့် တူရိယာပစ္စည်းများ၊ အဝတ်အစားအဆင်အပြင်များမှာ ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှုများဖြစ်သည်။ အထိမ်းအမှတ်အဆောက်အအုံများမှာ သမိုင်းတန်ဖိုးအရဖြစ်စေ၊ ရှေးဟောင်းသုတေသနတန်ဖိုးအရဖြစ်စေ တန်ဖိုးကြီးမားပြီး ထင်ရှားသည့် ပန်းချီ၊ ပန်းပု အထိမ်းအမှတ်လက်ရာများ ပါဝင်သည့် ဗိသုကာပညာရပ်များ၊ ရှေးဟောင်းသုတေသနသဘောလက္ခဏာများပါဝင်သည့် သဘာဝလိုဏ်ဂူများဖြစ်သည်။ အဆောက်အအုံများမှာ သမိုင်းအရဖြစ်စေ၊ အနုပညာအရဖြစ်စေ တန်ဖိုးကြီးမားပြီး ထင်ရှားသည့်နေရာ၏ သဘာဝမြင်ကွင်း၊ သမိုင်းအခြေခံ၊ ဗိသုကာလက်ရာတို့နှင့် ပြည့်စုံသည့် အဆောက်အအုံစုများကိုဆိုလိုသည်။

ယဉ်ကျေးမှုအစစ်သည် လူ့အနှစ်အမြုတေရတနာဖြစ်ကြောင်း ကောင်းစွာသိရှိကြဖို့လိုအပ်သည်။ အနာဂတ်မှာ မြန်မာဆိုသည့်လူမျိုးဖြစ်လာကြမည့် ရှေးဦးလူမျိုးစုအဖွဲ့အစည်းငယ်များ မြန်မာနိုင်ငံအတွင်းသို့ စတင်ဝင်ရောက်ချိန်မှစပြီး ကိုယ်ပိုင်ယဉ်ကျေးမှုများ အသီးသီးဖြစ်ထွန်းပေါ်ပေါက်ခဲ့သည်။ ပထဝီအနေအထားအရလည်းကောင်း၊ ဘာသာစကားအရလည်းကောင်း၊ လူ့အဖွဲ့အစည်းတစ်ခုနှင့် တစ်ခုတို့၏ ယဉ်ကျေးမှုသဘောတရားများ ကွဲပြားခြားနားခဲ့ကြသည်။ မြန်မာနိုင်ငံတွင်းရှိ တိုင်းရင်းသားလူမျိုးစုအသီးသီးတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု အနုပညာ၊ ကိုးကွယ်သည့် ဘာသာအယူဝါဒ၊ စာပေအရေးအသား၊ အတွေးအခေါ် စသည်တို့မှာ သီးခြားရှိသော်လည်း ယဉ်ကျေးမှုဆိုင်ရာ အတွေးအမြင် အယူအဆများသည် တစ်ဦးနှင့်တစ်ဦး တူညီဆက်နွယ်မှုရှိကြောင်းလေ့လာတွေ့ရှိရသည်။

ယခုအခါမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် ဘိုးဘွားအစဉ်အဆက်တို့၏ အဖိုးထိုက်တန်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာ အမွေအနှစ်များကို မပျောက်မပျက်မတိမ်ကောစေရန် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အထူးလိုအပ်နေပြီဖြစ်သည်။ နှစ်ဆယ်ရာစုခေတ် နှောင်းပိုင်းကာလမှ စတင်၍ နိုင်ငံခြားတိုင်းပြည်များမှတစ်ဆင့် ယဉ်ကျေးမှုမျိုးစုံ မြန်မာနိုင်ငံအတွင်းသို့ ထိုးဖောက်ဝင်ရောက်နေကြပြီဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုနယ်ပယ်ထဲသို့ နိုင်ငံခြားအငွေ့အသက်အယူအဆ၊ အတွေးအခေါ်ဆိုင်ရာ ယဉ်ကျေးမှုများက ထွေးရောယှက်တင်ဝင်ရောက် နေရာယူရန် ကြိုးပမ်းလာကြပြီဖြစ်သည်။ ဝတ်စားဆင်ယင်မှုမှအစပြုပြီးအပြောအဆိုအပြုအမူအနေအထိုင်တို့မှာ ယဉ်ကျေးမှုလျော့ပါးလာသည်ကို တွေ့နေရပြီဖြစ်သည်။ ဂီတအနုပညာဘက်မှာလည်း မီဒီယာများမှတစ်ဆင့် အရှိန်အဟုန်ပြင်းစွာ အလျင်အမြန်ထိုးဖောက်နေရာယူလာသည်ကို တွေ့ရသည်။

ယနေ့မြန်မာနိုင်ငံတွင်သာမက ကမ္ဘာမှာပါ ထိပ်တန်းမှနေရာယူလာသော ကိုရီးယားရုပ်ရှင်ကားများမှာ ယင်းတို့၏ ယဉ်ကျေးမှုအစားအစာ၊ ဝတ်စားဆင်ယင်ပုံ၊ မိသားစုပြဿနာ စသည်တို့ကို ဇာတ်အိမ်နိုင်နိုင်ဖြင့် ဖွဲ့နွဲ့တင်ပြထားခြင်းကြောင့်ပင်ဖြစ်သည်။ ကိုရီးယားကင်ချီ၊ ပဲခေါက်ဆွဲ၊ ဆိုဂျူ စသည်တို့မှာလည်း အမှန်တကယ်အားဖြင့် ရိုးရိုးသာမန်အစားအစာများပင်ဖြစ်သော်လည်း ရိုက်ကူးတင်ပြထားမှုဆန်းသစ်နေ၍ အောင်မြင်နေရခြင်းဖြစ်သည်။ ကိုရီးယားကင်ချီမှာ မြန်မာမုန်ညင်းလောက်ပင်စား၍ မကောင်းလှပေ။ ကိုရီးယားရုပ်ရှင်ကဲ့သို့ မည်မျှစွဲ သနည်းဆိုရလျှင် ထမင်းစားချိန်၊ အလုပ်လုပ်ချိန်ကိုပင် ကိုရီးယားရုပ်ရှင်ကားအမီလုပ်ဆောင်ကြသည်ကိုလည်း တွေ့နေရသည်။ ကိုရီးယားကင်ချီကဲ့သို့ မြန်မာနိုင်ငံက မုန့်ဟင်းခါး၊ ကြာဆံချက်စသည့် ရိုးရာအစားအစာများကို ဖော်ထုတ်နိုင်ခြင်း၊ ဇာတ်အိမ်ခိုင်ခံ့ခြင်းတို့ဖြင့် တင်ပြနိုင်လျှင် မြန်မာ့ရုပ်ရှင်အရည်အသွေး တိုးတက်လာမည်ဟု ယူဆရပါသည်။ ကိုရီးယားရုပ်ရှင်ထဲမှ ကောင်းသည့်အချက်ကိုယူ၊ မကောင်းသည့်အချက်ကို ပယ်ရမည့်အစား မကောင်းသည့် ဝတ်စားဆင်ယင်မှု၊ အပြုအမူမျိုးစုံများကိုသာ အတုယူနေသည်ကိုသာတွေ့ရသည်။ ရုပ်ရှင်သရုပ်ဆောင်များ၊ မော်ဒယ်လေးများက ထိန်းထိန်းသိမ်းသိမ်း ဝတ်စားဆင်ယင်သင့်ပြီဟု ထင်မြင်ယူဆပါသည်။ အကြောင်းမှာ ယနေ့ခေတ်လူငယ်အမျိုးသား အမျိုးသမီးလေးများက အတုယူဝတ်စားဆင်ယင်ကြမည်ဖြစ်သောကြောင့်ဖြစ်သည်။ မီဒီယာများမှလည်း ဝတ်စားဆင်ယင်မှုကို ထိန်းသိမ်းသင့်ပြီဟု တိုက်တွန်းပါသည်။ အမျိုးသမီးလေးများ ပေါင်တစ်ဝက်ဘောင်းဘီစကတ်များ လူအများကြားထဲတွင် မြင်၍မကောင်းအောင်ဝတ်ဆင်နေကြသည်ကို လည်းတွေ့မြင်နေရသည်။

ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပါပျောက်မည်ဆိုသည့် စကားရပ်သည် နိုင်ငံသားတိုင်း အလေးထားဂရုပြုရမည့် စကားဖြစ်သည်။ သို့ဖြစ်ပါ၍ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ကြရမည့်သာဖြစ်သည်။ အမျိုးသားရေး အသိအမြင်နှင့် အမျိုးသားယဉ်ကျေးမှုစစ်စစ်ကို တိုးတက်ဖွံ့ဖြိုးစေရန် ကြိုးပမ်းဆောင်ရွက်ဖို့မှာ နိုင်ငံသားတိုင်း၏ အဓိကကျသည့် တာဝန်တစ်ရပ်ဖြစ်သည်။

ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပါပျောက်မည်ဆိုသည့် စကားရပ်သည် နိုင်ငံသားတိုင်းအလေးထားဂရုပြုရမည့် စကားဖြစ်သည်။ သို့ဖြစ်ပါ၍ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ကြရမည့်သာဖြစ်သည်။ အမျိုးသားရေး အသိအမြင်နှင့် အမျိုးသားယဉ်ကျေးမှုစစ်စစ်ကို တိုးတက်ဖွံ့ဖြိုးစေရန် ကြိုးပမ်းဆောင်ရွက်ဖို့မှာ နိုင်ငံသားတိုင်း၏ အဓိကကျသည့်တာဝန်တစ်ရပ်ဖြစ်သည်။ မြန်မာတစ်မျိုးသားလုံး မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်ကြခြင်းဖြင့် နိုင်ငံနှင့်လူမျိုးဂုဏ်ရောင် အစဉ်ထွန်းပြောင်နေမည်ဖြစ်သကဲ့သို့ လွတ်လပ်သည့် အချုပ်အခြာအာဏာလည်း တည်တံ့နေမည်သာဖြစ်ပေသည်။ ။

လျှင်လှုပ်မည်ကို ပုရွက်ဆိတ်များ ကြိုတင်သိရှိ

ဘာသာပြန်-အောဝမ်းစိုး

မြေငလျင်လှုပ်မည်ကို ပုရွက်ဆိတ်များက ကြိုတင်သိရှိနိုင်ကြောင်း ဧပြီ ၁၀ ရက်က ဗီယင်နာမြို့တွင် ပြုလုပ်သည့် ဥရောပဘူမိသိပ္ပံသမဂ္ဂ၏ နှစ်ပတ်လည်အစည်းအဝေးတွင် သုတေသနပညာရှင်များက ပြောကြားသည်။

ဂျာမနီနိုင်ငံ Duisburg -Essen တက္ကသိုလ်မှ သုတေသနပညာရှင် ဂါဘရီလီဘာဘီရစ်ချ်က ဂျာမနီနိုင်ငံမှ ငလျင်ပြတ်ရွေ့ကြောများတစ်လျှောက်ရှိ ပုရွက်ဆိတ်နီတောင်ပို့ ၁၅၀၀၀ ကျော်ကို လေ့လာသုတေသနပြုခဲ့ရာမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဘာဘီရစ်ချ်ဦးဆောင်သည့် သုတေသနပညာရှင်တစ်စုသည် အဆိုပါ ပုရွက်ဆိတ်တောင်ပို့များ၏ အမူအရာပြုပြင်ပြောင်းလဲမှုကို အသေအချာမှတ်တမ်းတင်နိုင်သည့် အထူးဆော့ဖ်ဝဲများ အသုံးပြုထားသော ဗီဒီယိုကင်မရာများဖြင့် ခုနစ်ရက်ပတ်လုံး ၂၄ နာရီကြာ စောင့်ကြည့်လေ့လာမှုကို သုံးနှစ်တိတိပြုလုပ်ခဲ့ကြသည်။

လှုပ်ရှားမှုအမူအရာ

ယင်းသို့ လေ့လာရာတွင် ၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ပြင်းအား ၂ ဒသမ ၀ မှ ၃ ဒသမ ၂ အဆင့်ရှိ ငလျင် ၁၀ခု လှုပ်ခတ်ခဲ့ရာ ပြင်းအား ၂ ဒသမ ၀ အဆင့်ထက် ပိုမိုပြင်းထန်သော ငလျင်လှုပ်မည်ဆိုပါက ပုရွက်ဆိတ်များ၏ လှုပ်ရှားမှုအမူအရာမှာ ပြောင်းလဲလာခဲ့ကြောင်း၊ ၂ ဒသမ ၀ အဆင့်ရှိ ငလျင်မှာ လူသားများသတိထား ခံစားနိုင်သည့် အင်အားအသေးဆုံးငလျင်ဖြစ်ကြောင်း ဘာဘီရစ်ချ်က ပြောကြားသည်။

သာမန်နေ့များတွင် ပုရွက်ဆိတ်များသည် ၎င်းတို့နေ့စဉ်လှုပ်ရှားသွားလာမှုများဖြင့် အလုပ်များလျက်ရှိပြီး ညဘက်တွင် တောင်ပို့အတွင်း၌ နားနေခဲ့သည်။ သို့သော် မြေငလျင်တစ်ခုမလှုပ်ခတ်မီအချိန်တွင် ပုရွက်ဆိတ်များသည် တောင်ပို့အပြင်ဘက်၌ တစ်ညလုံးနိုးနိုးကြားကြားရှိနေတတ်သကဲ့သို့ ငလျင်လှုပ်ပြီး နောက်တစ်နေ့တိုင်အောင် ၎င်းတို့၏ နေ့စဉ်လှုပ်ရှားမှုများကို ပြန်လည်မပြုလုပ်နိုင်ကြောင်း ဘာဘီရစ်ချ်က ဆက်လက်ပြောကြားသည်။

ပုရွက်ဆိတ်များက ငလျင်လှုပ်မည်ကို ကြိုတင်သိရှိနေခြင်းနှင့် ပတ်သက်၍ ဓာတ်ငွေ့ထုတ်လွှတ်မှု အပြောင်းအလဲ သို့မဟုတ် ကမ္ဘာ့သံလိုက်စက်ကွင်းအတွင်းရှိ ဒေသအပြောင်းအလဲများအပေါ် ဘာဘီရစ်ချ်က သံသယရှိနေသည်ဟု ဆိုသည်။

ဦးခေါင်းကြီးရောဂါခံစားနေရသည့် အိန္ဒိယကလေးငယ်

ဘာသာပြန်-မာမာစိုး

အိန္ဒိယနိုင်ငံ၌ အသက် (၁၈)လအရွယ်ရှိ ကလေးငယ်တစ်ဦးသည် သာမန်ဦးခေါင်းအရွယ်အစားထက် သုံးဆပို၍ ကြီးသည့် အလွန်တွေ့ရခဲသောရောဂါဝေဒနာတစ်မျိုးကို ခံစားနေရကြောင်း သိရသည်။

Roona Begum အမည်ရှိ အဆိုပါ ကလေးငယ်သည် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း Tripura ပြည်နယ်ရှိ Jirania ကျေးရွာတွင် နေထိုင်လျက်ရှိသည်။ ထိုသို့ဖြစ်ရခြင်းမှာသူမ၏ ဦးခေါင်းခွံအတွင်း၌ ဦးနှောက်အသားများကို ဝန်းရံပြီး ကာကွယ်ပေးသည့် အရည်များတဖြည်းဖြည်းများပြားလာခြင်းကြောင့်ဟု သိရသည်။

အဆိုပါရောဂါခံစားရသူများသည် သာမန်လူများကဲ့သို့ လှုပ်ရှားသွားလာနိုင်မှုနှင့် စကားပြောဆိုနိုင်မှုများ ချို့ယွင်းလာနိုင်သည်။ ထိုရောဂါကို အချိန်ကြာမြင့်စွာ ခံစားလာရသည်နှင့်အမျှ စိတ်ရောဂါ၊ ကိုယ်လက်အင်္ဂါ မသန်မစွမ်းဖြစ်ခြင်းနှင့် သေဆုံးခြင်းစသည့် အကျိုးဆက်များကို ဖြစ်စေနိုင်သည်။ တတ်ကျွမ်းသည့် ဆရာဝန်များဖြင့် အရည်များဖောက်ထုတ် ကုသပေးပါက ရရှိနိုင်ကြောင်း သိရသည်။

သို့သော်လည်း Roona ၏ဖခင်ဖြစ်သူ (၂၆) နှစ်အရွယ်ရှိ အဗ္ဗဒူ ရာမင်သည် အုတ်စက်ရုံလုပ်သားဖြစ်ပြီး တစ်နေ့လျှင် နှစ်ပေါင်မပြည့်သည့် ဝင်ငွေသာရရှိသောကြောင့် ၎င်း၏ စရိတ်ဖြင့် သမီးငယ်အား ဆေးဝါးကုသမပေးနိုင်သေးကြောင်း သိရသည်။

သာမန်ဦးခေါင်းအရွယ်အစားထက် သုံးဆပို၍ ကြီးသည့် အသက် (၁၈)လအရွယ်ရှိ ကလေးငယ်အား သူ၏ ဖခင်နှင့်အတူ တွေ့ရစဉ်။

ဝမ်းနည်းကြေကွဲခြင်း

ဦးလှဟန်(ကျောက်ပန်းတောင်း)

အသက်(၇၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမ်းမိုးဟန် ဇနီး ဒေါ်မွေးမွေးတို့၏ ဖခင် ဦးလှဟန်သည် ၁၃-၄-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကျော်စိုး(အမှုဆောင်အရာရှိ/အင်္ဂပူစည်ပင်)နှင့် ဇနီး ဒေါ်နီနီဝင်း မိသားစု

ဦးဝင်းဖေ(ခ)စီဟန့်ကီ

မြန်မာ့ရှပ်ရှင်လုပ်ငန်း(ငြိမ်း)

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ အမှတ်(၅၄၆)၊ ဖိုးရာဇာလမ်း၊ (၃၅)ရပ်ကွက်နေ (ဦးညွန့်ဟိန်-ဒေါ်မိ)တို့၏ သား၊ ဒေါ်ချယ်ရီ(ခ)တန်ရှုခင်၏ ခင်ပွန်း၊ ဦးအောင်အောင်ဦး-ဒေါ်ခင်ခင်အေး၊ ဦးစိုးပိုင်-မမိုးမိုးဦးတို့၏ ဖခင်၊ မောင်ယာန်ရဲလင်း၊ မောင်ခန့်နေခင်ထွန်း၊ မဟန်ဆုဝေတို့၏ အဘိုး ဦးဝင်းဖေ(ခ)စီဟန့်ကီသည် ၁၅-၄-၂၀၁၃ ရက် နံနက် ၉း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၁-၄-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးဇော်ဝင်းမြင့်(ခ)ကိုဖိုးဇော်

အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ အနောက်ရန်ကင်း၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက်(၁၅)၊ အခန်း(၂၁)နေ ဦးလငွေ-ဒေါ်ခင်ခင်သိန်းတို့၏ သားကြီး၊ ဦးသန့်အောင်-ဒေါ်ပိုက်တို့၏သားသမက်၊ ဒေါ်ကြူကြူခိုင်၏ ခင်ပွန်း၊ မဖူးပွင့်ဝေဆာဇော်၊ မချမ်းမြေ့မြည်ဇော်၊ မမေရှင်းသန့်မှူးဇော်တို့၏ ဖခင်၊ သင်းနုအေး(လဝက)၊ ဇေယျာပိုင်၊ မင်းသရီန၊ ကျော်ကျော်၊ ခင်ဆွေလတ်၊ အောင်ဟိန်းတို့၏ အစ်ကိုကြီး ဦးဇော်ဝင်းမြင့်(ခ)ကိုဖိုးဇော်သည် ၁၅-၄-၂၀၁၃ ရက်တွင် ဒေးဒရဲမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ဒေးဒရဲသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ကျင်ထွေး(မုဒုံ)

အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၈)၊ အခန်း(၅၁၁)၊ ဝါဝါဝင်းအိမ်ရာနေ (ဦးမောင်ဇင်-ဒေါ်မယ်ဘွား)တို့၏ သမီး၊ (ဦးသန်းတင်အောင်)၏ ဇနီး၊ ဦးခင်ချို ဒေါ်မြမြငွေ၊ ဒေါ်နွယ်နီအောင်တို့၏ မိခင်၊ ကိုအောင်ကိုဆန်း၊ မအေးမြတ်မွန်၊ မသပြေမွန်၊ မအေးမိုးကြည်တို့၏ အဘွားသည် ၁၄-၄-၂၀၁၃ ရက် ည ၇း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၃ ရက်တွင် ရေဝေးသုသာနသို့ ပို့ဆောင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်ချိုင်းဟွန်(မြိတ်)

အသက်(၈၅)နှစ်

မြိတ်မြို့၊ ထားဝယ်စုရပ်၊ ကုန်သည်လမ်း၊ အမှတ်(၆၉)နေ ဦးဟင်တိုင်၏ ဇနီး၊ ဦးစိုးသိမ်း-ဒေါ်သန်းသန်းယု၊ ဦးကျော်မင်းဆွေ-ဒေါ်နွယ်နွယ်အေးတို့၏ မိခင်၊ မသီရိမွန်၊ မောင်တင်ကျော်အောင်-မသတ်ရည်ဝင်း၊ မောင်သုရအောင်၊ မောင်သက်ပိုင်စိုးတို့၏အဘွား ဒေါ်ချိုင်းဟွန်သည် ၁၃-၄-၂၀၁၃(စနေနေ့) ည ၉း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကျွန်းတိတ်ဘုံသုသာန်သို့ ပို့ဆောင်ဝသင်းမည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်ချိုင်းဟွန်(မြိတ်)

အသက်(၈၅)နှစ်

မြိတ်မြို့၊ ထားဝယ်စုရပ်၊ ကုန်သည်လမ်း၊ အမှတ်(၆၉)နေ (ဦးအော်ဖောင်-ဒေါ်ငွေဆင်)တို့၏သမီးချွေးမ၊ (ဦးကျင်ပုံး-ဒေါ်ကြူ)တို့၏သမီး၊ ဦးဟင်တိုင်၏ဇနီး၊ ဦးစိုးသိမ်း-ဒေါ်သန်းသန်းယု၊ ဦးကျော်မင်းဆွေ-ဒေါ်နွယ်နွယ်အေးတို့၏မိခင်၊ (ဦးလေရှန်-ဒေါ်ဘုယ်)တို့၏ညီမ၊ ဦးလေဘင်-ဒေါ်ဒေစီချူး၊ ဒေါက်တာစံလင်း-ဒေါက်တာသင်းသင်းတို့၏အစ်မ ဒေါ်ချိုင်းဟွန်သည် ၁၃-၄-၂၀၁၃ (စနေနေ့) ည ၉း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကျွန်းတိတ်ဘုံသုသာန်သို့ ပို့ဆောင်ဝသင်းမည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

မြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၁၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ ထိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်တွင် နေရာကွဲကွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (ပြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်နှင့်သာ ရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၆ ဒီဂရီစင်တီဂရိတ်၊ မြင်းခြံမြို့နှင့် ညောင်ဦးမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်နှင့် မုံရွာမြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် သုည ဒသမ ၇၀ လက်မနှင့် မြိတ်မြို့တွင်သုည ဒသမ ၅၂ လက်မတို့ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ် နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

အနိစ္စ

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ခင်ကြည်ညီ

အသက်(၈၈)နှစ်

(ကွင်းကောက်)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပိတောက်လမ်း၊ အမှတ်(၉/၈)၊ ကြိခင်းမောင်ပဲ့ရှုံနေ (ဦးငြိမ်း)၏ဇနီး၊ ဦးအောင်ငွေး-ဒေါ်နဲ့နဲ့ကြည်တို့၏မိခင်၊ ဦးအောင်စိုးမိုး-မစန္ဒာငွေး၊ ကိုမင်းဇော်-မချိုချိုတင်၊ ကိုကျော်ဇေယျာ-မအေးမြသန္တာ၊ မအေးရွှေစင်ငွေး၊ ကိုကျော်လင်ထွန်း-မသဇာအောင်တို့၏ အဘွား၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၁၄-၄-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [၁၆-၄-၂၀၁၃ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ကျေးရင်

အသက်(၇၈)နှစ်

(သန်လျင်)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ င/ပ ကျေးရွာနေ (ဦးအောင်သစ်-ဒေါ်အေးစိန်)တို့၏ သမီး၊ (ဦးပိုင်း-ဒေါ်ငွေရှိန်)တို့၏ သမီးချွေးမ၊ (ဦးမောင်ကြီး)၏ဇနီး၊ ဦးစိုး မြင့်-ဒေါ်မြင့်မြင့်သန်း၊ ဦးခင်မောင်လ-ဒေါ်လှမြင့်၊ ဦးဇော်ဝင်း-မမြင့်မြင့်ရီ၊ ဦးမြင့်အောင်(၂)(ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဌာန)-ဒေါ်မြင့်မြင့်ဆွေ၊ ဦးမြင့်သန်း-ဒေါ်တင်တင်နွဲ့၊ ဦးဝင်းနိုင်-ဒေါ်သိမ့်သိမ့်အေးတို့၏ မိခင်၊ မြေး ၂၃ ယောက်တို့၏ အဘွားသည် ၁၅-၄-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၃ ရက်တွင် င/ပ ကျေးရွာသုသာန်၌ ဝသင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်စန်းရီ (၅၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(တောင်)ရပ်ကွက်၊ ဝေဠုဝနလမ်းကျယ်၊ အမှတ်(၅၂)နေ (ဦးလသန်း-ဒေါ်တင်လိုင်)၊ (ဦးစံမြင့်-ဒေါ်တေးလှ)တို့၏ သမီး၊ ဦးခင်ဇော်-ဒေါ်စန်းစန်းသွယ်၊ (ဦးသိန်းတ)-ဒေါ်စီစီခိုင်၊ ဦးလှဝင်း-ဒေါ်ခင်ဆွေဝင်း၊ ဦးလှမိုး-ဒေါ်သဇင်မြတ်ညို၊ ဒေါ်စန်းစန်းလ၊ ဦးအောင်အောင်မင်း- ဒေါ်အေးအေးခိုင်တို့၏ အစ်မ၊ ကိုထွန်းတွန်းဦး၊ မမောမောသန်း၊ မောင်ဖြိုးဝေကျော်-မမျိုးမျိုးသန့်၊ မောင်သိန်းတိုက်အောင်တို့၏ မေးသမိခင်ကျေးဇူးရှင်၊ မောင်မင်းသန့်ကျော်(ခ)မောင်မျိုးကျော်အောင်၏အဘွား၊ တူ/တူမ ၁၁ ယောက်တို့၏အဒေါ်၊ ဦးတင်ငွေ၏ဇနီးသည် ၁၄-၄-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

ဦးနေဝင်းကျော်သူ

အသက်(၄၁)နှစ်

(အမိမြေကစားကွင်းနှင့် ကစားကွင်းဘုံးဝန္တည်းထုတ်လုပ်ရေး)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ တံတားဖြူလမ်း၊ အမှတ (၃၉၈/က)နေ (ဦးကျော်လေး)-ဒေါ်လေးသတို့၏သား၊ (ဦးသန်းအေး)-ဒေါ်သန်းသန်းနွဲ့ တို့၏ သားသမက်၊ ဦးကျော်တင်ဦး-ဒေါ်ခင်နှင်းကျော်သူ၊ ဒေါ်ခင်နှင်းကြီည်ဖြူ(အတက-၂၊ ဒဂုံတောင်)၊ ဦးမိုးကျော်သူ-ဒေါ်ဇာဇာအောင်၊ ဦးသောင်းတိုက်-ဒေါ်ယဉ်မင်းကျော်သူ၊ ဦးစိုင်းအောင်သိုက်-ဒေါ်ဇင်မာလတ်တို့၏ညီ/မောင်၊ မောင်ဖဲ့ဘုန်းမြင့်၊ မောင်အာကာတန်း၊ မနေသဒါလင်တို့၏ဖခင်၊ ဒေါ်ချိုဝေလင်၏ ခင်ပွန်းသည် ၁၅-၄-၂၀၁၃ (တနင်္လာနေ့)နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၃ ရက် မွန်းလွဲ ၁း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒုတိယဗိုလ်မှူးကြီးလှဝင်း(ငြိမ်း)

ကြည်း-၆၁၇၉

ဗိုလ်သင်တန်းအပတ်စဉ်(၆)

ညွှန်ကြားရေးမှူး(ငြိမ်း)၊အိမ်သုံးဆေးဝါး၊အမှတ်(၁)စက်မှုဝန်ကြီးဌာန

အသက်(၈၅)နှစ်

ညောင်တုန်းမြို့၊ စကျော့ရွာနေ (ဦးမောင်နိုင်-ဒေါ်အေးတင်)တို့၏သား၊ (ဒေါ်မြင့်မြင့်ဝင်း)၏ခင်ပွန်း၊ (ဦးလရှိန်-ဒေါ်ရင်လှ)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ မြေအမှတ်(၃၃၁-B)၊ သီလ (၁၁)လမ်းနေ ဦးချစ်သန်းထွဋ်၊ ဦးမြင့်ရှိန်-ဒေါ်ပုလဲ(ခ)ဒေါ်ချောမ၊ ဦးကိုဝင်း-ဒေါ်နွယ်နီခင်၊ ဒေါ်မို့မို့ဝင်း(ခ)မီးငယ်တို့ ဖခင်၊ ကိုမြင့်ဝင်းဟန်(ခ)ကိုနိုင်၊ ကိုသက်ဇော်လှိုင်-မပန်းအိဖြူ၊ ကိုဇင်ဝင်းတိုက်တို့၏အဘိုးသည် ၁၃-၄-၂၀၁၃(စနေနေ့) ည ၁၁း၄၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၁၃(တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးမြင့်ဆွေ

အသက်(၈၀)

လက်ထောက်ညွှန်/မှူး လဝက(ငြိမ်း)

ပျဉ်းမနားမြို့၊ မစိုးရိမ်ရပ်နေ (ဦးဘ-ဒေါ်ကျင်)တို့၏သားကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်း၊ ဘရင့်နောင်လမ်း၊ အမှတ်(၂၂၁)နေ (ဦးအောင်သိန်း-ဒေါ်အေးခင်)တို့၏သားသမက်၊ (ဒေါ်သောင်း)၊ (ဒေါ်သိန်း)၊ (ဒေါ်ကြည်)တို့၏မောင်၊ ဦးတင်လှိုင်(လ. ဝ. က-ငြိမ်း)-(ဒေါ်ခင်ဝင်း)၊ ဒေါ်ခင်မြင့်မြင့် (မြို့နယ်စာရင်းစစ်မှူး-ငြိမ်း)တို့၏အစ်ကို၊ ဦးမိုးမြင့်အောင်(ICRC)-ဒေါ်ခင်စန္ဒာအောင်၊ ဦးဗိုလ်ဗိုလ်(အကောက်ခွန်မှူး)-ဒေါ်ဥမ္မာဆွေ၊ ဦးဇင်သင်းခိုင်-ဒေါ်မြင့်မြင့်ကြည် (ပိတောက်ဝါစတိုး)တို့၏ဖခင်၊ (မဝင်သဥ္စာဗိုလ်)၊ မရွှန်းလဲ့ဗိုလ်ဗိုလ်(U.F.L)၊ မောင်အောင်ဟိန်းဗိုလ်ဗိုလ်(T.T.C) မကြည်စင်ကို (အမက-၁၊ ဗတန်း)တို့၏ အဘိုး၊ ဒေါ်မြမြ၏ချစ်လှစွာသောခင်ပွန်း ဦးမြင့်ဆွေ (လက်ထောက်ညွှန်/မှူး၊ လဝက-ငြိမ်း)သည် ၁၂-၄-၂၀၁၃ရက် ညနေ ၅း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၁၃ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [၁၈-၄-၂၀၁၃ (ကြာသပတေးနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်မြိုမို (၈၃)နှစ်

အငြိမ်းစားကျောင်းဆရာမ

အမက(၂၄)၊ အင်းစိန်

အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အမှတ်(၁၇/က)၊ ကန်လမ်းနေ (ဦးမှိ-ဒေါ်မြခင်)တို့၏ သမီး၊ ဒေါက်တာကျော်ရင်-ဒေါ်အယ်နီတာ၊ ဦးတင်မောင်သန်း-ဒေါ်ယဉ်ယဉ်လှတို့၏ မိခင်၊ မောင်ဗညားကျော်-မနန်းဇေယျာ၊ မအိရတနာကျော်၊ မောင်အောင်မြတ်သန်း-မချောသဥ္စာခိုင်တို့၏ အဘွား၊ မစမြတ်ထွန်း၏ ဘွားဘွားကြီးသည် ၁၅-၄-၂၀၁၃ (တနင်္လာနေ့) နံနက် ၉း၃၈ နာရီတွင် အထက်ပါနေအိမ်၌ ခရစ်တော်တွင် အိပ်ပျော်သွားပါသဖြင့် ၁၆-၄-၂၀၁၃ (အင်္ဂါနေ့) နံနက် ၉ နာရီတွင် အင်းစိန်ရွာမနှစ်ခြင်း ခရစ်ယာန်အသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးဂိုဏ်းပေါင်းစုံ ခရစ်ယာန်သုသာန်၌ ဝသင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်နော်လာဝေး (၇၈)နှစ်

ကျန်းမာရေးဌာန၊ အတက်တန်း သူနာပြု(ငြိမ်း)

(အဝ်ပူ)

ဟင်္သာတမြို့၊ အနောက်တံခွန်တိုင်ရပ်နေ (ဦးဉာဏ်ဇင်-ဒေါ်ကြင်နု)တို့၏ သမီးလတ်၊ (ဦးစောပေါဒို-ဒေါ်နော်အက်စတာ)တို့၏ ညီမ၊ မ/ဒဝုံမြို့နယ်၊ (၄၂)ရပ်ကွက်နေ ဦးမြသောင်း-ဒေါ်ရစ်ချယ်ဉာဏ်(အထပြ-ငြိမ်း)၏ အစ်မ၊ တံခွန်တိုင်ရပ်နေ ကိုစောမဆင်-ဒေါ်မှုဒါလေတို့၏မိခင် ဒေါ်နော်လာဝေးသည် ၁၄-၄-၂၀၁၃ (တနင်္ဂနွေနေ့)ညနေ ၆း၄၅ နာရီတွင် ဟင်္သာတမြို့ ပြည်သူ့ဆေးရုံ၌ ခရစ်တော်တွင် အိပ်ပျော်သွား၍ ၁၆-၄-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ဟင်္သာတမြို့ တံခွန်တိုင် ခရစ်ယာန်သုသာန်၌ မြှုပ်နှံမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများသို့ အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးခင်ဖေ(ဝါးခယ်မ)

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ဝဝ/တောင်၊ (၁၂)ရပ်ကွက်၊ တိုက်(၁)၊ အခန်း(၁၀၄)၊ တတ်လမ်းအိမ်ရာနေ ဒေါ်ကြူကြူ(ခ)ဒေါ်ခင်ကြူနိုင်၏ခင်ပွန်း၊ ဦးဟိန်းလတ်မြင့်(တေးရေး-ဇဝါ)-ဒေါ်မြင့်မြင့်ဝင်း၊ ဦးဆွန်မင်းထွန်း-ဒေါ်လှင်လှင်မော်၊ ဦးမင်းတွင့်အောင်-ဒေါ်ထွေးနင်းအောင်(Sr. Audit Manager, Htoo Group of Companies)၊ ဦးသန်းထက်အောင်-ဒေါ်စောစန္ဒာအောင်တို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၁၄-၄-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၅း၅၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၃ (အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်ချိုင်းဟွန်(မြိတ်)

အသက်(၈၅)နှစ်

မြိတ်မြို့၊ ထားဝယ်စုရပ်၊ ကုန်သည်လမ်း၊ အမှတ်(၆၉)နေ (ဦးအော်ဖောင်-ဒေါ်ငွေဆင်)တို့၏သမီးချွေးမ၊ (ဦးစစ်ရှော်-ဒေါ်ယုံ)တို့၏သမီး၊ ဦးတင်တိုင်၏ ဇနီး၊ ဦးစိုးသိမ်း-ဒေါ်သန်းသန်းယု၊ ဦးကျော်မင်းဆွေ-ဒေါ်နွယ်နွယ်အေးတို့၏မိခင်၊ (ဦးရောင်အင်-ဒေါ်ကြုပ်)၊ (ဦးရွှေစု-ဒေါ်ပိန်)၊ (ဦးယုဟုတ်-ဒေါ်ရှုရှုတ်)၊ (ဦးရွှေနီ-ဒေါ်ဆင်)၊ (ဦးမောင်မောင်-ဒေါ်စိန်တိး)၊ ဦးဝေါ်ဟုတ်-(ဒေါ်ချင်ရှင်)၊ (ဦးယုစိုက်-ဒေါ်ရှုတင်)၊ ဦးချောက်ချက်- ဒေါ်ကြည်တို့၏ညီမ ဒေါ်ချိုင်းဟွန်သည် ၁၃-၄-၂၀၁၃ (စနေနေ့) ည ၉း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကျွန်းတိတ်ဘုံသုသာန်သို့ ပို့ဆောင်ဝသင်းမည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

နော်ထူးဖောနီ

B.A (Eng.Lit) D.S.S; B.L, D.M.A,MARS, D.Min(Thesis)

ဒုညွှန်မှူး(ငြိမ်း)လူမှုဝန်ထမ်းဦးစီးဌာန

အသက်(၈၁)နှစ်

(ဘိုးဦးစောမန်းနီ-ဖီးဒေါ်လေးခင်)တို့၏ ဒုတိယသမီး၊ [နော်အယ်ဖေ (သူနာပြုအုပ်၊ စိတ်ကျန်းမာရေးဆေးရုံ)]၏ညီမ၊ ဦးစောအယ်ဒိုး-(နော်ဝုက်စီကာချာ)၊ (ဦးစောတီးဒို)-ဒေါ်နန့်အေးရှင်၊ နော်မူးခိုဖော်တို့၏အစမ၊ တူ/တူမ ၁၁ ယောက်တို့၏အဒေါ်၊ မြေး ၁၁ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အမှတ်(၃၇)၊ တန်းမြင့်ကျောင်းလမ်းနေ နော်ထူးဖောနီ(ဒု-ညွှန်ကြားရေးမှူး-ငြိမ်း၊ လူမှုဝန်ထမ်းဦးစီးဌာန)သည် ၁၄-၄-၂၀၁၃(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၆-၄-၂၀၁၃(အင်္ဂါနေ့) နံနက် ၈ နာရီတွင် တောင်သူကုန်းကရင်နှစ်ခြင်းအသင်းတော် အင်းစိန်ဗိမာန်တော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်မေလှ

အသက်(၆၇)နှစ်

မြိတ်မြို့နေ (ဦးနိုင်ဒူး-ဒေါ်လက်ချမ်း)တို့၏သမီး၊ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၁၂)လမ်း၊ အမှတ်(၉၁၅/ခ)နေ ဦးစိုးညွန့်၏ဇနီး၊ ဦးဉာဏ်တွန်း-ဒေါ်မူမူလင်၊ ဒေါက်တာသန်းသန်းစိုး၊ ဒေါက်တာလဲ့လဲ့စိုး၊ ကိုဝင်းနိုင်၊ ကိုမင်းနိုင်၊ မငြိမ်းငြိမ်းစိုးတို့၏မိခင်၊ မောင်သရိန်ထွန်း၏အဘွားသည် ၁၄-၄-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၄း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၃(တနင်္လာနေ့)ညနေ ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရတန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေတန် ဒါယိကာမကြီး

ဒေါ်ကျင်နု(တောင်စွန်း)

အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၈)လမ်း၊ အမှတ်-၁၆၉(မြေညီတပ်)နေ (ဦးထီးဝါး-ဒေါ်စိန်ထယ်)တို့၏ စတုတ္ထမြောက်သမီး၊ ဦးစိုက်ဖိန်း(ခ)ဦးငွေးကွယ်၏ ဇနီး၊ ဒေါ်ခင်စုးစုး၊ ဦးသိန်းဦး-ဒေါ်စန်းစန်းနွဲ့(O&S Furnitech, Crown စားပွဲလုပ်ငန်း)၊ ဒေါ်ခင်စန်းရီ(ဟိန်းထက်စတိုး၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ကိုရဲတက်ဦး(သရပါစာကြည်တိုက်)၊ မနှင်းရည်ဦး၊ မောင်ရန်နိုင်ဦးတို့၏ ချစ်လှစွာသောအဘွားသည် ၁၅-၄-၂၀၁၃(တနင်္လာနေ့) နံနက် ၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ညီးစိန်(ထားဝယ်)

အသက်(၈၆)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အမှတ်(၁၅၃)၊ အနောက်လမ်း၊ အနောက်ရပ်နေ (ဦးအဟန်)၏ ဇနီး၊ (ဦးကျင်ခေ-ဒေါ်စိန်)တို့၏ ဒုတိယသမီး၊ (ဦးလှရှိန်)-ဒေါ်သိန်းကြည်၊ ဦးစုမီ-ဒေါ်ယဉ်ယဉ်ချို၊ ဦးတွန်းတန် (ခေတ္တ-U.S.A)၊ ဒေါ်ဖေ့းဝမ်(ခေတ္တ-U.S.A)၊ ဦးမောင်စိန်-ဒေါ်ယဉ်ယဉ်ဝင်း၊ ဦးတွန်းလိုင်-ဒေါ်ချိုချိုလွင်၊ ဒေါ်ယဉ်ယဉ်တေး(ခေတ္တ-U.S.A)၊ဦးတန်းလင်း-ဒေါ်ယဉ်ယဉ်မိုး၏မိခင်၊ မြေး ၁၆ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွား ဒေါ်ညီးစိန်သည် ၁၃-၄-၂၀၁၃ (စနေနေ့) ညနေ ၄း၃၅နာရီတွင် ထားဝယ်မြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကူးတို့သုသာန်သို့ ပို့ဆောင်ဂူသင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရမ် ဒါယိကာမကြီး

ဒေါ်တင်ပို(ထားဝယ်)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ခြံအမှတ်(၂၇)၊ ဝင်ဆာဂါးဒင်း၊ ရှင်စောပုလမ်းနေ (ဦးစုပြည်-ဒေါ်မိနီ)တို့၏သမီး၊ (ဦးစံဘော်-ဒေါ်မမချေ)တို့၏သမီးချွေးမ၊ ဝါရင့်ဆရာကြီး(ဦးစံခင်)၏ ချစ်လှစွာသောဇနီး၊ ဦးဝင်းနိုင်သိန်း(Dagon International Co.,Ltd.)-ဒေါ်ခင်သန္တာဦး(အတက-၁၊ ကမာရွတ်)၊ ဒုတိယဗိုလ်မှူးကြီးခင်ဇော်မိုး(တပ်ရင်းမှူး)-ဒေါ်ဆွေဆွေဦး၊ ဦးသီဟအောင်(TAS Co.,Ltd.)-ဒေါ်ခင်စပါယ်မိုး၊ ဦးခင်ဇော်စံ(PEACE RIVER MEDIA)-ဒေါ်ခင်သက်နှင်းအေးတို့၏ ချစ်လှစွာသောမိခင်၊ မဆွေမြတ်နိုးစံ၊ မရွှေအိမ်လင်း၊ မောင်ရဲရင့်မိုးတို့၏ အဘွားသည် ၁၅-၄-၂၀၁၃(တနင်္လာနေ့) နံနက် ၅း၁၁ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၃(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရတန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

ဒေါ်တင်ပို(ထားဝယ်)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ခြံအမှတ်(၂၇)၊ ဝင်ဆာဝါးဒင်း၊ ရှင်စောပုလမ်းနေ (ဦးစုပြည်-ဒေါ်မိနီ)တို့၏သမီး၊ (ဦးစံဘော်-ဒေါ်မမချေ)တို့၏ သမီးချွေးမ၊ ဝါရင့်ဆရာကြီး(ဦးစံခင်)၏ ချစ်လှစွာသောဇနီး၊ (ဆရာမကြီးဒေါ်စံနု)၊ ဆရာဦးစံမြ (အထက-၁၊ လသာ၊ အထက်တန်းပြ-ငြိမ်း)၊ ဒေါ်စအေး-(ဦးထြင်းအောင်)၊ ဦးစံတင်(အခွန်ဦးစီးမှူး၊ ငြိမ်း)၊ (ဦးကျင်ရှိန်)၊ (ဦးဘသန်း-ဒေါ်တင်လှ)၊ (ဦးတင်ရွှေ)-ဒေါ်အုန်းမေတို့၏ ချစ်လှစွာသောညီမ၊ တူ/တူမ ၁၆ ယောက်တို့၏ အဒေါ်သည် ၁၅-၄-၂၀၁၃ (တနင်္လာနေ့) နံနက် ၅း၁၁ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၃ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမောင်နှမများ

ဒေါ်ဥမ္မာ

အသက်(၅၆)နှစ်

မဝ်လာတောင်ညွှန့်မြို့နယ်၊ အမှတ်(၃၄/၃၆)၊ မဟာသခလမ်း၊ ကျီတော်ရပ်ကွက်နေ (ဦးဖိုးတျား-ဒေါ်အုန်းမြိုင်)တို့၏ သမီးတွေး၊ (ဒေါ်ထင်ကြည်)၊ (ဦးလိုင်မြင့်)-ဒေါ်သန်းမြင့်၊ ဦးတင်မြင့်-ဒေါ်စန်း၊ ဦးတင်သိန်း-ဒေါ်နော်ထွေမှုးဖောတို့၏ ညီမတေး၊ ဦးကြည်မောင်၏ဇနီး၊ မအိသဇာမောင်(Integrated Shipping)၊ [မောင်အေးတကိုမောင်(3rd Engineer, JSM Co.,Ltd)]ထို၏ မေးသမိခင်ထေးဇူးရှင်၊ တူ/တမ တီးယောက်၊ မြေးခနစ်ယောထ်၊ မြစ်ထစ်ယောထ်တို့၏ဘွားဘွားသည် ဝ၄-၄-၂၀၁၃(ထနင်္ဂနွေနေ့) ည ၇နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်ထွန်သွားပါသဖြင့် ၁၅-၄-၂၀၁၃(တနလာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ထွယ်လွန်သူအားရည်စူး၍ ၂၀-၄-၂၀၁၃(စနေနေ့) နံနက် ၇နာရီမှ ၁၂နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ဘုန်)

ဦးဝင်းမောင်(မြိတ်)

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(ဂ/ခ)၊ ဘောက်ထော်ပြည်သာယာလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ (ဦးသက်ရှည်)၊ ဒေါ်သောင်းအေး(မြိတ်အသင်းနာယက)တို့၏သားကြီး၊ ဒေါ်ဦးရီ၏ခင်ပွန်းသည် ၁၃-၄-၂၀၁၃(စနေနေ့) မွန်းလွဲ ၁၂း၁၀ နာရီတွင် ကွယ်လွန်ပါသဖြင့် ၁၅-၄-၂၀၁၃(တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

မြိတ်မြို့နယ်အသင်း(ရန်ဘုန်)

ဒေါ်ချိုင်းဟွန်(မြိတ်)

အသက်(၈၅)နှစ်

မြိတ်မြို့၊ ထားဝယ်စုရပ်၊ ကုန်သည်လမ်း၊ အမှတ်(၆၉)နေ (ဦးစစ်ရှော်-ဒေါ်ယုံ)တို့၏သမီး၊ ဦးဟင်တိုင်(အသင်းဝင်အမှတ်-၄၆၃၊ မြိတ်အသင်းနာယက)၏ ဇနီးသည် ၁၃-၄-၂၀၁၃(စနေနေ့) ည ၉း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၄-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကျွန်းတိတ်ဘုံသုသာန်သို့ ပို့ဆောင်ဝသင်းမည်ဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့

မြန်မာ့ကြေးမုံ ရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သမ္မတအိမ်တော်ပင်း မိသားစုမဟာသင်္ကြန်ရေကစားမဏ္ဍပ်သို့ တက်ရောက်လာကြသူများအား အတာရေဖြင့် ပက်ဖျန်းပေးစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ခင်ခင်ဝင်း သမ္မတအိမ်တော်ဝင်း မိသားစုမဟာသင်္ကြန်ရေကစားမဏ္ဍပ်သို့ တက်ရောက်လာကြသူများအား အတာရေဖြင့် ပက်ဖျန်းပေးစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

နှစ်ကူးချိန်ခါ

- နှစ်ကူးချိန်ခါ၊ သင်္ကြန်မှာ
ရွှေဝါရောင်တင့်၊ ပိတောက်ပွင့်
တင့်တယ်လေ့ ပွင့်တယ်လေး။
- ဥသြငှက်ငယ်၊ ပင်ယံဝယ်
လွမ်းဖွယ်သီကျူး၊ သံသာထူး
ကျူးတယ်လေ့ ထူးတယ်လေး။
- မောင်မယ်စုံလင်၊ ပြုံးပန်းဆင်
ကြည်လင်ရွှင်လန်း၊ ရေဝင်ဖျန်း
လန်းတယ်လေ့ ဖျန်းတယ်လေး။
- ဒါနစုံစွာ၊ အဖြာဖြာ
သူငါပေါင်းစု၊ လှူဒါန်းမှု
စုတယ်လေ့ ပြုတယ်လေး။
- ဘေးမဲ့လွှတ်ကာ၊ သဒ္ဓါဝ
ကြင်နာစိတ်ပွား၊ မေတ္တာထား
ပွားတယ်လေ့ ထားတယ်လေး။
- သီလဘာဝနာ၊ စောင့်ထိန်းကာ
သဒ္ဓါတိုးမြှင့်၊ ပွားများကျင့်
မြှင့်တယ်လေ့ ကျင့်တယ်လေး။
- ယဉ်ကျေးစဉ်လာ၊ ပြည်မြန်မာ
သာယာနှစ်ကူး၊ အလှထူး
ကူးတယ်လေ့ ထူးတယ်လေး။

မင်းယုဝေ

နေပြည်တော် မဟာသင်္ကြန်အကြတ်နေ့ ကြိတ်ကြိတ်တိုးစည်ကား

‘နေပြည်တော်ပရိသတ်တွေက အတော်ကို ယဉ်ကျေးပါတယ်’

သရုပ်ဆောင် ချစ်သုဝေ

နေပြည်တော် ဧပြီ ၁၅

ယနေ့မဟာသင်္ကြန်အကြတ်နေ့ နံနက်အစောပိုင်းမှစတင်ကာ သင်္ကြန်ရေကစားမဏ္ဍပ်များ၌ ဖျော်ဖြေကြမည့် တေးသံရှင်အနုပညာရှင်များ၏ သီဆိုကပြမှုကို စောင့်ကြည့်အားပေးလိုသူပရိသတ်များသည် နေပြည်တော်ဟိုတယ်ဇုန်ရှိရာ ရာဇသင်္ဂဟလမ်းမကြီးပေါ်သို့ တဖွဲဖွဲစရှိရောက်ရှိလာကြသည်ကို တွေ့ရသည်။ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ သင်္ကြန်ရေကစားကြသူများသည် လမ်းမကြီးတစ်လျှောက်ရှိ မဏ္ဍပ်များရှေ့တွင် ကြိတ်ကြိတ်တိုးစည်ကားလျက် လှုပ်ရှားသက်ဝင်ဖြိုးကြွနေကြသည်ကို တွေ့မြင်ရသည်။

မဏ္ဍပ်များဆီမှပျံ့လွင့်နေသည့် သီချင်းသံများနှင့်အပြိုင် မဏ္ဍပ်အောက်မှ စဖွဲ့ကခုန်နေသည့် လူငယ်များ၊ ရေပက်ခံကားများပေါ်မှ ရေပက်ခံထွက်ကစားကြသူများ စည်းချက်ညီညီ ပျော်ရွှင်ဖြိုးထူးစွာကခုန်နေကြသည့် မြင်ကွင်းများက ၁၃၇၄ ခုနှစ် နေပြည်တော်မဟာသင်္ကြန်အကြတ်နေ့၏ နံနက်ခင်းကန့်လန့်ကာကို လှပစွာ ဖွင့်လှစ်လိုက်သကဲ့သို့ ဖြစ်နေသည်ဟု ထင်မြင်ခံစားရစေသည်။

နေပြည်တော်အက်ဖ်စီရေကစားမဏ္ဍပ်တွင် Straight Line တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင်များက သင်္ကြန်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ရာဇသင်္ဂဟလမ်းမကြီးဘေးဝဲယာတစ်လျှောက်၌ ငုရွှေပါပန်းတို့ ရွှေရောင်အဆင်းဝင်းဝင်းပြက်ပြက် လင်းလက်လှစွာ ပွင့်ဖူးနေကြသည်ကို တွေ့ရသည်။

ရွှေသံလွင်ကုမ္ပဏီမိသားစု Sky Net ရေကစားမဏ္ဍပ်ရှေ့တွင် တေးသံရှင်များ၊ ရုပ်ရှင်သရုပ်ဆောင်များက(အပေါ်ပုံ) DM4 တေးဂီတအဖွဲ့နှင့်အတူ တေးသီချင်းများကို သီဆိုဖျော်ဖြေကပြကြရာ လာရောက်ကြည့်ရှုသူများမှာ လမ်းနှစ်ဖက်လုံး ပိတ်လုခမန်း ပြည့်လျှံစည်ကားနေသည်။ နှစ်စဉ်နှစ်တိုင်း ပရိသတ်နှင့် အပေးအယူမျှတစွာ သီဆိုဖျော်ဖြေနိုင်ပြီး နေပြည်တော်သင်္ကြန်ချစ်သူပရိသတ်၏ အသည်းစွဲတေးသံရှင် ဘိုဖြူ ဖျော်ဖြေရန် ကြေညာချိန်တွင် မဏ္ဍပ်အောက်မှ ပရိသတ်များက နာမည်ကို အော်ဟစ်အားပေးကြသည်မှာ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✱

ထွန်းရွှေဝါဆေးတိုက် နှစ်သစ်ကူးမင်္ဂလာဆုတောင်းလွှာ

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သော မြန်မာ့တိုင်းရင်းဆေးဝါးများအား အဆက်ဆက်မှ ဝိုင်းဝန်းပံ့ပိုးကူညီအားပေးခဲ့ကြသော ကျေးဇူးရှင် ဆရာသမားများ၊ မိတ်ဆွေအပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်းကိုယ်စားလှယ်တော်ကြီးများနှင့် သုံးစွဲသူပြည်သူများ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူပြည်သားများအားလုံး မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယမှစ၍ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့်အတူ စီးပွားဥစ္စာများ ဒီရေအလား တိုးတက်ပါစေကြောင်း ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး